# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဇန်နဝါရီ ၁၆ ရက် တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၀ ရက် အင်္ဂါနေ့။ Tuesday, 18 July 2017 (၈၉၈၉)


## လောကစမ္မတာစံကြရာ

အချို့သောသူတို့သည် ဤလူ့ပြည်တွင် အမိဝမ်းတွင်း ပဋိသန္ဓေနေရကုန်၏။ မကောင်းမှုပြုသူတို့သည် ငရဲတွင် ကျရကုန်၏။ ကောင်းသောပညာရှိတို့သည် နတ်ပြည်သို့ ရောက်ရကုန်၏။ အာသဝေါကင်းသော ရဟန္တာပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန် စံရကုန်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၆)

# မြန်မာ- အမေရိကန် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၁၇**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရှေ့အာရှနှင့် ပစိဖိတ်ရေးရာဗျူရို၊ ကိုရီးယားနှင့် ဂျပန်နိုင်ငံဆိုင်ရာ ဒုတိယလက်ထောက်နိုင်ငံခြားရေးဝန်ကြီး သံအမတ်ကြီး မစ္စတာ ဂျိုးဇက်ဝိုင်၊ ယွန်းအား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ- အမေရိကန် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**



# ရွှေဘိုခရိုင်၌ မိုးရွာသွန်းမှုနည်း၍ နွေစပါးရိတ်သိမ်းရာ၌ ကုန်ကျစရိတ်သက်သာ

**ရွှေဘို ဇူလိုင် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်၌ နွေစပါးများနှင့် အခြားသီးနှံများအားလုံး ရိတ်သိမ်းပြီးစီးလုနီးပါးဖြစ်ကာ မိုးရွာသွန်းမှုနည်းပါးနေမှုကြောင့် စပါးရိတ်သိမ်းမှုကုန်ကျစရိတ်များသက်သာပြီး စပါးဈေးကောင်းရရှိနေ၍ တောင်သူများ စီးပွားရေးအဆင်ပြေကာ ပျော်ရွှင်နေကြကြောင်း သိရသည်။

ရွှေဘိုဒေသသည် သဖန်းဆိပ်ဆည်ရေဖြင့် ယခုနှစ်၌ နွေစပါးဧက ၂၃၄၀၀၀ နှင့် အခြားသီးနှံများဖြစ်ကြသည့် နှမ်းနှင့် ပဲတီစိမ်းဧက ၁၃၉၀၀၀ ကျော် စုစုပေါင်းလယ်မြေဧက ၃၇၃၀၀၀ ကျော်ကို စိုက်ပျိုးခဲ့ပြီး ယခုအချိန်တွင် အားလုံးရိတ်သိမ်းပြီးစီးလုနီးပါး ဖြစ်နေသည်။

"ကျွန်တော် နွေရာသီမှာ သဖန်းဆိပ်ဆည်ရေနဲ့ ပဲတီစိမ်း ငါးဧကလောက် စိုက်ပါတယ်။ ပဲတီစိမ်းထွက်နှုန်းကတော့ တစ်ဧကမှာ တင်း ၂၀ ကျော် ထွက်ရှိပါတယ်။ တစ်ဧကကုန်ကျစရိတ်ကတော့ ငွေကျပ် သုံးသိန်းဝန်းကျင်ဖြစ်ပြီး ပဲတီစိမ်းတစ်တင်း ရောင်းဈေးကတော့ ငွေကျပ် သုံးသောင်းကျော် ဖြစ်ပါတယ်။ ဒါကြောင့် တစ်ဧကမှာ သုံးသိန်းကျော် အမြတ်ထွက်ပြီး ကျွန်တော့်မှာ ငါးဧကစိုက်ပျိုးတဲ့အတွက် ငွေကျပ် ၁၅ သိန်းကျော်လောက် အကျိုးအမြတ်ရရှိပါတယ်။ နွေရာသီမှာ ဝင်ငွေရရှိတဲ့အတွက် တောင်သူအများစုဟာ စီးပွားရေး အဆင်ပြေနေကြပါတယ်။

**စာမျက်နှာ ၃ ကော်လံ ၂ သို့**



## ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ရေသယံဇာတနှင့် ဘေးအန္တရာယ်များဆိုင်ရာ တတိယအကြိမ် ကုလသမဂ္ဂ အထူးအစည်းအဝေးတက်ရောက်ရန် ထွက်ခွာ

စာမျက်နှာ - ၈

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က သိမ်းဆည်းခံလယ်ယာမြေ တောင်သူများ တောင်းဆိုချက်နှစ်ချက်အနက် တစ်ချက်ကို လိုက်လျောပေးခဲ့

စာမျက်နှာ - ၉

## တစ်သက်မမေ့မရနိုင်တဲ့ ဇူလိုင်လ ၁၉ ရက်နေ့

နှစ် (၇၀)ပြည့် အာဇာနည်နေ့ဂုဏ်ပြုဆောင်းပါး

စာမျက်နှာ - ၆




ကြေးမုံ

# ကိုယ်စိတ်နှစ်ပါးချမ်းသာအောင် ကြိုးပမ်း

မြန်မာနိုင်ငံ၏ နေ့ထူးနေ့မြတ်များတွင် အာဇာနည်နေ့လည်းပါဝင်ရာ မနက်ဖြန်ဆိုလျှင် နှစ်ပေါင်း (၇၀)ပြည့်တော့မည်ဖြစ်သည်။ အာဇာနည်နေ့မှာ နှစ်ပေါင်း(၇၀)ပြည့်မည်ဖြစ်သော်လည်း လူတိုင်းလူတိုင်း မေ့မရ သတိတရရှိနေကြသည်။ ယနေ့အသက် (၇၀)ဝန်းကျင်နှင့်အောက်ပြည်သူများ အားလုံးမှာ အာဇာနည်နေ့တည်းဟူသော သမိုင်းဝင်နေ့ကြီး တစ်နေ့ကို သိမီလိုက်ကြခြင်းမရှိသော်လည်း ၎င်းတို့၏နှလုံးသားများနှင့် အတွေးများတွင် ယနေ့ထက်တိုင် ဖျောက်ဖျက်၍မရခြင်းမှာ အာဇာနည်ဟူသော ထူးခြားသည့်ဂုဏ်ပုဒ်များ တစ်မူထူးခြားရှိနေသောကြောင့်ဖြစ်သည်။

အာဇာနည်ဆိုသည်မှာ အများသူငါထက် သာလွန်ထူးကဲသော ဂုဏ်အရည်အချင်းများနှင့်ပြည့်စုံပြီး အများအကျိုးအတွက် စွန့်လွှတ်အနစ်နာခံသည့် ယုံကြည်ချက်နှင့် အသက်ကို ပဓာနမထားဘဲ လုပ်ရဲကိုင်ရဲသော ပုဂ္ဂိုလ်များကို ဆိုလိုသည်။ တစ်နည်းဆိုလျှင် မိမိကိုယ်ကျိုးကို စွန့်လွှတ်ပြီး အများကောင်းကျိုးအတွက် စွန့်စားလုပ်ကိုင်နေသူတို့ကို ဆိုလိုသည်။ အခြားတစ်နည်းမှာ မိမိလုံ့လ ပယောဂကြောင့် လူအများကိုယ်စိတ်နှစ်ပါးချမ်းသာမည်ဆိုလျှင် အာဇာနည်ဟူသော ဂုဏ်ဒြပ်နှင့် ညီပါပေသည်။ အာဇာနည်တွင် လူအာဇာနည်တို့ပေါ်ထွန်းခဲ့လျှင် ထိုအာဇာနည်တို့ပေါ်ထွန်းရာ အရပ်ဒေသများရှိ လူအများ ကိုယ်စိတ်နှစ်ပါးချမ်းသာမှုကို ရစေနိုင်သည်ဟုလည်း မြတ်ဗုဒ္ဓ၏အဆုံးအမတွင် ရှိသည်။

ယနေ့မြန်မာပြည်တွင် ယောကျ်ားအာဇာနည်တို့ ပေါ်ထွန်းခဲ့ပါသည်။ အာဇာနည်ခေါင်းဆောင်ကြီးများ ထိုသို့ပေါ်ထွန်းခဲ့သော်လည်း မြန်မာပြည်သူ ပြည်သားများ ကိုယ်စိတ်နှစ်ပါး ချမ်းသာမှုကိုရပါ၏လားဟု မေးစရာရှိမည်။ ယခုအာဇာနည်ဟု ဆိုလိုရင်းမှာမူ သက်ရှိထင်ရှားအာဇာနည်များပေါ်ထွန်းနေသည့် နိုင်ငံဒေသရှိ ပြည်သူ ပြည်သားများ ကိုယ်စိတ်နှစ်ပါးချမ်းသာကြမည်ဟု ဆိုလိုရင်းဖြစ်သည်။ မြန်မာပြည်မှ အာဇာနည်များမှာမူ မသမာသူတို့လုပ်ကြံမှုကြောင့် ပန်းတိုင်မရောက်မီ တက်ကျိုးခဲ့ရသည်။ လူ့ဘဝမှ ကွယ်ပျောက်သွားခဲ့ရသည်။

အကယ်၍သာ အာဇာနည်ခေါင်းဆောင်ကြီးများ မကျဆုံးခဲ့ပါက မြန်မာပြည်ရှိ မျက်မှောက်ကာလပြည်သူ ပြည်သားများ ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်း ဖြစ်နေလောက်ပြီ။ သို့သော် မြန်မာပြည်သူ ပြည်သားများ ကိုယ်စိတ်နှစ်ပါးချမ်းသာမှုကိုပေးစွမ်းနိုင်အောင် ကိုယ်ကျိုးမဖက် လုံ့လစိုက်ထုတ် ကြိုးပမ်းအားထုတ်ကြသည့် အာဇာနည်သူရဲကောင်းကြီးများမှာ အချိန်မတိုင်မီကွယ်ပျောက်ခဲ့ရသောကြောင့် ပြည်သူပြည်သားများ၏ မျှော်လင့်ချက်နှင့် ဝေးကွာသွားခဲ့ရသည်မှာ တိုင်းပြည်၏ကံကြမ္မာဟု ဆိုချင်သည်။

မြန်မာ့လွတ်လပ်ရေးကို အသက်စတေး၍ ပေးဆပ်ခဲ့သော မြန်မာ့သားကောင်းရတနာ အာဇာနည်ဗိုလ်ချုပ်အောင်ဆန်းအဖြစ် မြန်မာ့နိုင်ငံရေး၊ ကမ္ဘာ့နိုင်ငံရေးလောကတွင်သာမက ရာသီစန်းလာဂ်ဖြိုဟ်ခွင်တွင်လည်း မှတ်တမ်းများအဖြစ် ကျန်ရစ်နေသည့် သက်သေအထောက်အထားများရှိသည်။ အကယ်၍သာ အသင်ဗိုလ်ချုပ်အောင်ဆန်း မြန်မာပြည်ကြီးလွတ်လပ်ရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်ပေးပြီး နှစ်ပေါင်းအတန်ကြာရှိခဲ့ပါမူ မြန်မာ့နိုင်ငံရေးအခြေအနေမှာ ပိုမိုကောင်းမွန်လျက် တိုင်းပြည်လည်းငြိမ်းချမ်းနိုင်လောက်ပြီဟု ပြည်သူအများက ယုံကြည်လက်ခံထားကြပေလိမ့်မည်။

အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည်မှာ နှစ်ပေါင်း (၇၀) ပြည့်လုပြီ။ အာဇာနည်ဟူသော ဂုဏ်ထူးဝိသေသများနှင့်ပြည့်စုံသည့် အမျိုးသားခေါင်းဆောင်ကြီးများအား ပြည်သူ ပြည်သားများက ယနေ့ထက်တိုင်အောင် မမေ့နိုင်ကြသေးသည်မှာ ၎င်းတို့၏ထူးခြားပြောင်မြောက်သော စွမ်းဆောင်မှုများကြောင့် ဖြစ်သည်။ အာဇာနည်ခေါင်းဆောင်ကြီးများ မရှိတော့၍ ပြည်သူများအနေဖြင့် ကိုယ်စိတ်နှလုံးမချမ်းသာခြင်းအဖြစ်သို့လည်း မရောက်သင့်ချေ။ အာဇာနည်ခေါင်းဆောင်ကြီးများ မရှိတော့သော်လည်း အပြုအမူစိတ်ထားများ၊ လုပ်ရည်ကိုင်ရည်များ၊ စွမ်းဆောင်မှုများ၊ အမှာစကားများကို လက်ရှိပြည်သူများနှင့် အနာဂတ်ပြည်သူများက လိုက်နာကျင့်ကြံ အားထုတ်ကြမည်ဆိုလျှင် ပြည်သူပြည်သားများအားလုံး ကိုယ်စိတ်နှလုံးချမ်းသာခြင်းအဖြစ်သို့ ဧကန်မုချရရှိနိုင်မည်ဖြစ်ပါသတည်း။ ။

# စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများသို့ အသေးစားအရင်းအနှီးချေးငွေနှင့် လယ်ယာသုံးစက်ကိရိယာများပေးအပ်

**မကွေး ဇူလိုင် ၁၇**

မကွေးတိုင်းဒေသကြီး စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများသို့ အသေးစားအရင်းအနှီး ချေးငွေနှင့် လယ်ယာသုံးစက်ကိရိယာများပေးအပ်ပွဲကို ဇူလိုင် ၁၅ ရက် နံနက်ပိုင်းက မကွေးမြို့တော်ခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုတို့ တက်ရောက်အမှာစကားပြောကြားကာ မကွေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်များအလိုက် သမဝါယမအသင်းများအား အသေးစားအရင်းအနှီးချေးငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။



မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ကိုဆူကျေးရွာ ရွှေအိုးစည် စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းမှ အသင်းသား ဦးစံကျော်ဝင်းက "သမဝါယမ အရစ်ကျစနစ်နဲ့ သိန်း ၁၆၀ တန် ထွန်စက် တစ်စီးကို (၉-၆-၂၀၁၅)ရက်က ဝယ်ယူခဲ့ပါတယ်။ စစချင်းမှာတော့ ၂၀ ရာခိုင်နှုန်းဖြစ်တဲ့ ငွေ ၃၂ သိန်းကို ပေးချေခဲ့ရပြီး ယခုဆို လေးရစ်အတွက် ၈၉ သိန်းကို ပေးဆပ်ခဲ့ပြီးဖြစ်ပါတယ်။ ပေးဆပ်ရန် ခြောက်လတစ်ကြိမ် နှစ်ရစ် တစ်နှစ်စာအတွက် ၃၉ သိန်းသာ ကျန်ရှိပါတော့တယ်။ ကျွန်တော့်မှာ ယာ ၂၅ ဧကရှိပြီး အရစ်ကျဝယ်ယူထားတဲ့ ထွန်စက်နဲ့ ကိုယ်တိုင်စိုက်ပျိုးထွန်ယက်ပြီး အခြားသူတွေရဲ့ လယ်ယာတွေကိုလည်း အငှားလိုက်ပါတယ်။ အဲ့ဒီလို အငှားလိုက်တဲ့အခါမှာတော့ တစ်ရက်ကို အသားတင်ဝင်ငွေကျပ် ၂၆၀၀၀ လောက်ရလို့ တစ်လဆိုရင် စက်ကြွံခိုင်မှုစစ်ဆေးဖို့ ငါးရက်နားပြီး အသားတင် ဝင်ငွေကျပ် ၆၅၀၀၀၀ လောက်ရပါတယ်။ တစ်နှစ်ဆိုရင် နှစ်လနားရက်နုတ်ပြီး အသားတင်ဝင်ငွေကျပ် ၆၅ သိန်းရတဲ့အတွက် အရစ်ကျဝယ်ယူထားတဲ့ စက်ကို ဝန်ဆောင်မှုလုပ်လို့ရတဲ့ ဝင်ငွေနဲ့တင် ပေးဆပ်နိုင်ပါတယ်"ဟု ပြောသည်။

အဆိုပါ အခမ်းအနားတွင် မကွေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ငါးခရိုင် မြို့နယ်ပေါင်း ၂၅ မြို့နယ်၊ အခြေခံသမဝါယမ အသင်းပေါင်း ၄၈၈၇ သင်း၊ အသင်းသားဦးရေ ၃၆၈၉၂၆ ဦးသို့ အသေးစားအရင်းအနှီးချေးငွေ ကျပ် ၆၉၉၄၇ ဒသမ ၂၄၁ သန်း၊ လယ်ယာမြေအဆင့်မြှင့်ချေးငွေ ကျပ် ၁၆၇၂ သန်း၊ လယ်ယာသုံးစက်ကိရိယာ ၁၄၅ အတွက် ပံ့ပိုးချေးငွေ ကျပ် ၂၁၄၂ ဒသမ ၁၃၄ သန်း စုစုပေါင်း ကျပ် ၇၃၇၆၁. ၃၇၅ သန်းကို ပံ့ပိုးပေးနိုင်ခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# ပုသိမ်ခရိုင်၌ မွေးမြူရေးလုပ်သား မွမ်းမံသင်တန်း ဖွင့်လှစ်

**ပုသိမ် ဇူလိုင် ၁၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကြီးမှူး၍ ပုသိမ်ဒေသတွင် မွေးမြူရေးကဏ္ဍ အသိပညာဖွံ့ဖြိုး တိုးတက်လာစေရန်၊ အသား၊ နို့၊ ဥစားသုံးမှုမြင့်တက်လာစေရန်နှင့် အသားထုတ်လုပ်မှုတိုးတက်လာစေရန် ရည်ရွယ်ဖွင့်လှစ်သည့် မွေးမြူရေးလုပ်သား(CAHW)မွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၁၇)သင်တန်း ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ပုသိမ်ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ခေတ္တခရိုင်ဦးစီးမှူး ဒေါက်တာဇာမဲဖီရမ်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် ဒေသကြက်၊ ဝက်၊ နွားမွေးမြူရေးနည်းစနစ် အတတ်ပညာများ သိရှိလာစေရန်အတွက် နို့စားနွားမွေးမြူရေး၊ ဒေသကြက်၊ ဝက်၊ နွားမွေးမြူရေးနည်းစနစ်များ၊ ဥစားဘဲမွေးမြူရေး၊ ဝက်စာနှင့် အာဟာရအကြောင်း သိကောင်းစရာများ၊ ဒေသတွင်း အဖြစ်များလေ့ရှိသော ရောဂါများအကြောင်း သိကောင်းစရာများကို ခေတ္တခရိုင်ဦးစီးမှူး ဒေါက်တာဇာမဲဖီရမ်နှင့် ဒေါက်တာအောင်သူဟိန်း၊ ဒေါက်တာတင်ဦးလှိုင်၊ ဦးနန်ဟီဆင်တို့က ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ ပုသိမ်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၀ အုပ်စုမှ သင်တန်းသား သင်တန်းသူ ၁၀ ဦး တက်ရောက်မည်ဖြစ်ပြီး သင်တန်းကာလမှာ ဇူလိုင် ၁၇ ရက်မှ ၁၈ ရက်အထိ နှစ်ရက် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇူလိုင် ၁၇**

ရန်ကုန်(ရွှေဈေး) ၈၉၅၀၀၀ - ၈၉၅၀၀၀    မန္တလေး(ရွှေဈေး) ၈၉၅၀၀၀ - ၈၉၅၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၅၀/၆၇၀ ကျပ်၊ | ၆၅၀/၆၈၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၀၀/၇၂၀ ကျပ်၊ | ၇၅၀/၈၀၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၅၅/၆၇၃ ကျပ်၊ | ၆၈၀/၇၂၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၇၀/၆၉၀ ကျပ်၊ | ၆၇၀/၇၀၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၈၅/၅၉၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၀၀/၆၁၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၅၇၀/၅၈၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၆. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၅၆၆. ၁ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၁. ၆၀ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၀. ၅၁၀ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၁၈. ၅၆ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၂၀၃ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၁၃. ၇ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၁. ၁၄ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၆၈. ၇ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၉၇. ၃၄ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**


ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## အမြင်ကျယ်ကျယ်၊ အမြော်အမြင်ကြီးကြီးထား

တိုင်းပြည်တစ်ပြည်ထူထောင်တာဟာ ဘယ်လောက်ခက်ခဲတယ်၊ အတက်အကျ လောကဓံအမျိုးမျိုးကို တွေ့ရတယ်ဆိုတာ ကမ္ဘာ့ရာဇဝင်သိတဲ့လူတိုင်းတော့ ဆင်ခြင်နိုင်ကြမှာပဲ။ ဒါကြောင့် အမြင်ကျယ်ကျယ်၊ အမြော်အမြင်ကြီးကြီးနဲ့ စိတ်မပျက် လက်မပျက်ဘဲ ရသမျှအခွင့်အရေးကို ရတုန်း မိမိရရ ယူကြရလိမ့်မယ်။ ဒါမှသာ ကျုပ်တို့ မြန်မာပြည်ကြီး ကျုပ်တို့ ချစ်ရာရောက်မယ်။ ကျုပ်တို့ မြန်မာပြည် ထူထောင်နိုင်မယ်။

(ဗိုလ်ချုပ်အောင်ဆန်း ၁၉၄၄ ခုနှစ် နိုဝင်ဘာလအတွင်း တိုင်းပြည်သို့ အသံလွှင့်ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)



# အမေရိကန်-မြန်မာ စစ်ဘက်ဆက်ဆံရေး ပိုမိုမြှင့်တင်ရေး ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၁၇**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရှေ့အာရှနှင့် ပစိဖိတ်ရေးရာ ဗျူရို၊ ကိုရီးယားနှင့် ဂျပန်နိုင်ငံဆိုင်ရာ ဒုတိယလက်ထောက်နိုင်ငံခြားရေးဝန်ကြီး သံအမတ်ကြီး မစ္စတာ ဂျိုးဇက်ဝိုင်၊ ယွန်းအား ယနေ့မွန်းလွဲ ၂ နာရီတွင် ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



တွေ့ဆုံစဉ် ဧည့်သည်တော်ဝန်ကြီးနှင့် အဖွဲ့ဝင်များက ကိုရီးယားကျွန်းဆွယ်အရေး၊ အာရှပစိဖိတ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ကြွယ်ဝချမ်းသာရေး၊ အမေရိကန်-မြန်မာ စစ်ဘက်ဆက်ဆံရေး ပိုမိုမြှင့်တင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကိုရီးယားကျွန်းဆွယ်အား နျူကလီးယားကင်းမဲ့ဇုန် ဖြစ်စေလိုကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း လက်နက်ကိုင်ပဋိပက္ခများရှိနေ၍ လက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းရေးနှင့် ငြိမ်းချမ်းရေးအတွက် လုပ်ဆောင်နေကြောင်း၊ ကမ္ဘာ့နိုင်ငံများ၏ တပ်မတော်များနှင့်လည်း ချစ်ကြည်ရင်းနှီးလိုပါကြောင်း ပြန်လည်ဆွေးနွေးသည်။

**(သတင်းစဉ်)**

## လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး

အမိန့်အမှတ်၊ ၁၈/၂၀၁၇

၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်
(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်)

**လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ရခိုင်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ထိန်လင်းကို စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(က)၊ပုဒ်မခွဲ ငယ် (၂)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(င)နှင့် ပုဒ်မခွဲ(စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ(ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ(ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(စ)နှင့် ပုဒ်မခွဲ(ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ(က)တို့ပါ ပြဋ္ဌာန်းချက်များအရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်မှူးကြီး ဖုန်းတင့် ကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့တွင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန(သတ္တုရေးရာ) ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၇**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (သတ္တုရေးရာ)၏ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ၎င်းဝန်ကြီးရုံး သီရိရတနာခန်းမ၌ ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းတက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ယနေ့အခမ်းအနားသည် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် အခြေခံပညာအထက်တန်းစာမေးပွဲကို ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန(သတ္တုရေးရာ)မှ ဝန်ထမ်းများ၏ သားသမီးများအား ဂုဏ်ပြုချီးမြှင့်သည့်ပွဲဖြစ်သလို ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ ဆက်လက်ပညာသင်ကြားနေကြသည့် ဝန်ထမ်းများ၏ သားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်သည့် ပွဲလည်းဖြစ်ပါကြောင်း၊ ယနေ့ကမ္ဘာကြီးသည် (၂၁) ရာစုကာလ၏ ပညာခေတ်ကို ဦးတည်လျှောက်လှမ်းနေသည့် အချိန်အခါဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံးရှိ ကျောင်းနေအရွယ်ကလေးငယ်တိုင်း ပညာသင်ယူခွင့်ရရှိနိုင်ရေး ရည်မှန်းချက်ထား ဆောင်ရွက်နေချိန်ဖြစ်ပါကြောင်း၊ အခြေခံပညာမူလတန်းပညာရေးကို မူလတန်းအရွယ်တိုင်း အခမဲ့သင်ယူခွင့်ရရှိရေးနှင့် ပညာသင်ယူပြီးစီးမှုကိုလည်း ဦးစားပေးဆောင်ရွက်လျက် ရှိပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူမှုရပ်တန့်ခဲ့ရသော ကလေးငယ်များအား သင့်လျော်သည့် ပညာသင်ယူခွင့် ပြန်လည်ရရှိစေရေး စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ ပညာရေးကဏ္ဍ တိုးတက်မြင့်မားစေရေးအတွက် ဝန်ထမ်းများ၏ သားသမီးများကို ပညာရည်ချွန်ဆုများချီးမြှင့်ခြင်း၊ ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ခြင်း၊ ကျောင်းဝတ်စုံများ ထောက်ပံ့ပေးခြင်းတို့ကို နှစ်စဉ် ဆောင်ရွက်ပေးနေပါကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့ မိဘများနှင့် ဝန်ကြီးဌာနအပေါ် တာဝန်ကျေသည့် ထူးချွန်သည့် ကျောင်းသား ကျောင်းသူများဖြစ်အောင် စာပေသင်ကြားမှုကို ကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် အခမ်းအနားကို အစီအစဉ်အတိုင်း ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ခြောက်ဘာသာဂုဏ်ထူးရှင်အား ပညာရည်ချွန်ဆုနှင့် ဂုဏ်ပြုလက်မှတ်ကို ပေးအပ်ချီးမြှင့်ပြီး အမြဲတမ်းအတွင်းဝန်(သတ္တုရေးရာ)က ငါးဘာသာဂုဏ်ထူးရှင်အား လည်းကောင်း၊ သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လေးဘာသာဂုဏ်ထူးရှင် သုံးဦးအားလည်းကောင်း၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လေးဘာသာဂုဏ်ထူးရှင်နှစ်ဦးအား လည်းကောင်း၊ ကျန်ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက လည်းကောင်း ဆုများအသီးသီးပေးအပ်ချီးမြှင့်ပြီး ဂုဏ်ထူးရသူများကိုယ်စား ခြောက်ဘာသာ ဂုဏ်ထူးရှင်ကျောင်းသူက ကျေးဇူးတင်စကားပြောကြားသည်။

**(သတင်းစဉ်)**



## အခွန်ဆိုင်ရာဥပဒေရေးရာကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၁၇**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (International Monetary Fund – IMF) မှ Policy and Legal Advisor Mr. Michael Oomen ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အမှတ်(I-1)၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် အခွန်ဆိုင်ရာဥပဒေရေးရာကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

❂ ရွှေဖုံးမှ

လာမယ့်နွေရာသီမှာလည်း ယခုနှစ်လို သဖန်းဆိပ်ဆည်ရေပေးဝေစေချင်ပါတယ်”ဟု ခင်ဦးမြို့နယ် မရမ်းအင်းကျေးရွာမှ တောင်သူဦးကျော်မြင့်က ပြောသည်။

“ဒီနှစ် နွေစပါးစိုက်ပျိုးရတာ အလွန်အဆင်ပြေလှပါတယ်။ ကျွန်တော်တို့မြို့နယ်ဆိုရင် နွေစပါးတွေရိတ်သိမ်းမှုမှာ အားလုံးနီးပါး ရိတ်သိမ်းပြီးစီးလုဖြစ်နေပါတယ်။ ရိတ်သိမ်းခြွေလှေ့စက် (Combine) တွေ ပေါများနေတဲ့အတွက်ကြောင့်ရယ်၊ မိုးရွာသွန်းမှုနည်းပါးလို့ စပါးသယ်ယူယာဉ်တွေ လယ်ကွက်ထဲအရောက်ဝင်ရောက်နိုင်တဲ့အတွက်ကြောင့်ရယ်၊ စပါးရိတ်သိမ်းမှု ကုန်ကျစရိတ်သက်သာပြီး စပါးအမျိုးအစားနဲ့ အရည်အသွေး အလိုက် စပါးဈေးတင်းတစ်ရာမှာ ကျပ်ငါးသိန်းဝန်းကျင်နဲ့ အရောင်းအဝယ်ဖြစ်နေပြီး စပါးထွက်နှုန်းကောင်းနေတဲ့အတွက်ကြောင့် ကျွန်တော် အပါအဝင် တောင်သူတွေ စိတ်ချမ်းသာ ဝမ်းသာနေကြပါတယ်” ဟု ဒေသခံတောင်သူဖြစ်သူ ကန်သစ်ကျေးရွာမှ ဦးမျိုးလင်းက ပြောသည်။

**(ရောင်နီတင်ဝင်း)**

■

ကြေးမုံ
ဇူလိုင် ၁၈၊ ၂၀၁၇

## စစ်ဘက်ဆိုင်ရာ ဆွေးနွေးမှုများပြုလုပ်ရန် မြောက်ကိုရီးယားနိုင်ငံအား တောင်ကိုရီးယားအဆိုပြု

**ဆိုးလ် ဇူလိုင် ၁၇**
မြောက်ကိုရီးယားနှင့်စစ်ဘက်ဆိုင်ရာ ဆွေးနွေးမှုများပြုလုပ်ရေးအတွက် တောင်ကိုရီးယား အစိုးရအဖွဲ့က ဇူလိုင် ၁၇ ရက်တွင် အဆိုပြုလိုက်သည်။ တောင်ကိုရီးယားနိုင်ငံတွင် သမ္မတမွန်းဂျေအင်း အာဏာရရှိခဲ့ပြီးနောက် တောင်နှင့်မြောက်ကိုရီးယားနှစ်နိုင်ငံ စစ်မဲ့ဇုန်**(အောက်ပုံ)**အနီး ရန်မူသည့်လှုပ်ရှားမှုများ ရှောင်ရှားနိုင်ရေးအတွက် ဆွေးနွေးကြရန် တောင်ကိုရီးယားက ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

တောင်ကိုရီးယားသမ္မတ၏ အဆိုပြုချက်အပေါ် မြောက်ကိုရီးယားနိုင်ငံက လတ်တလောတွင် တုံ့ပြန်ပြောကြားခြင်းမရှိပေ။ တောင်ကိုရီးယားနိုင်ငံ၌ ယခုနှစ် မေလက သမ္မတသစ်အဖြစ် ရွေးကောက်တင်မြှောက်ခံခဲ့ရသည့် မွန်းဂျေအင်းသည် မြောက်ကိုရီးယားနှင့် တွေ့ဆုံဆွေးနွေးမှုပြုလုပ်ရေး ကြိုးပမ်းမည်ဟု ကတိပြုခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံက ၎င်း၏ ပထမဆုံးသော တိုက်ချင်းပစ်ပဲ့ထိန်းဒုံးကျည် (အိုင်စီဘီအမ်) ပစ်ခတ်စမ်းသပ်မှုကို ပြုလုပ်ခဲ့ပြီးနောက် တောင်ကိုရီးယား၏ ကမ်းလှမ်းချက်ပေါ်ထွက်လာခြင်းဖြစ်သည်။ ယခုလအစောပိုင်းက ယင်းဒုံးကျည်ပစ်ခတ်စမ်းသပ်မှုနှင့်အတူ မြောက်ကိုရီးယားနိုင်ငံက အမေရိကန်ပြည်ထောင်စုနှင့် ၎င်း၏မဟာမိတ်များဖြစ်သည့် တောင်ကိုရီးယားအပါအဝင်နိုင်ငံများကို အဏုမြူထိပ်ဖူးတပ်လက်နက်များဖြင့် တပ်ဆင်ပစ်ခတ်ချေမှုန်းနိုင်ကြောင်း ပြောကြားခဲ့သည်။ **ရိုက်တာ။**



## အိုင်အက်စ်ခေါင်းဆောင် ဘာဂ်ဒါဒီအသက်ရှင်နေဆဲဟုယူဆရ ကာဒစ္စတန် ထိပ်တန်းလုံခြုံရေး တာဝန်ရှိသူ ပြောကြား

**ဆူလေမာနီဟာ(အီရတ်) ဇူလိုင် ၁၇**
အစ္စလာမ္မစ်နိုင်ငံတော်ထူထောင်ရေးအဖွဲ့(အိုင်အက်စ်)မှ ထိပ်တန်းခေါင်းဆောင် အဘူဘာကာအယ်လ် ဘာဂ်ဒါဒီသည် ဆီးရီးယားနိုင်ငံ ရက်ကာမြို့တောင်ပိုင်း၌ ရှိနေဖွယ်ဖြစ်ကြောင်း၊ ၎င်းသေဆုံးပြီဟူသော သတင်းများပေါ်ထွက်လာခဲ့ပြီးနောက် ကာဒစ္စတန်အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ထိပ်တန်းလုံခြုံရေးအရာရှိ လာဟာတာလာဘာနီက ပြောကြားသည်။

အစ္စလာမ္မစ်နိုင်ငံတော်ထူထောင်ရေးအဖွဲ့ (အိုင်အက်စ်)ခေါင်းဆောင် ဘာဂ်ဒါဒီသည် အသက်သေဆုံးခြင်းမရှိကြောင်း၊ မိမိတို့ရရှိသည့် သတင်းအချက်အလက်များအရ ၎င်းအသက်ရှင်နေဆဲဖြစ်သည်ဟု ၉၉ ရာခိုင်နှုန်း ယုံကြည်ရကြောင်း တာလာဘာနီက ရိုက်တာသတင်းနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားသည်။

အီရတ်လုံခြုံရေးတပ်ဖွဲ့များသည် အိုင်အက်စ်တို့ သုံးနှစ်ကြာမျှအုပ်စိုးခဲ့သော မိုဆူးလ်မြို့ကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့သဖြင့် အီရတ်ရှိ အိုင်အက်စ်အဖွဲ့မှာ ၎င်းတို့၏ ခြေကုပ်စခန်းများကို ဆက်လက်သိမ်းပိုက်ထားရန် အင်အားချည့်နဲ့သွားပြီဖြစ်ကြောင်း၊ အီရတ်နိုင်ငံ မိုဆူးလ်မြို့နှင့်ဆီးရီးယားနိုင်ငံ ရက်ကာမြို့တို့ရှိ အိုင်အက်စ်ခြေကုပ်စခန်းများကို လုံခြုံရေးတပ်ဖွဲ့များက စစ်ရေးအရ ဖိအားပေးလျက်ရှိကြောင်း သတင်းတွင်ဖော်ပြသည်။ **ဆင်ဟွာ။**

## အမေရိကန်အနောက်ပိုင်းရှိ သဘာဝရေအိုင်၌ ရုတ်တရက်ရေလွှမ်းမိုး၊ လူရှစ်ဦးခန့်သေဆုံး

**လော့စ်အိန်ဂျလိစ် ဇူလိုင် ၁၇**
အမေရိကန်ပြည်ထောင်စုအနောက်ပိုင်းရှိ အရီဇိုးနားပြည်နယ် ပေဆင်မြို့မြောက်ဘက်ရှိ သဘာဝရေအိုင်၌ ရုတ်တရက် ရေကြီးရေလျှံမှုဖြစ်ပွားရာ လူရှစ်ဦးထက်သေဆုံးရကြောင်း၊ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သဘာဝရေအိုင်ကြီးတွင် ရုတ်တရက်ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ဇူလိုင် ၁၅ ရက် ညနေပိုင်းတွင် သေဆုံးသူ ရှစ်ဦးခန့်ရှိကြောင်း သိရသည်။ နှစ်ဦးပျောက်ဆုံးလျက်ရှိပြီး ၎င်းတို့မှာ သေဆုံးသွားပြီးဟု ယူဆရကြောင်း Paysonroundup. com အွန်လိုင်းသတင်းတွင်ဖော်ပြထားသည်။

လူ ၁၄ ဦးရေကူးနေချိန်တွင် ရုတ်တရက်ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ပြီး ရေစီးအတွင်း မျောပါသွားခဲ့ကြောင်း၊ ရေကူးနေသူများတွင် လူကြီးနှင့်လူငယ်များပါဝင်ကြောင်း၊ ၎င်းတို့မှာ ရင်းနှီးသော မိတ်ဆွေသူငယ်ချင်းများဖြစ်နိုင်ကြောင်း ဂီလာစီရင်စုရဲတပ်ဖွဲ့က ပြောကြားသည်။

သေဆုံးသူများတွင် အသက် နှစ်နှစ်သားမှသည် အသက် ၆၀ ကျော်အထိ ပါဝင်သည်။ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ဝင်များက လူလေးဦးကို သဘာဝရေကန်၏တောင်ဘက်တွင် ဇူလိုင်လ ၁၅ ရက်က ကယ်ဆယ်ပေးနိုင်ခဲ့ကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

ကယ်ဆယ်ရေးသမားများသည် ပျောက်ဆုံးနေသူနှစ်ဦးကို ဆက်လက်ရှာဖွေလျက်ရှိသော်လည်း အသက်ရှင်လျက် ရှာဖွေတွေ့ရှိရန်မျှော်လင့်ချက်နည်းနေကြောင်း ကယ်ဆယ်ရေးအဖွဲ့ဝင်များက ပြောကြားသည်။ **ဆင်ဟွာ။**


ကွန်ဂရက်ပါတီမှ သမ္မတလောင်း မေရာကူးမား။


ဘီဂျေပီမှ သမ္မတလောင်း ရမ်နတ်ကိုဗင်။

# အိန္ဒိယ၌ သမ္မတရွေးကောက်ပွဲစတင်ပြီ သမ္မတလောင်းနှစ်ဦးကို မဲပေးရွေးချယ်မည်

**နယူးဒေလီ ဇူလိုင် ၁၇**
အိန္ဒိယနိုင်ငံ၏ သမ္မတရွေးကောက်ပွဲကို ဇူလိုင် ၁၇ ရက်တွင် စတင်ကျင်းပသည်။ အာဏာရ ဘာရာတီယဂျနာတာပါတီ (ဘီဂျေပီ)မှသမ္မတလောင်း ရမ်နတ်ကိုဗင်နှင့် အတိုက်အခံ ကွန်ဂရက်ပါတီမှ သမ္မတလောင်း မေရာကူးမားတို့အနက် တစ်ဦးကို သမ္မတအဖြစ် တင်မြှောက်နိုင်ရန် လွှတ်တော်အမတ်များနှင့် ပြည်နယ်ကိုယ်စားလှယ်များက ဆန္ဒမဲပေးရွေးချယ်ကြမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇူလိုင် ၁၇ ရက်တွင် သတင်းထုတ်ပြန်သည်။

မဲပေးပွဲကို ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် စတင်ပြီး ညနေ ၅ နာရီတွင် မဲပေးမှုပြီးဆုံးခဲ့သည်။ နိုင်ငံတစ်ဝန်းရှိ ဆန္ဒမဲပေးခွင့်ရှိသူ လွှတ်တော်အမတ်များနှင့်ပြည်နယ်ကိုယ်စားလှယ်အမတ်များ စုစုပေါင်း ၄၈၉၆ ဦးတို့က ဆန္ဒမဲပေးကြကာ ရွေးကောက်ပွဲရလဒ်ကို ဇူလိုင် ၂၀ ရက်တွင် ကြေညာသွားမည်ဖြစ်သည်။

သမ္မတရွေးကောက်ပွဲ အနိုင်ရရှိသူသည် ငါးနှစ်သက်တမ်းရှိ သမ္မတ ရာထူးကို လက်ခံရန် ဇူလိုင်၂၇ ရက်တွင် ကျမ်းသစ္စာ ကျိန်ဆိုမည်ဖြစ်သည်။ လက်ရှိသမ္မတ ပါရာနပ် မူခါဂျီ၏ နေရာတွင် သမ္မတသစ်က တာဝန်ထမ်းဆောင်မည်ဖြစ်သည်။ လက်ရှိသမ္မတ မူခါဂျီသည် ဝါရင့်နိုင်ငံရေးသမားတစ်ဦးဖြစ်ပြီး ၂၀၁၂ ခုနှစ်မှစ၍ သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ရွေးကောက်ပွဲအကြိုနေ့က ဝန်ကြီးချုပ်နရိန္ဒြာမိုဒီက ရမ်နတ်ကိုဗင်အား ကြိုတင်၍ ချီးကျူးစကား ပြောကြားခဲ့သည်။ ဘီဂျေပီပါတီနှင့် ယင်းမဟာမိတ်ပါတီများသည် အတိုက်အခံပါတီ ၁၇ပါတီထက် ထောက်ခံမဲ ၆၀ ရာခိုင်နှုန်း ပိုမိုရရှိနိုင်ကြောင်း ဝန်ကြီးချုပ်မိုဒီက ပြောကြားသည်။ **ဆင်ဟွာ။**

# တရုတ်နှင့် အမေရိကန်အကြား ကုန်သွယ်ရေးဆွေးနွေးပွဲတွင် ပဏာမသဘောတူညီချက်များရရှိခဲ့

**ပေကျင်း ဇူလိုင် ၁၇**
တရုတ်နိုင်ငံနှင့် ကုန်သွယ်ရာတွင် အမေရိကန်ဘက်မှ ကုန်သွယ်ရေးလိုငွေပြမှု ဖြစ်ပေါ်နေခြင်းကို လျှော့ချနိုင်ရန်ရည်ရွယ်လျက် နှစ်နိုင်ငံ ဆွေးနွေးပွဲကျင်းပခဲ့ရာတွင် ပဏာမသဘောတူညီချက်များရရှိခဲ့ကြောင်း၊ သို့ရာတွင် ကုန်သွယ်ရေးဆွေးနွေးပွဲ ပြုလုပ်ရန် သတ်မှတ်ပေးသည့် ရက် ၁၀၀ အစီအစဉ်မှာ ဇူလိုင် ၁၆ ရက်တွင် သက်တမ်းကုန်ဆုံးပြီဖြစ်ရာ နောက်ထပ်လုပ်ဆောင်စရာများစွာ ကျန်ရှိနေသေးသည်ဟု အမေရိကန်ကုမ္ပဏီများက ပြောကြားကြကြောင်း ရိုက်တာသတင်းဌာနက သတင်းထုတ်ပြန်သည်။

-- စတင်ခဲ့ --

တရုတ်-အမေရိကန် ကုန်သွယ်ရေး ဆွေးနွေးပွဲကို ဧပြီလတွင်စတင်ခဲ့ပြီး ဈေးကွက်ဖွင့်ပေးရေးဆိုင်ရာ သဘောတူညီမှုရရှိခဲ့သည်။ သဘောတူညီချက်အရ အမေရိကန်အမဲသားထုတ်ကုန်များအတွက် တရုတ်နိုင်ငံ၏ဈေးကွက်ကို ပြန်လည်ဖွင့်ပေးမည်ဖြစ်ပြီး အမေရိကန်သဘာဝဓာတ်ငွေ့ရည်ကို ဝယ်ယူပါမည်ဆိုသော တရုတ်နိုင်ငံ၏ ကတိပြုချက်ကို အကောင်အထည်ဖော်ရမည်ဖြစ်သည်။ ၎င်းအပြင် အမေရိကန်ကုမ္ပဏီများကို တရုတ်နိုင်ငံ၏ ဘဏ္ဍာရေးဝန်ဆောင်လုပ်ငန်းကဏ္ဍရှိ လုပ်ငန်းအချို့သို့ဝင်ရောက်ခွင့်ပြုမည်ဖြစ်သည်။

ရက် ၁၀၀ အစီအစဉ်နှင့်ပတ်သက်၍ နောက်ထပ်အသေးစိတ်အချက်အလက်များကို လာမည့်ရက်သတ္တပတ်တွင် ထုတ်ပြန်ကြေညာမည်ဟု မျှော်လင့်ရသည်။

အမေရိကန်နှင့်တရုတ်တာဝန်ရှိသူများသည် လာမည့်ရက်သတ္တပတ်တွင် မြို့တော်ဝါရှင်တန်၌ကျင်းပမည့် အမေရိကန်-တရုတ် စီးပွားရေးဆိုင်ရာဆွေးနွေးပွဲသို့ တက်ရောက်ရန် ပြင်ဆင်လျက်ရှိကြသည်။

-- ကြေညာနိုင် --

ရက် ၁၀၀ အစီအစဉ် တိုးတက်မှုအခြေအနေများနှင့် ပတ်သက်၍ လာမည့်ရက်သတ္တပတ်တွင် ကြေညာနိုင်ဖွယ်ရှိကြောင်း အမေရိကန် ကူးသန်းရောင်းဝယ်ရေးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

တရုတ်နှင့်အမေရိကန်အကြား ဈေးကွက်ဖွင့်ပေးရေးဆိုင်ရာ သဘောတူညီချက်သစ်များ ရရှိရေးအတွက် မည်သည့်လုပ်ငန်းကဏ္ဍတို့နှင့် ပတ်သက်၍ ဆွေးနွေးကြမည်ကို ပြောရေးဆိုခွင့်ရှိသူက ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

ဧပြီလအစောပိုင်းက အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်၌ သမ္မတဒေါ်နယ်ထရန့်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ တွေ့ဆုံဆွေးနွေးခဲ့ကြရာတွင် ကုန်သွယ်ရေးဆွေးနွေးပွဲဆိုင်ရာ ရက် ၁၀၀ အစီအစဉ်ကို အကောင်အထည်ဖော်ရန် သဘောတူညီခဲ့ကြသည်။ **ရိုက်တာ။**



# ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေပြဋ္ဌာန်း

**ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေ**
**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၃။)**
**၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်**
**(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ပြည်တွင်းရေကြောင်းပို့ဆောင်ရေး** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသည့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းဖြစ်သော ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးကို ဆိုသည်။

(င) **ဆိပ်ကမ်း** ဆိုရာတွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်များ သွားလာနိုင်သော မြစ်များ၊ ချောင်းများ၊ တူးမြောင်းများနှင့် ကမ်းရိုးတန်းတစ်လျှောက် မြို့၊ ရွာများရှိ ရေယာဉ်ဆိုက်ကပ်နိုင်သော ဆိပ်ကမ်းများ ပါဝင်သည်။

(စ) **ရေယာဉ်** ဆိုရာတွင် ရေကြောင်းသွားလာရာ၌ စက်တပ်သို့မဟုတ် စက်မဲ့ရေယာဉ်ကို ဆိုသည်။ ယင်းစကားရပ်တွင် သစ်ဖောင်၊ ဝါးဖောင်တို့လည်း ပါဝင်သည်။

(ဆ) **စက်ရုံ၊ အလုပ်ရုံ** ဆိုသည်မှာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် သင်္ဘောကျင်းများရှိ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနနှင့် အလုပ်ဌာနခွဲများကို ဆိုသည်။

(ဇ) **ဝန်ဆောင်မှုလုပ်ငန်း** ဆိုရာတွင် အခကြေးငွေ၊ အဖိုးအခ အဖိုးစားနား သို့မဟုတ် ကတိနှင့်ညီညွတ်ချက်ဖြင့် ဆောင်ရွက်ပေးသည့်လုပ်ငန်းကို ဆိုသည်။ ယင်းစကားရပ်တွင် ရေယာဉ်ဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်း၊ ဖျော်ဖြေမှုလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ ခရီးသွားလာရေးလုပ်ငန်း၊ တည်းခိုခန်းနှင့် စားသောက်ဆိုင်လုပ်ငန်းများနှင့် အစိုးရအဖွဲ့က ဝန်ဆောင်မှုလုပ်ငန်းဖြစ်သည်ဟု အခါအားလျော်စွာသတ်မှတ်သည့်လုပ်ငန်းများလည်း ပါဝင်သည်။

(ဈ) **စီမံခန့်ခွဲရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး စီမံခန့်ခွဲရေးအဖွဲ့ကို ဆိုသည်။

(ည) **ဦးဆောင်ညွှန်ကြားရေးမှူး** ဆိုသည်မှာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူးကို ဆိုသည်။

**အခန်း(၂)**
**ရည်ရွယ်ချက်များ**

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြန်မာနိုင်ငံအတွင်း ရေယာဉ်များသွားလာနိုင်သည့် မြစ်များ၊ ချောင်းများနှင့် ကမ်းရိုးတန်းတစ်လျှောက်တွင် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများကို ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံမှုရှိစွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်၊

(ခ) ပြည်သူလူထု၏ စားဝတ်နေရေး၊ လူမှုရေး၊ စီးပွားရေးတို့တွင် အဓိကကျသည့် ကုန်ဈေးနှုန်း တည်ငြိမ်ကျဆင်းရေးကို ထိရောက်စွာ အထောက်အကူပြုနိုင်သည့် ရေကြောင်းသယ်ယူပို့ဆောင်ရေးအဖြစ် ဆောင်ရွက်နိုင်ရန်၊

(ဂ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ စီမံအုပ်ချုပ်မှုနှင့် ငွေကြေးသုံးစွဲမှုစနစ်တို့ကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ရေရှည်ရပ်တည်နိုင်သည့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းအဖြစ် ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရန်၊

(ဃ) ရေကြောင်းသယ်ယူပို့ဆောင်ရေးကို ဥပဒေနှင့်အညီ စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ရန်။

**အခန်း(၃)**
**ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဖွဲ့စည်းခြင်းနှင့် ယင်း၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၄။ (က) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးကို အစိုးရအဖွဲ့က အတည်ပြုထားသည့် ဖွဲ့စည်းပုံနှင့်အညီ တည်ထောင်ထားရှိရမည်။

(ခ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ဝန်ထမ်းများအတွက် ရပိုင်ခွင့်နှင့် အကျိုးခံစားခွင့်များကို နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၅။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည်-

(က) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ တည်ဆဲဥပဒေအရ လုပ်ငန်းတာဝန်များကို အောင်မြင်စွာဆောင်ရွက်ရန် တရားဝင်လုပ်ပိုင်ခွင့်များ အပ်နှင်းခြင်းခံရသော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းဖြစ်သည်။

(ခ) နိုင်ငံတော်က ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ ရင်းနှီးငွေများကိုလည်းကောင်း၊ ပိုင်ဆိုင်မှုပစ္စည်းတွင် ပါဝင်သောရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို လည်းကောင်း ဆက်ခံရမည်။

(ဂ) ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်တို့ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ခွင့်၊ တရားစွဲဆိုခွင့်နှင့် စွဲဆိုခံပိုင်ခွင့်၊ နိုင်ငံတော်က သတ်မှတ်ပေးထားသော ပိုင်ဆိုင်မှုပစ္စည်းများအားလုံးတို့ကို ရယူခွင့်၊ လက်ဝယ်ထားရှိခွင့်နှင့် ပိုင်ဆိုင်ခွင့်များရှိသည်။

၆။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်အတွင်း ရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းများကို ဆောင်ရွက်ခြင်းနှင့် ဤဥပဒေအရ အခြားဆက်စပ်သည့် ရေယာဉ်ဖြင့် ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ခ) ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ရေယာဉ်၊ ရေယာဉ်ဝန်ထမ်းများ၊ ခရီးသည်များနှင့် ကုန်စည်များ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံမှုရှိရေးနှင့် ပတ်ဝန်းကျင် ညစ်ညမ်းမှုမရှိစေရေးတို့နှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဂ) ဝန်ကြီးဌာနက သတ်မှတ်ထားသော မြစ်ကြောင်းများနှင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် ရေယာဉ်များဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဃ) သင်္ဘောကျင်းများနှင့် ရေယာဉ် တည်ဆောက်ပြင်ဆင်ခြင်းဆိုင်ရာ လုပ်ငန်းများအတွက် လိုအပ်သော ကုန်ကြမ်းပစ္စည်းများ၊ စက်ပစ္စည်းကိရိယာများနှင့် စက်သုံးဆီများ ဝယ်ယူဖြည့်တင်းခြင်း၊

(င) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ ပြည်တွင်းပြည်ပပုဂ္ဂလိကနှင့် အဖွဲ့အစည်းပိုင် ရေယာဉ်များကို မွမ်းမံပြင်ဆင်ခြင်း၊ ရေယာဉ်အသစ် တည်ဆောက်ရောင်းချခြင်းနှင့် အခြားလုပ်ငန်းများကို လက်ခံဆောင်ရွက်ခြင်း၊

(စ) အစိုးရအဖွဲ့ကဖြစ်စေ၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဖြစ်စေ ပေးအပ်သော ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးနှင့် သက်ဆိုင်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

(ဆ) အမျိုးသားအကျိုးစီးပွား၊ အမျိုးသားလုံခြုံရေးအတွက် အစိုးရအဖွဲ့၊ ဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သော တာဝန်များကို ဆောင်ရွက်ခြင်း၊

(ဇ) နိုင်ငံတော်ပိုင်ပစ္စည်းများနှင့် ဘဏ္ဍာငွေများကို လေလွင့်၊ ဆုံးရှုံး၊ ပျက်စီး၊ ပျောက်ဆုံးမှုမရှိစေရန် ကြီးကြပ်ထိန်းသိမ်းခြင်း၊

(ဈ) ဝင်ငွေနှင့်အကျိုးအမြတ်တိုးပွားစေရေးအတွက် ဆောင်ရွက်ရန် လိုအပ်သည့်ကိစ္စရပ်များကို အစိုးရအဖွဲ့၊ ဝန်ကြီးဌာန၏ သဘောတူညီမှုဖြင့် ဆောင်ရွက်ခြင်း၊

(ည) ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ ရရန်ရှိသည့်ငွေကြေးများကို တည်ဆဲဥပဒေနှင့်အညီ အရကောက်ခံ၍ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းသို့ ပေးသွင်းခြင်း၊

(ဋ) ငွေကြေးသုံးစွဲမှုဆိုင်ရာ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်အညီ စီမံခန့်ခွဲခြင်း။

၇။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ ဝန်ထမ်းများက ယင်းတို့ တာဝန်ယူဆောင်ရွက်ရသည့် လုပ်ငန်းများကို အောင်မြင်မှုရရှိရန် တာဝန်ခံ၍ စီမံကြီးကြပ်ဆောင်ရွက်ရမည်။

၈။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရေယာဉ်၊ ဖောတံတားနှင့် အခြားလိုအပ်သည့်ပစ္စည်းများကို ဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ အငှားချထားခြင်း၊

(ခ) ကုန်လှောင်ရုံနှင့် ကမ်းတက်ဆိပ်ကမ်းများကို တည်ဆောက်ခြင်း၊ အငှားချထားခြင်း၊

(ဂ) ရေကြောင်းလမ်းများတစ်လျှောက်ရှိ မြို့၊ ရွာများတွင် ကုန်စည်များ လက်ခံတင်ဆောင်ခြင်းနှင့် သိုလှောင်ဖြန့်ဖြူးခြင်းတို့ကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ပိုင်ခွင့်၊

(ဃ) လုပ်ငန်းဆိုင်ရာဝန်ဆောင်ခနှုန်းများ၊ လုပ်ခနှုန်းများ၊ ထုတ်လုပ်မှုစံနှုန်းများ၊ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်သည့် ဝန်ဆောင်ခနှုန်းများ၊ အလုပ်ချိန်များ၊ အလုပ်ခွင်စည်းမျဉ်း စည်းကမ်းများကို တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ သတ်မှတ်ပိုင်ခွင့်၊ ပြင်ဆင်ပိုင်ခွင့်၊

(င) ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်းများနှင့် ရေယာဉ်တည်ဆောက်မှုလုပ်ငန်းများကို ပြည်တွင်းပြည်ပ လုပ်ငန်းရှင်များနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ပိုင်ခွင့်၊

(စ) မိမိလုပ်ငန်းအတွက် လိုအပ်သည့် မြေ၊ ဆိပ်ကမ်း၊ အဆောက်အအုံတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာတည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ သုံးစွဲပိုင်ခွင့်၊

(ဆ) အစိုးရအဖွဲ့၏ သဘောတူညီမှုဖြင့် ဆောင်ရွက်ရန်လိုအပ်သော ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးပိုင် စက်ပစ္စည်းနှင့် စက်ကိရိယာများ၊ မြေ၊ အဆောက်အအုံများနှင့် အခြားပိုင်ဆိုင်ခွင့်များကို သက်ဆိုင်ရာလုပ်ငန်းများအတွက် ပြည်တွင်းပြည်ပလုပ်ငန်းရှင်များကို ငှားရမ်းခွင့်၊ အကျိုးတူပူးပေါင်းဆောင်ရွက်ပိုင်ခွင့်၊

(ဇ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်များကို ပြည်တွင်းလုပ်ငန်းရှင်များနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ပိုင်ခွင့်၊

(ဈ) ငှားရမ်းခ၊ အခနှုန်းထားများသတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊ ပြန်အမ်းခြင်း၊ လျှော့ပေါ့ခြင်းနှင့် အရကောက်ခံခြင်းတို့ ဆောင်ရွက်ပိုင်ခွင့်၊

(ည) တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်၊ ယာဉ်နှင့် အသုံးမလိုသည့်ပစ္စည်းများ၊ ရေယာဉ်ပြင်ဆင်ရာမှရရှိသည့် အသုံးမလိုသည့် ပိုလျှံပစ္စည်းများကို ထုခွဲရောင်းချခြင်းနှင့် လဲလှယ်ခြင်းတို့ ဆောင်ရွက်ပိုင်ခွင့်၊

(ဋ) အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် လုပ်ငန်းသဘောတူစာချုပ်များ ချုပ်ဆိုခြင်း၊

(ဌ) ရေယာဉ်များကို တစ်စီးချင်းဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ ပုဂ္ဂလိကနှင့် အဖွဲ့အစည်းများအား ငှားရမ်းခြင်း၊

(ဍ) ကူးတို့ရေယာဉ်များ ပြေးဆွဲခြင်း၊

(ဎ) တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင်မြေနှင့် အဆောက်အအုံများကို အသုံးပြု၍ ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဏ) မိမိပိုင်ဆိုင်သည့် သို့မဟုတ် ခွင့်ပြုချက်ရရှိထားသည့် အသိဉာဏ်ပစ္စည်းဆိုင်ရာ မူပိုင်ခွင့်နှင့်စပ်လျဉ်း၍ မည်သူ့ကိုမဆို မိမိခွင့်ပြုချက်မရရှိဘဲ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ အသုံးပြုခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်လျှင် တရားစွဲဆိုပိုင်ခွင့်။

**အခန်း(၄)**
**စီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်း၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၉။ ဝန်ကြီးဌာနသည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ ရေကြောင်းသယ်ယူပို့ဆောင်ရေးဆိုင်ရာလုပ်ငန်းများကို စီမံခန့်ခွဲနိုင်ရန် ဦးဆောင်ညွှန်ကြားရေးမှူးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ အထွေထွေမန်နေဂျာနှင့် ဌာနမှူးများက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သော စီမံခန့်ခွဲရေးအဖွဲ့ကို ဖွဲ့စည်းရမည်။

၁၀။ စီမံခန့်ခွဲရေးအဖွဲ့၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ တာဝန်များကို အောင်မြင်စွာ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးနှင့်သက်ဆိုင်သော ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများ၊ ဝန်ထမ်းရေးရာနှင့် ရေယာဉ်ရေးရာကိစ္စရပ်များကို နိုင်ငံတော်နှင့် ပြည်သူများအကျိုးကို ရှေးရှု၍ စီမံခန့်ခွဲခြင်း။

၁၁။ စီမံခန့်ခွဲရေးအဖွဲ့၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ လုပ်ပိုင်ခွင့်များကို အောင်မြင်စွာ စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ခ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ လုပ်ပိုင်ခွင့်ထက်ကျော်လွန်သော စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဝန်ကြီးဌာနသို့ တင်ပြဆောင်ရွက်ခြင်း။

**အခန်း(၅)**
**ဘဏ္ဍာရေး၊ ငွေရေးကြေးရေးနှင့်စာရင်းများ**

၁၂။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည်-

(က) နိုင်ငံတော်၏တည်ဆဲဥပဒေအရ ကျသင့်သည့် အခွန်အခများကို ပေးသွင်းရမည်။

(ဆက်လက်ဖော်ပြပါမည်)

## နှစ် (၇၀) ပြည့် အာဇာနည်နေ့ဂုဏ်ပြုဆောင်းပါး

# တစ်သက်မေ့မရနိုင်တဲ့ ဇူလိုင်လ ၁၉ ရက်နေ့



## ဟံသာဝတီ-ဦးအုန်းကြိုင်

**☆ မှတ်သုံးနိုးသည်**
**ဆယ့်ကိုးဇူလိုင်၊ မမေ့နိုင်ခဲ့**
**မခိုင်စိတ်ဝမ်း၊ မလန်းဘဝင်**
**မရွှင်နှလုံး၊ ကြိမ်မီးအုံးသို့**
**ညှိုးချုံးပူဆွေး၊ မမေ့သေးခဲ့**
**အရေးခုတိုင်၊ ကြုံဆိုင်ရဆဲ**
**နေမိခဲ့ရှင့်. . . .။**
**☆ ဗိုလ်ချုပ်အောင်ဆန်း၊ ပြည်သူ့ပန်းတို့**
**သွေးလှွမ်းပေးဆပ်၊ သက်နှင်းအပ်လျက်**
**မြေမြတ်မြန်ပြေ(ပြည်)၊ လွတ်လပ်စေခဲ့**
**ဒို့တွေခံစား၊ ကျေးဇူးတရားကို**
**မေ့ပြားမရှိ၊ အစဉ်သိလျက်**
**နေ့ရှိသမျှ၊ သတိရသည်**
**"အာဇာနည်နေ့"၊ ဒို့မမေ့. . .။**

**၁၉၄၇၊ ဇူလိုင် ၁၉၊ စနေနေ့**

မိုးရာသီရောက်နေပြီဖြစ်၍ ထိုနေ့နံနက်က ရန်ကုန်မိုးသည် ခပ်စွေစွေ ဖြစ်နေလေသည်။ ကောင်းကင်တစ်ပြင်လုံးကား ညို့ဆိုင်းအုံ့မှိုင်းလျက် တစ်ချက်တစ်ချက် တဖြောက်ဖြောက်ရွာသောမိုးသည် စဲသွားသည်မရှိ ဖြစ်နေလေ၏။

မိုးမစဲလင့်ကစား၊ ထိုနေ့နံနက်က ကျွန်တော်သည် ရန်ကုန်မြို့ အတွင်းဝန်များရုံး ကာကွယ်ရေးဝန်ကြီးဌာနရုံးခန်း၌ ကျင်းပသည့် ဗိုလ်ချုပ်အောင်ဆန်းတို့ ဝန်ကြီးအဖွဲ့ Cabinet အစည်းအဝေးသတင်းရယူရန် တာဝန်ကျသဖြင့် Secretariat အတွင်းဝန်များရုံးတွင် ရှိနေခိုက်ဖြစ်သည်။ ထိုအချိန်က ကျွန်တော်သည် ဟံသာဝတီနေ့စဉ်သတင်းစာတိုက်၏ နိုင်ငံရေးသတင်းထောက် တာဝန်ထမ်းဆောင်နေသူဖြစ်ပါသည်။

**စစ်ပြီးစ အစိုးရအဖွဲ့အစည်းအဝေး**

မြန်မာနိုင်ငံလွတ်လပ်ရေးမရမီ ဒုတိယကမ္ဘာစစ်ကြီးပြီးခါစအချိန်၊ ဗြိတိသျှဘုရင်ခံ မြန်မာပြည်ကို ပြန်လည်အုပ်စိုးနေစဉ်၊ Cabinet ခေါ် ဝန်ကြီးများအဖွဲ့ကို Governor's Excutive Council ဘုရင်ခံ၏အမှုဆောင်အဖွဲ့ဟု ခေါ်တွင်လျက် ထိုဝန်ကြီးအဖွဲ့အစည်းအဝေးများကို ၎င်းအမှုဆောင်အဖွဲ့၏ သဘာပတိဖြစ်သော ဘုရင်ခံနေထိုင်ရာ အလုံလမ်းရှိ အစိုးရအိမ်တော် (လွတ်လပ်ရေးရပြီးနောက် သမ္မတအိမ်တော်)တွင် ကျင်းပလေ့ရှိသည်။

**ဗိုလ်ချုပ်အစိုးရ အစည်းအဝေးများ**

ဗိုလ်ချုပ်အောင်ဆန်းတို့ အင်္ဂလန်တွင် ဗြိတိသျှအစိုးရနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် မြန်မာ့လွတ်လပ်ရေးပဋိညာဉ်စာချုပ်ဟု ဆိုအပ်သော (အောင်ဆန်း-အက်တလီစာချုပ်) ချုပ်ဆိုပြီးသောအချိန်၊ ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့မှစ၍ ဝန်ကြီးအဖွဲ့အစည်းအဝေးများကို ဗိုလ်ချုပ်အောင်ဆန်း၏ ကာကွယ်ရေးဝန်ကြီးဌာနရုံးတည်ရှိရာ အတွင်းဝန်များရုံးသို့ ပြောင်းရွှေ့ကျင်းပကာ ၎င်းဝန်ကြီးအဖွဲ့အစည်းဝေးများသို့ ဗြိတိသျှဘုရင်ခံ ပါဝင်မတက်ရောက်တော့ဘဲ ဝန်ကြီးအဖွဲ့ဒုတိယသဘာပတိဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းက အစည်းအဝေးသဘာပတိအဖြစ် တာဝန်ယူဆောင်ရွက်ခြင်းဖြစ်သည်။

**ဗိုလ်ချုပ်ကိုယ်တိုင်တာဝန်ယူခြင်း**

အကြောင်းမှာ မြန်မာနိုင်ငံသည် ဗြိတိသျှလက်အောက်ခံကိုလိုနီဘဝမှ မကြာမီလွတ်လပ်သည့် အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ကြေညာတော့မည်ဖြစ်၍ တိုင်းပြည်ရေးရာကိစ္စအဝဝတို့ကို ဗြိတိသျှအစိုးရက ဝင်ရောက်စွက်ဖက်ခြင်း၊ ချယ်လှယ်ခြင်းမပြုတော့ဘဲ မြန်မာတစ်မျိုးသားလုံး၏ ခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်းက ကိုယ်တိုင်တာဝန်ယူထိန်းသိမ်းအုပ်ချုပ်စပြုသည့် အနက်သဘောဖြစ်ပါသည်။

**ကြမ္မာငင်သောအစည်းအဝေး**

ထိုစဉ်က မြန်မာအစိုးရအဖွဲ့ဝန်ကြီးများ အစည်းအဝေးကို ရက်သတ္တတစ်ပတ်လျှင် တစ်ကြိမ်ကျကျင်းပလေ့ရှိပြီး များသောအားဖြင့် အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း နံနက် ၁၀ နာရီတွင် ရန်ကုန်အတွင်းဝန်များရုံး၊ ဗိုလ်ချုပ်ရုံးထိုင်ရာကာကွယ်ရေးဝန်ကြီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပလေ့ရှိသည်။ ထိုနေ့ကကျင်းပရန်ရှိသော ဝန်ကြီးအဖွဲ့အစည်းအဝေးကို ဇူလိုင်လ ၁၆ ရက် (ဗုဒ္ဓဟူးနေ့)တွင်ကျင်းပရန် မူလစီစဉ်သတ်မှတ်ထားသည်။ သို့သော်မကြာမီကြေညာတော့မည့် လွတ်လပ်ရေးနေ့အတွက် ကြိုတင်ပြင်ဆင်ဖွယ်ရာလုပ်ငန်းများ စီစဉ်ချမှတ်ရန် အရေးကြီးဆောင်ရွက်စရာများရှိသဖြင့် ထိုဗုဒ္ဓဟူးနေ့ နံနက် ၁၀ နာရီတွင် ပါလီမန်(လွှတ်တော်)ရုံးခန်းအစည်းအဝေးကို မဖျက်ဘဲ ဗိုလ်ချုပ်ကိုယ်တိုင် တက်ရောက်ကျင်းပသဖြင့် ဝန်ကြီးအဖွဲ့အစည်းအဝေးကို ဇူလိုင်လ ၁၉ ရက် (စနေနေ့) နံနက် ၁၀ နာရီသို့ ပြောင်းရွှေ့ကျင်းပခြင်းဖြစ်သည်။

**သမိုင်းဝင်နေ့ဆိုးရက်ဆိုးကြီး**

ထိုသို့ဇူလိုင်လ ၁၉ ရက် (စနေနေ့)သို့ ပြောင်းရွှေ့ကျင်းပခဲ့သော ကက်ဘိနက်အစည်းအဝေးသည် မြန်မာနိုင်ငံတော်၏သမိုင်းတွင် ဘယ်သောအခါမျှ ဖျောက်ဖျက်ပစ်၍မရနိုင်သော၊ အရုပ်ဆိုးအကျည်းတန်ဆုံးသော လုပ်ကြံမှု လူသတ်အရေးတော်ပုံကြီး၊ ကြမ္မာဆိုးပေါ်ပေါက်ခဲ့ရာ သမိုင်းဝင်နေ့ဆိုးရက်ဆိုးကြီး ဖြစ်ခဲ့ရပေသည်။

ထိုသမိုင်းဝင်နေ့ဆိုးရက်ဆိုးကြီးဖြစ်ခဲ့ရာ နေ့ရက်သည် နှစ်ပေါင်း ၇၀ ကြာခဲ့ပြီဖြစ်သော်လည်း ကျွန်တော်၏မျက်စိထဲတွင် ခုလက်ငင်းဖြစ်ပျက်နေသယောင် တုန်လှုပ်ချောက်ချားစွာ မြင်တွေ့မှတ်မိခံစားနေရဆဲဖြစ်ပေသည်။

ထိုနေ့နံနက်က ဗိုလ်ချုပ်ရုံးခန်းသို့ ကျွန်တော်နှင့်ဗိုလ်ချုပ်၏အပါးတော်မြဲ ဗိုလ်ထွန်းလှ(တက္ကသိုလ်နေဝင်း)တို့ ရှေ့နောက်ဆင့်ရောက်သည်ထင်ပါသည်။ အခါတိုင်းဆိုလျှင် ဗိုလ်ချုပ်အားလာရောက်တွေ့ဆုံကြသော ဧည့်သည်များ၊ သတင်းထောက်များ၊ ရဲဘော်များဖြင့် တင်းကျပ်ပြည့်နေလေ့ရှိသော ဗိုလ်ထွန်းလှ၏ရုံးခန်းမှာ အတော်လူရှင်းနေပါသည်။ ဗြိတိသျှစစ်တပ်မှ ဂျင်နရယ်သောမတ်၏ ကိုယ်ရံတော် ဗိုလ်သိန်းဝင်းတစ်ယောက်သာ ထိုင်စောင့်နေ၍ တိတ်ဆိတ်နေပါသည်။

**အကြည်နူးဆုံး အရွှင်လန်းဆုံးအချိန်**

ဗိုလ်ချုပ်အောင်ဆန်းသည် ခါတိုင်းဝတ်နေကျ ကာကီရောင်အရာရှိစစ်ယူနီဖောင်း(Both-Shirt)မဟုတ်ဘဲ ရွှေအိုရောင်ဘန်ကောက်လုံချည်၊ သနပ်ခါးရောင်မန္တလေးပိုးတိုက်ပုံအင်္ကျီ၊ ကော်လာကတုံးရှပ်အင်္ကျီတို့ကို အကျအနပီပီပြင်ပြင် စမတ်ကျကျဝတ်ဆင်၍ အခါတိုင်းလိုမဟုတ်ဘဲ ပြုံးပြုံးရွှင်ရွှင် လန်းလန်းဆန်းဆန်းဖြင့် မြင်ရသူတိုင်းအဖို့ ဝမ်းသာကြည်နူးမိကြသူချည်းဖြစ်နေရပါသည်။ ဗိုလ်ချုပ်နှင့် အမြဲလိုလိုတွေ့ဆုံနေရသူ ကျွန်တော်တို့အဖို့ ပြောရမည်ဆိုလျှင် ထိုနေ့နံနက်က ဗိုလ်ချုပ်၏ဝတ်စားဆင်ယင်ပုံနှင့် ပြုံးရွှင်လန်းဆန်းတက်ကြွနေပုံမျိုးကို ယခင်အခါများက ကျွန်တော်တို့မတွေ့မမြင်ဖူးခဲ့ကြပါ။ ထို့ကြောင့် ကျွန်တော်တို့စိတ်ထဲဝယ် ဗိုလ်ချုပ်ကိုတွေ့မြင်လိုက်ရသည့် အခိုက်အတန့်တွင် အတော်ပင်ကြည်နူးနှစ်လိုဖြစ်မိခဲ့ရပါသည်။

ထို့နေ့နံနက် ၁၀ နာရီထိုးသော် အတွင်းဝန်များရုံးအပေါ်ထပ်(စပတ်လမ်း၊ ယခုဗိုလ်အောင်ကျော်လမ်းဘက်)ကာကွယ်ရေးဝန်ကြီးဌာနအစည်းအဝေးခန်းမကြီး၌ ဝန်ကြီးများစုံစုံညီညီရောက်နေကြလေပြီ။ ဝန်ကြီးများကောင်စီအတွင်းဝန် ဦးရွှေဘော်၊ လက်ထောက်အတွင်းဝန် ဦးတင်အုန်း၊ ရုံးအုပ်ကြီး ဦးခတို့က ထိုနေ့ အစည်းအဝေးနှင့် သက်ဆိုင်ရာ အကြောင်းအရာကိစ္စများပါရှိသော ဖိုင်တွဲများ၊ စာရွက်စာတမ်းများကို အသင့်ဖြစ်နေစေရန် ပြင်ဆင်ချထားရင်း အလုပ်ရှုပ်နေကြသည်။

**ဗိုလ်ချုပ်၏ နောက်ဆုံးအချိန်**

နံနက် ၁၀ နာရီ ၁၀ မိနစ်အချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းစီးနင်းလိုက်ပါလာသော ကားနံပါတ် RC.2874 အနက်ရောင် ဝူစလီဆလွန်းကားသည် အတွင်းဝန်များရုံးအနောက်ဘက်စကြ်ံဗဟိုလှေကားခြေရင်းထိပ်သို့ ဆိုက်ရောက်လာပါသည်။ အထက်တွင် ကျွန်တော်ဖော်ပြခဲ့သလို မြန်မာအမျိုးသားဝတ်စုံကို ကျကျနနဝတ်စားထားသော ဗိုလ်ချုပ်အောင်ဆန်းသည် ထိုလှေကားမှ တက်ရောက်လာပြီးနောက် အစည်းအဝေးခန်းမအတွင်းသို့ ဝင်ရောက်သွားပါသည်။ အချိန်မှာ နံနက် ၁၀ နာရီ ၁၅ မိနစ်ရှိပါပြီ။

နောက်ထပ်အချိန်အားဖြင့် ၂၂ မိနစ်တွင် ဗိုလ်ချုပ်သည် ကိုယ်တိုင်တစိုက်မတ်မတ် ကျားကုတ်ကျားခဲ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်နေသော မြန်မာနိုင်ငံတော်ကြီး နယ်ချဲ့လက်အောက် ကျွန်သပေါက်ဘဝမှ လွတ်မြောက်တော့မည့် မင်္ဂလာအပေါင်းခညောင်းသည့် အခါတော်သမယ လွတ်လပ်ရေးအောင်ပွဲကြီး ခြိမ့်ခြိမ့်သဲသဲဆင်နွှဲရမည့် အခွင့်အရေးထူးကြီးကို လက်လွှတ်ဆုံးရှုံးကာ ဘဝတစ်ပါးပြောင်းသွားရတော့မည်ကို မသိရှာပါဘဲလျက် နိုင်ငံတော်အတွက်၊ မြန်မာတစ်မျိုးသားလုံးအတွက် ဘဝနောက်ဆုံးရှိုက်သက်ထွက်သည်အထိ အစွမ်းကုန်အလုပ်လုပ်သွားသည်ကို ကျွန်တော်ဤစာရေးရင်း ပြန်လည်မြင်ယောင်ကာ ရင်ထုမနာသည်းဖိုလှိုက်လှဲ ကြေကွဲမဆုံး ဖြစ်ရဆဲဖြစ်နေမိပါသည်။

**လက်နက်တွေနဲ့ ဦးစော**

ထိုဇူလိုင်လဆန်းကတည်းက ကျွန်တော်တို့စိတ်ထဲမှာ တထင့်ထင့်နှင့် စိုးရိမ်ကြောင့်ကြစိတ်များ အလျဉ်မပြတ်ဖြစ်ခဲ့ကြရသည်။ အကြောင်းမှာ BOD (British Ordnance Deport)ဗြိတိသျှစစ်လက်နက်ပစ္စည်းသိုလှောင်ရုံနှင့် COD(Central Ordnance Deport) ပင်မလက်နက်ခဲယမ်း မီးကျောက်တပ်တို့မှ ဘရင်းဂန်းသေနတ်အလက် ၂၀၀၊ ဆပ်မရှင်းဂန်း၊ တော်မီဂန်း၊ စတင်းဂန်း၊ ရိုင်ဖယ်သေနတ်အလက်ပေါင်း ၅၀၀၊ လက်ပစ်ဗုံး၊ ကျည်ဆန်အတောင့်တစ်သိန်းကျော်တို့ကို ဂဠုန်ဦးစောနှင့်အပေါင်းပါတို့ လျှို့ဝှက်ထုတ်ယူသွားကြသည်ဆိုသည့် သတင်းများကြောင့် ကျွန်တော်တို့စိုးရိမ်ကြောင့်ကြဖြစ်နေရခြင်းဖြစ်ပါသည်။

**ကျုပ်တစ်ကိုယ်လုံးတိုင်းပြည်အတွက်**

ဤလက်နက်ကြီးများ ပျောက်ဆုံးမှုနှင့်ပတ်သက်၍ စိုးရိမ်ကြောင့်ကြရကြောင်းကို ဗိုလ်ချုပ်အားကျွန်တော်တို့ သတင်းထောက်များအပါအဝင် နိုင်ငံရေးခေါင်းဆောင်ပိုင်းမှ ပုဂ္ဂိုလ်များက အကြိမ်ကြိမ်သတိပေးကြ၊ အရေးယူဆောင်ရွက်ပါရန် တိုက်တွန်းပြောဆိုကြပါသည်။ ကျွန်တော်တို့ပြောသည့် အကြိမ်တိုင်းလိုလိုတွင် ဗိုလ်ချုပ်က "ကျုပ်တစ်ကိုယ်လုံး တိုင်းပြည်အတွက်ပေးအပ်ထားတာပဲ။ ကျုပ်ကိုလုပ်ကြံမယ့်လူ ရှိနိုင်မယ်မထင်ပါဘူး။ ဒီလိုမှမဟုတ်လည်း လုပ်ကြံကြမယ်ဆိုလည်း လုပ်ကြံကြပါစေပေါ့။ ကျုပ်ဂရုစိုက်နေဖို့ အချိန်မရှိဘူး"ဟု ပြောကြားလေ့ရှိပါသည်။

ထိုနေ့နံနက်က ဗိုလ်ချုပ်က လန်းဆန်းတက်ကြွနေသလောက် ကျွန်တော်တို့အဖို့ စိတ်ထဲတစ်စုံတစ်ခုသပ်လျှိုနေသလို ထင့်တင့်တင့်နှင့်ဖြစ်နေကြပါသည်။ သို့သော် ဗိုလ်ချုပ်၏ ကြည်လင်လန်းဆန်းတက်ကြွနေဟန်သည် ကျွန်တော်တို့ကို လွှမ်းမိုး၍ ကြည်နူးဝမ်းသာဖြစ်စေသည်က အမှန်ဖြစ်ပါသည်။

**အသတ်ခံဖို့ နေရာယူ**

အစည်းအဝေးစပါပြီ။ အချိန်မှာ ၁၀ နာရီ ၁၇ မိနစ်ခန့်ရှိပြီဖြစ်သည်။ ထိုနေ့ကအစည်းအဝေးတွင် နေရာယူထိုင်နေကြပုံမှာ အင်္ဂလိပ်အက္ခရာ "ယူ"မှောက်လျက်ပုံသဏ္ဍာန်စားပွဲကြီးတွင် ယူ(ဂငယ်)ကွေးထိပ်မှ ကျွန်တော်တို့၏ ခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်းက သဘာပတိအဖြစ်နေရာယူထိုင်ပါသည်။ စားပွဲခုံရှည်ကြီး ဗိုလ်ချုပ်၏လက်ယာဘက်ခြမ်းမှ အစဉ်အတိုင်း ဒုတိယအတွင်းဝန် ICS ဦးအုန်းမောင်နေရာယူထိုင်ပါသည်။ ထို့နောက် ဝန်ကြီးသခင်မြ၊ ဝန်ကြီး ဦးရာဇတ်၊ ဝန်ကြီး ဦးဘဝင်း၊ ဒီးဒုတ်ဦးဘချို၊ မန်းဘခိုင်တို့နေရာယူထိုင်ကြပါသည်။ တစ်ဖက်ဗိုလ်ချုပ်၏ လက်ဝဲဘက်ခြမ်းတွင် ဗိုလ်ချုပ်၏ အနီးအပါးနေရာ၌ အမှုဆောင်ကောင်စီအတွင်းဝန် ဦးရွှေဘော်၊ ဝန်ကြီး ဦးဗဂျမ်း၊ ဝန်ကြီး ဦးအောင်ဇံဝေ၊ ဟသ်ာတဦးမြနှင့် မိုင်းပွန်စော်ဘွားကြီးတို့က နေရာယူထိုင်ကြပါသည်။

**တံခါးမရှိ ဓားမရှိ**

အစည်းအဝေးခန်းမအဝင်ပေါက်တံခါးဝတွင် ရုံးလုလင်မောင်သောင်းစိန် စောင့်နေပါသည်။ အစည်းအဝေးမှာ ကြာမည့်ပုံရှိပါသည်။ ထိုအချိန်အတောအတွင်း အဆာပြေစားထားရန် ကျွန်တော်သည် အတွင်းဝန်ရုံးအနောက်ဘက်ဂိတ်ပေါက်မှ အပြင်သို့ထွက်ခဲ့ပါသည်။ ဤနေရာတွင် ကျွန်တော်တစ်ခုတင်ပြလိုပါသည်။ ထိုစဉ်က အတွင်းဝန်ရုံးအဝင်၊ အထွက် ဂိတ်ပေါက်များတွင် ဝင်ထွက်သွားလာသည့်လူများကို စစ်ဆေးခြင်းအလျဉ်းမပြုကြပါ။ ဂိတ်စောင့်ဟူ၍လည်း မရှိသလောက်ဖြစ်ပါသည်။ ဤအချက်မှာ လုံခြုံရေးအဓိကလစ်ဟာချက်ဟု ဆိုရမည်ဖြစ်ပါသည်။

စာမျက်နှာ ၇ သို့

❂ စာမျက်နှာ ၆ မှ

**သေကုန်ပြီ သေကုန်ပြီ**

ကျွန်တော်သည် အတွင်းဝန်ရုံးအနောက်ဘက်ဂိတ်ပေါက်နှင့် ခါးလွယ်ခုတ်၊ ဖရေဇာလမ်း(ယခုအနော်ရထာလမ်း)နှင့် ဗိုလ်အောင်ကျော်လမ်းထောင့် သူရိယသတင်းစာတိုက်ရှေ့ရှိ လက်ဖက်ရည်ဆိုင်တွင် မုန့်ဟင်းခါးတစ်ပွဲမှာယူစားသောက်နေပါသည်။ ထိုစဉ် "ဝေါ" ခနဲ "ဝေါ"ခနဲ မြည်သံကြီးများပေါ်ထွက်လာပြီးနောက် အတွင်းဝန်ရုံးအနောက်ဘက်ပေါက်မှ လူအများ "ဗိုလ်ချုပ်တို့ သေကုန်ပြီ၊ သေကုန်ပြီ"ဟု ဟစ်အော်ကာ ပြေးထွက်လာကြပါသည်။ အတွင်းဝန်ရုံးမှ စာရေးစာချီဝန်ထမ်းများဖြစ်ကြပါသည်။

**ဗိုလ်ချုပ်အောင်ဆန်းအလောင်း**

ကျွန်တော်လည်း စားလက်စမုန့်ပန်းကန်ကိုပစ်ချ၊ ငွေရှင်းပေးပြီးနောက် အတွင်းဝန်ရုံးထဲသို့ အပြေးအလွှား လူအုပ်နှင့်ဆန့်ကျင်လျက် ဝင်ရောက်ခဲ့ပါသည်။ ကျွန်တော် စကြံဗဟို လှေကားရင်းသို့အရောက်တွင် စစ်မိုးကာအင်္ကျီဖြင့် ဖုံးအုပ်၍ ထမ်းစင်ဖြင့်ချလာသော ပုဂ္ဂိုလ်၏ သွေးရွှဲနေသော ခန္ဓာကိုယ်ကို တွေ့လိုက်ရပါသည်။ ဗိုလ်ချုပ်အောင်ဆန်းဖြစ်နေပါသည်။ ထမ်းပိုးချလာသူတို့က "ဗိုလ်ချုပ်မသေသေးဘူး၊ မသေသေးဘူး"ဟု ပြောဆိုကြပါသည်။ ကျွန်တော်မြင်နေရသည်က လုံးဝလှုပ်ရှားမှု၊ ညည်းညူမှုမရှိဖြစ်နေ၍ စိုးရိမ်ပူပန်စိတ်က ကျွန်တော့်ကိုမျက်ရည်ကျစေခဲ့ပါသည်။ ဗိုလ်ချုပ်ကို ရန်ကုန်ဆေးရုံကြီးသို့ သယ်ယူသွားပါပြီ။ နောက်တော့ ကျွန်တော်တို့သိရသည်မှာ လုပ်ကြံသူ သေနတ်သမားလူယုတ်မာတို့၏လက်ချက်ဖြင့် ဗိုလ်ချုပ်သည် သေနတ်ကျည်ဆန်ဒဏ်ရာ ၁၃ ချက်ဖြင့် နေရာတွင်ပင်ကျဆုံး ကွယ်လွန်ခဲ့ရပါသည်။ ကွယ်လွန်ချိန်တွင် ဗိုလ်ချုပ်မှာ အသက်(၃၂)နှစ်သာရှိပါသေးသည်။ ဘုရင်ခံအမှုဆောင်ကောင်စီဒုတိယဥက္ကဋ္ဌ၊ ဝန်ကြီးအဖွဲ့ဝန်ကြီးချုပ်၊ ကာကွယ်ရေးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနများကို တာဝန်ယူဆောင်ရွက်နေပါသည်။

**မိုင်းပွန်စော်ဘွားကြီး မသေသေး**

နောက်ထပ်ပုဂ္ဂိုလ်တစ်ဦးကို ထမ်းစင်ဖြင့် သယ်ချလာပါသည်။ မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်းဖြစ်ပါသည်။ စော်ဘွားကြီး၏ဦးခေါင်းတွင် သေနတ်ကျည်ဆန်နှစ်ချက်ထိပါသည်။ စည်းဝေးကုလားထိုင်ပေါ်တွင်ထိုင်လျက် သွေးရူးသွေးတန်းပြောဆိုနေစဉ် သယ်ယူလာခြင်းဖြစ်သည်ဟု သိရပါသည်။ ထမ်းစင်ပေါ်တွင် စော်ဘွားကြီးမှာ ရုန်းကန်လှုပ်ရှားပြောဆိုနေသည်ကို တွေ့လိုက်ရသဖြင့် ကုသ၍အသက်ရှင်ပါစေဟု ဆုတောင်းမိလိုက်ပါသည်။ သို့သော် ရန်ကုန်ဆေးရုံကြီးတွင် ကုသပြီးနောက်တစ်နေ့ ဇူလိုင် ၂၀ ရက် မွန်းတည့်ချိန်တွင်မှ အနိစ္စရောက်ရှာပါသည်။ ကွယ်လွန်ချိန်တွင် မိုင်းပွန်စော်ဘွားကြီးမှာ အသက်(၄၀)ရှိပါပြီ။ နယ်ခြားဒေသဆိုင်ရာ အတိုင်ပင်ခံဝန်ကြီးအဖြစ် တာဝန်ယူဆောင်ရွက်ပါသည်။

**ဆရာကြီး ဒီးဒုတ်ဦးဘချို**

ဆရာကြီးဒီးဒုတ်ဦးဘချိုမှာ အားလုံးလေးစားချစ်ခင်ကြသော သတင်းစာဆရာ၊ စာရေးဆရာကြီးဖြစ်သည်။ အစိုးရအဖွဲ့၌ ပြန်ကြားရေးဝန်ကြီးတာဝန်ယူရသူဖြစ်သည်။ ဗိုလ်ချုပ်အစိုးရအဖွဲ့တွင် အသက်အကြီးဆုံး(၅၄)နှစ်ရှိ ပုဂ္ဂိုလ်ဖြစ်သည်။ ဦးနှောက်ထဲဝင်သွားသော ကျည်ဆန်အပါအဝင် ကျည်ငါးချက်ထိမှန်သော်လည်း ထိုနေ့ နေ့လယ်ပိုင်းအထိ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် အသက်ရှင်ခဲ့သေးသည်။

**ဝန်ကြီးသခင်မြ**

ဗိုလ်ချုပ်အစိုးရအဖွဲ့ထဲတွင် ဒုတိယအသက်အရွယ်ကြီးရင့်သော နိုင်ငံရေးခေါင်းဆောင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဖြစ်သည်။ ရင်ဘတ်အဆုတ်ကို ထွင်းဖောက်သွားသော သေနတ်ဒဏ်ရာနှစ်ချက်ဖြင့် နေရာတွင်ပင် ကွယ်လွန်ရရှာသည်။ ကွယ်လွန်ချိန်တွင် အသက်(၄၉)နှစ်ရှိပြီဖြစ်သည်။

**ကမ္ဘာမြေပြိုကျသွားသလို**

ကျွန်တော်သည် မိုင်းပွန်စော်ဘွားကြီးကို သယ်ယူလာပြီးသည့်နောက်တွင် အပေါ်ထပ်သို့ အပြေးတက်ရောက်လာပြီး အစည်းအဝေးခန်းမကြီးထဲသို့ ဝင်ရောက်ကြည့်မိခဲ့ပါသည်။ သေနတ်ယမ်းငွေ့များအကြား ကြမ်းပြင်ပေါ်ရှိ သွေးအိုင်များထဲဝယ် ခေါင်းဆောင်ကြီးများ မရှုမလှကျဆုံးနေရပုံကို တွေ့မြင်လိုက်သည်နှင့် ရင်ထဲဝယ်မချိမဆံ့လှိုက်ဖိုစွာခံစားလိုက်ရပြီး မျက်ရည်ကျမိခဲ့ရပါသည်။ ကမ္ဘာလောကကြီးတစ်ခုလုံး ပြိုကျပျောက်ဆုံးသွားသလို ခံစားလိုက်ရပါသည်။

**ဝန်ကြီး ဦးရာဇတ်**

ထို့နောက် ပညာရေးနှင့်အမျိုးသားစီမံကိန်းဝန်ကြီး ဦးရာဇတ်၏ အလောင်းကို သယ်ချသွားကြပါသည်။ ဆရာကြီးဦးရာဇတ်မှာ သေနတ်ဒဏ်ရာခြောက်ချက်ဖြင့် နေရာတွင်ပင် ကွယ်လွန်သွားရှာပါသည်။ ကွယ်လွန်ချိန်တွင် အသက်(၄၉)နှစ်ရှိပြီဖြစ်ပါသည်။

**ဝန်ကြီး ဦးဘဝင်း**

ဝန်ကြီးဦးဘဝင်းမှာ ဗိုလ်ချုပ်၏အစ်ကိုတော်သူဖြစ်ပြီး အစိုးရအဖွဲ့တွင် ကုန်သွယ်ရေးနှင့် ထောက်ပံ့ရေးဝန်ကြီးအဖြစ် တာဝန်ယူထမ်းဆောင်ပါသည်။ ကျည်ဆန်ဒဏ်ရာ ရှစ်ချက်ဖြင့် နေရာတွင်ပင် ကွယ်လွန်ပါသည်။ အသက်(၄၆)နှစ်ရှိပါသည်။

**ဝန်ကြီးမန်းဘခိုင်**

ဝန်ကြီးမန်းဘခိုင်သည် ဟသ်ာတမှ ကရင်အမျိုးသားမျိုးချစ်ခေါင်းဆောင်ဖြစ်သည်။ ဖက်ဆစ်တော်လှန်ရေးတွင် ရှုပ်ရှုပ်ချုံချုံပါဝင်ဆင်နွှဲခဲ့ပြီး ဗိုလ်ချုပ်၏ အလေးစားရဆုံးပုဂ္ဂိုလ်ဖြစ်သည်။ စက်မှုလက်မှုနှင့် အလုပ်သမားဌာနဝန်ကြီးအဖြစ် တာဝန်ယူဆောင်ရွက်သည်။ လုပ်ကြံမှုကြီးအတွင်း ကျည်ဆန် ၁၅ ချက်ထိမှန်ပြီး နေရာတွင်ပင် ကွယ်လွန်ခဲ့သည်။ ကွယ်လွန်ချိန်တွင် အသက်(၄၃)နှစ်ရှိပြီဖြစ်သည်။

**အတွင်းဝန်ဦးအုန်းမောင်**

ဗိုလ်ချုပ်အစိုးရအဖွဲ့ သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးဌာန ဒုတိယအတွင်းဝန် တာဝန်ထမ်းဆောင်နေသော အိုင်စီအက်စ်အိန္ဒိယပြည်နယ်ဝန်ထမ်းကြီးဖြစ်သည်။ စီမံကိန်းဆိုင်ရာအစီရင်ခံစာတစ်ခုလာရောက်တင်ပြနေစဉ် လူသတ်သမားတို့၏ သေနတ်ကျည်ဆန်ငါးချက်ထိမှန်ပြီး နေရာတွင်ပင် ကွယ်လွန်ရှာသည်။ ကွယ်လွန်ချိန်တွင် အသက်(၃၄)နှစ်သာ ရှိသေးသည်။

**သက်တော်စောင့်ကိုထွေး**

ဝန်ကြီးဦးရာဇတ်၏ သက်တော်စောင့်ကိုထွေး။ မန္တလေးတောင်ပြင်သိပ္ပံရပ်မှ မူဆလင်လူငယ်တစ်ဦးဖြစ်သည်။ အသက်(၁၈)နှစ်သာရှိသေးသည်။ ဝန်ကြီးများ အစည်းအဝေးခန်းမမှ သေနတ်သံများကြားရသဖြင့် အနီးရှိ ရုံးခန်းမှပြေးထွက်လာစဉ်



ဗိုလ်ချုပ်တို့အား ပစ်ခတ်သတ်ဖြတ်ပြီးနောက် ဆုတ်ခွာထွက်ပြေးကြသော လူသတ်သမားများနှင့် ရင်ဆိုင်အတွေ့တွင် ပစ်ခတ်ခြင်းခံရပြီး ဒဏ်ရာလေးချက်ရရှိ၍ ရန်ကုန်ဆေးရုံကြီးသို့အရောက်တွင် ကွယ်လွန်ရှာသည်။

**ခေါင်းဆောင်ကြီးများ စည်းဝေး**

နံနက် ၁၀ နာရီ ၂၅ မိနစ်ခန့်တွင် အစည်းအဝေးစတင်ကျင်းပပါသည်။ တက်ရောက်ကြသူဝန်ကြီးများအားလုံးတို့သည် စားပွဲထိပ်ဆုံးရှိ ဗိုလ်ချုပ်အောင်ဆန်းဘက်သို့ မျက်နှာမူကာ ထိုင်နေကြပါသည်။ ထိုအချိန်တွင် ဒုတိယအတွင်းဝန် ICS ဦးအုန်းမောင်က အရေးကြီးသောစီမံကိန်းဆိုင်ရာ အစီရင်ခံစာတစ်ရပ်ကို မတ်တတ်ရပ်၍ တင်ပြနေပါသည်။

အစည်းအဝေးစသည်နှင့် အခန်းကြီး၏တံခါးပေါက်များအားလုံးကို အတွင်းမှ ချက်ထိုး၍ ပိတ်ထားပါသည်။ ဝင်ပေါက်တံခါးတစ်ပေါက်သာ ဖွင့်ထားပါသည်။ ထိုအပေါက်ဝတွင် ရုံးလုလင် မောင်သောင်းစိန် ထိုင်စောင့်နေပါသည်။

**လူသတ်သမားတွေလာပြီ**

ထိုအချိန်တွင် လှေကားဘက်မှအပေါ်ထပ် လူသွားစင်္ကြံလမ်းပေါ်သို့ ခြေသံပြင်းပြင်းနှင့် ပြေးတက်လာကြသောအသံများ ကြားလိုက်ရသဖြင့် မောင်သောင်းစိန်က လှမ်းကြည့်လိုက်ရာ လက်နက်ကိုင်လူလေးယောက်တို့ကို မြင်လိုက်ရသည်။ ထိုသူများသည် ဗိုလ်ချုပ်တို့အစည်းအဝေးခန်းသို့ ပြေးဝင်လာကြသည်ကို မောင်သောင်းစိန်က ကြက်သေသေကာ ကြည့်နေမိသည်ဟုဆိုပါသည်။ သေနတ်သမား မောင်စိုးနှင့် သက်နှင်းတို့က သူ့ကို တော်မီဂန်းသေနတ်များဖြင့် ချိန်ရွယ်ထိုးလိုက်၍ ဘေးသို့ဒယီးဒယိုင်ဖြစ်သွားစဉ် သေနတ်သမားလေးယောက်စလုံး အခန်းတွင်းရောက်သွားကြပြီဖြစ်၍ မောင်သောင်းစိန်ခမျာ ဘာမျှမတတ်နိုင်တော့ပါ။

**ဗိုလ်ချုပ်ကိုသာ မဲပြီးပစ်**

ထိုစဉ် သေနတ်သမားများသည် အစည်းအဝေးခန်းအတွင်းရှိ ဝန်ကြီးများဆီသို့ ချိန်ရွယ်ပြီးလှမ်းအော်လိုက်သည်။

"ဟေ့ မပြေးနဲ့ . . . မထနဲ့"

ထိုအတွင်း အံ့အားသင့်နေသော ဗိုလ်ချုပ်အောင်ဆန်းက မတ်တတ်ရပ်ပြီး လက်တစ်ဖက်ကိုကာ၍ စကားပြောမည်ပြုစဉ် လူသတ်သမားမောင်စိုးက "ဟေ့. . ပစ်. . . ပစ်. . . ပစ်"ဟူသော အမိန့်ပေးသံနှင့်အတူ အချက်ပေါင်းများစွာ ပစ်ခတ်လိုက်သော အော်တိုမက်တစ်သေနတ်ကြီးသံများ ဆူဆူညံညံထွက်ပေါ်သွားပြီး ဗိုလ်ချုပ်အောင်ဆန်းသည် ကြမ်းပြင်ပေါ်သို့ ပုံလျက်သားလဲကျ၍ သေနတ်ဒဏ်ရာ ၁၃ ချက်ဖြင့် သွေးအိုင်ထဲတွင် လဲလျောင်းငြိမ်သက်သွားရှာတော့သည်။

**၁၀ နာရီ ၃၇ မိနစ်**

ထို့နောက် လူသတ်သမားမောင်စိုးနှင့်သက်နှင်းတို့လည်း ဘယ်ဘက်၊ ညာဘက် ဝန်ကြီးများရှိရာသို့ တော်မီဂန်းသေနတ်များဖြင့် တရစပ်ငွေ့ယမ်းပစ်ခတ်နေခိုက်တွင် ရန်ကြီးအောင်ကလည်း ဒူးထောက်ထိုင်လျက်စတင်းဂန်းသေနတ်ဖြင့် လဲလျောင်းကျသွားကြသော ဝန်ကြီးများကို တရစပ်ပစ်ခတ်နေ၏။ ဤကဲ့သို့ စက္ကန့် ၄၀ ခန့်မနားတမ်းပစ်ခတ်ကြပြီးနောက် လူသတ်သမားတို့သည် ဆုတ်ခွာထွက်ပြေးသွားကြလေတော့သည်။ အချိန်မှာ ၁၀ နာရီ ၃၇ မိနစ်ဖြစ်လေသည်။

**လွတ်မြောက်ကြသူများ**

အတွင်းဝန် ဦးရွှေဘော်၊ ဝန်ကြီး ဟသ်ာတ ဦးမြ၊ ဦးအောင်ဇံဝေနှင့် ဦးဗဂျမ်းတို့မှာ ကြမ်းပြင်ပေါ်လှဲချထွက်ပြေးနိုင်ခဲ့ကြသဖြင့် အသက်မသေ လွတ်မြောက်ခဲ့ကြလေသည်။

**သတင်းထောက်ကိုသန်း**

ထိုသို့ပစ်ခတ်လုပ်ကြံသတ်ဖြတ်ကြပြီးနောက် ခန်းမအတွင်းမှ ထွက်ပြေးလာကြသော လူသတ်သမားများနှင့် ဝန်ကြီးများအစည်းအဝေးခန်းသို့ အပြေးအလွှားရောက်လာသော သတင်းထောက်ကိုသန်း(ထိုစဉ်က ဘားမင်းအင်္ဂလိပ်သတင်းစာ၊ နောင်ဟံသာဝတီမူခင်းသတင်းထောက်)တို့ ပက်ပင်းတိုးတွေ့ကြလေရာ လူသတ်သမားများက ပစ်သတ်မည်အလုပ် ကိုသန်းက "ကျွန်တော်သတင်းထောက်ပါ" ဟုပြော၊ "ဒါဆိုမှောက်နေ"ဟုဆိုသဖြင့် ကြမ်းပြင်ပေါ်သို့မှောက်နေလိုက်ရပါသည်။ ထိုအချိန် ဝန်ကြီးဦးရာဇတ်၏ သက်တော်စောင့်ကိုထွေးကို ရန်ကြီးအောင်က စတင်းဂန်းဖြင့် ပစ်သတ်လိုက်သည်ကို သထင်းထောက်ကိုသန်းက တွေ့လိုက်ရပါသည်။ (နောင် နိုင်ငံတော်လုပ်ကြံမှုကြီးစစ်သောအခါ ခုံရုံးတွင် သတင်းထောက်ကိုသန်းက အရေးပါသောတရားလိုပြသက်သေအဖြစ် ထွက်ဆိုခဲ့ပါသည်။)

**သတင်းထောက်ကိုမောင်စိန်**

အလားတူ လူသတ်သမားများ စီးနင်းထွက်ပြေးသွားသော ဂျစ်ကားနံပါတ် R.C.1814 ကို တွေ့မြင်မှတ်သားလိုက်သော ရစီကရန်ဂျာနီအိန္ဒိယတမလ်သတင်းစာတိုက်မှ သတင်းထောက် ကိုမောင်စိန်ကလည်း ထိုနိုင်ငံတော်လုပ်ကြံမှုကြီးစစ်ဆေးရာ ခုံရုံးတွင် တရားလိုပြသက်သေအဖြစ် ထွက်ဆိုခဲ့ပါသည်။

**ထူးခြားသော စကားပုံတစ်ရပ်**

"The best of men cannot suspend their life.The good die early,the bad die late."

"အတော်ဆုံးလူတွေဟာ သူတို့ရဲ့ဘဝကို မြဲအောင်မတတ်နိုင်ကြဘူး။ သူတော်သူကောင်း။ နုကြွေကောင်း၍၊ သူယုတ်မာတွေ သက်ဆိုးရှည်၏"

ဤစကားပုံသည် တစ်ဝက်သာမှန်၍ ကျန်တစ်ဝက်မှား၏။ အဘယ်ကြောင့်ဆိုသော် သူတော်သူကောင်းတည်းဟူသော အမျိုးသားခေါင်းဆောင်ကြီး နိုင်ငံချစ်ပြည်သူချစ် ဗိုလ်ချုပ်အောင်ဆန်းတို့သည် နုနုငယ်ငယ်ဘဝတွင်ပင် အကြွေစောခဲ့ကြရပေ၏။

အလားတူ ဂဠုန်ဦးစောအမှုရှိသော သူယုတ်မာတစ်စုတို့မှာလည်း သက်ဆိုးမရှည်ကြပါဘဲ နိုင်ငံတော်လုပ်ကြံမှုကြီး စီရင်ရာနိုင်ငံတော်အထူးခုံရုံးမှ ချမှတ်သည့် စီရင်ချက်အတိုင်း ၁၉၄၈ ခုနှစ် မေလ ၈ ရက်နေ့တွင် အင်းစိန်ဗဟိုအကျဉ်းထောင်ကြီးနှင့် ရန်ကုန်အကျဉ်းထောင်ကြီးများအတွင်းရှိ ရာဇဝတ်သားများအတွက် ပြစ်ဒဏ်စီရင်ရာ ကြိုးစင်များတွင် သေဒဏ်စီရင်ခြင်းခံလိုက်ကြရပေသည်။

**နောက်ဆုံးထူးခြားချက်များ**

ဤအမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ နိုင်ငံတော်ခေါင်းဆောင်ကြီးများအား လုပ်ကြံသတ်ဖြတ်မှုကြီး၏ နောက်ဆုံးထူးခြားချက်များကို အနည်းငယ်တင်ပြလိုပါသည်။ လုပ်ကြံသတ်ဖြတ်ခံလိုက်ကြရသူ ပုဂ္ဂိုလ်ပေါင်း ကိုးဦးရှိသလို လုပ်ကြံမှုတရားခံများမှာလည်း ကိုးဦးရှိသည်ကို တိုက်တိုက်ဆိုင်ဆိုင် တွေ့ရှိရပါသည်။

**လုပ်ကြံမှုကြီး တရားခံကိုးယောက်**

နိုင်ငံတော်လုပ်ကြံမှုကြီးတွင် ပါဝင်ကျူးလွန်ခဲ့ကြသူ တရားခံကိုးဦးတို့မှာ ၁။ ဦးစော(၄၈)နှစ် လူသတ်သမားတို့၏ခေါင်းဆောင်သူမှာရင့် လက်ယာနိုင်ငံရေးသမား ၁၉၄၈ ခုနှစ် မေလ ၈ ရက်နေ့တွင် အင်းစိန်ထောင်၌ ကြိုးပေးကွပ်မျက်ခြင်းခံရသည်။ (၂) မောင်စိုး ဂဠုန်တပ်ဖွဲ့ဝင်သေနတ်သမား အင်းစိန်ထောင်၌ မေလ ၈ ရက်နေ့တွင် ကြိုးပေးကွပ်မျက်ခံရသည်။ (၃) သက်နှင်း သေနတ်သမား အင်းစိန်ထောင်တွင် ကြိုးပေးခံရသည်။ (၄) မှုန်ကြီး အင်းစိန်ထောင်တွင် ကြိုးပေးခံရသည်။ (၅) မောင်စိန် ရန်ကုန်ထောင်တွင် ၈. ၅. ၄၈ နေ့ ကြိုးပေးစီရင်ခံရသည်။ (၆) ရန်ကြီးအောင် ရန်ကုန်ထောင်တွင် ကြိုးပေးစီရင်ခံရသည်။ (၇)သုခ ကြိုးပေးမည့် တစ်ရက်အလိုတွင် အလုပ်နှင့်ထောင်ဒဏ်နှစ်(၂၀)ကျခံရ။ (၈) မောင်နီ အလားတူ ထောင်ဒဏ် နှစ်(၂၀)။ (၉) ခင်မောင်ရင် အလားတူ ထောင်ဒဏ် နှစ်(၂၀) ပြောင်းခံရသည်။

**လန်ဒန်ဝတ်လုံတော်ရကြီး**

ထိုထက်ထူးခြားစွာ ကိုးဂဏန်းနှင့်ဆုံ၍ ဖြစ်ပျက်ခဲ့သော ထူးဆန်းသည့်ကိစ္စတစ်ရပ်လည်း ဖြစ်ပျက်ခဲ့သေးသည်။ ဦးစောအတွက် လွတ်မြောက်ရန် အထူးလိုက်ပါဆောင်ရွက်ပေးခဲ့သော ဗြိတိသျှဘုရင့်ဥပဒေအကြံပေးပုဂ္ဂိုလ် ရာဝတ်မှုခင်းကြီးများတွင် အောင်မြင်ကျော်ကြားသော လန်ဒန်တော်ဝင် ဥပဒေပညာရှင် ဆာဖရက်ဒရစ် ဟင်နရီ၊ ကာတစ်ဘင်းနက် (K.C) Curtis-Bennett, Sir Frederick Henry(Derek)(KC.)သည် ၁၉၅၆ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် ၎င်းနေထိုင်ရာ လန်ဒန်မြို့နေအိမ်တိုက်ခန်းတွင်း၌ သေဆုံးနေသည်ကို တွေ့ရှိကြ၍ သေမှုသေခင်းအရ ဆေးရုံမှုခင်းဆရာဝန်များက ရင်ခွဲစစ်ဆေးသည်တွင် ဖော်ပြပါနေ့၌ သေဆုံးခြင်းမဟုတ်ဘဲ လေး၊ ငါးရက်ကပင်သေနေခြင်းဖြစ်သည်ဟု ဆေးစာတွင်ဖော်ပြသည်။ ထိုနေ့ရက်မှာ ဇူလိုင် ၁၉ ရက်နေ့ နိုင်ငံတော်လုပ်ကြံမှုကြီး ကိုးနှစ်မြောက်နေ့နှင့် တိုက်ဆိုင်နေကြောင်းဖြင့် ဖော်ပြသိရှိရပါသည်။ ဤသည်လည်း ၎င်းအမှုကြီးနှင့်စပ်သည့် ထူးခြားချက်ကြီးတစ်ရပ်ပင်ဖြစ်ပါသည်။

**နှစ်(၇၀)ပြည့် အာဇာနည်နေ့ မေးခွန်းသစ်**

- ဂဠုန်ဦးစောသာ ဗိုလ်ချုပ်တို့ကို မလုပ်ကြံဘဲ ၎င်းရရှိထားသော ခေတ်မီအစွမ်းထက် လက်နက်များနှင့် မြန်မာပြည်အနှံ့ ဆူပူဖျက်ဆီးနိုင်ခဲ့သော်
- အစိုးရ၏ လက်နက်ကိုင်စစ်တပ်အင်အားထက် အဆမတန်ရရှိထားသော လက်နက်ကြီးများဖြင့် နယ်ပယ်အနှံ့သိမ်းယူနိုင်ခဲ့သော်

ဗြိတိသျှနယ်ချဲ့သမားတို့ အလိုကျ ဗိုလ်ချုပ်အောင်ဆန်းအစိုးရပြုတ်ကျပြီး ဦးစောနန်းရင်းဝန်အစိုးရတက်ကာ နိုင်ငံတော်အုပ်ချုပ်ရေးအာဏာအရပ်ရပ်ကို အသာတကြည် ထိန်းချုပ်သွားနိုင်မည်ဖြစ်သည်။

ထိုသို့ဖြစ်လျှင် ဗိုလ်ချုပ်အောင်ဆန်းတိုက်ပွဲဝင်တောင်းဆိုထားသော အချုပ်အခြာအာဏာပိုင် လုံးဝလွတ်လပ်သော နိုင်ငံတော်အဖြစ်သို့ မရောက်တော့ဘဲ ဒိုမီနီယမ်နိုင်ငံ(ဗြိတိသျှအုပ်စိုးမှုလက်အောက်ခံနိုင်ငံ)အဆင့်ကို လက်ခံမည်ဆိုသည့် ဦးစောလက်ဝယ်တွင် မြန်မာတစ်မျိုးသားလုံး ကျွန်သပေါက်ဘဝဖြင့် ဆက်လက်ခေါင်းငုံ့ခံနေကြရမည်သာဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**"ဗိုလ်ချုပ်နှင့်တကွ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အစဉ်သတိရအောက်မေ့အလေးပြုလျက်. . . ."**

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ရေသယံဇာတနှင့် ဘေးအန္တရာယ်များဆိုင်ရာ တတိယအကြိမ် ကုလသမဂ္ဂအထူးအစည်းအဝေးတက်ရောက်ရန် ထွက်ခွာ




**ရန်ကုန် ဇူလိုင် ၁၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ ကျင်းပမည့် ရေသယံဇာတနှင့် ဘေးအန္တရာယ်များဆိုင်ရာ တတိယအကြိမ် ကုလသမဂ္ဂအထူးအစည်းအဝေးသို့ တက်ရောက်ရန်အတွက် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့သို့ ယနေ့ည ၁၁ နာရီ ၁၅ မိနစ်က လေကြောင်းခရီးဖြင့် ထွက်ခွာရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးမှ သံရုံးဒုတိယအကြီးအကဲ Mr. John R. Groch နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။**(ဓါတ်ပုံ)**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် တာဝန်ရှိသူများ လိုက်ပါသွားကြပြီး ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့မှတစ်ဆင့် နယူးယောက်မြို့သို့ ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ Community Centre များ ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်လျက်ရှိ

**ရန်ကုန် ဇူလိုင် ၁၇**

ကလေးစာဖတ်ခန်းစာကြည့်တိုက်၊ သင်တန်းခန်းမ၊ ဘက်စုံသုံးခန်းမ၊ အစည်းအဝေးခန်းမ၊ အားကစားလေ့ကျင့်ရန်နေရာ၊ Youth Center များ ပါဝင်သည့် နိုင်ငံတကာနှင့်အညီ ပြည်သူများ အသိပညာပေးနိုင်မည့် လူမှုအခြေပြုဗဟိုဌာန (Community Centre)များကို ပြန်ကြားရေးဝန်ကြီးဌာနက တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ (၁၈)နေရာတွင် ဖွင့်လှစ်နိုင်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ရန်ကုန်တိုင်းဒေသကြီး ခရိုင်၊ မြို့နယ်အဆင့်တို့မှ တာဝန်ရှိသူများနှင့် လွှတ်တော်ကိုယ်စားလှယ်များပူးပေါင်း၍ လုပ်ငန်းများဆောင်ရွက်ရေး၊ Community Centre များ ပူးပေါင်းအကောင်အထည်ဖော်ရေးတို့အတွက် တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အမှာစကားပြောကြားရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးများကို အစိုးရအဆက်ဆက်တွင် အမည်အမျိုးမျိုးဖြင့် ပြောင်းလဲဖွင့်လှစ်ခဲ့ကြောင်း၊ "ပြည်သူ့ဆက်ဆံရေး"ဟု ယခင်ခေတ်ကတည်းက သုံးစွဲခဲ့ပြီး အများပြည်သူနှင့် တိုက်ရိုက်ထိတွေ့ ဆက်ဆံရန် အမြို့မြို့ အနယ်နယ်တွင် ရုံးများထားရှိ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ သို့ရာတွင် အစိုးရများ၏ သဘာဝအပေါ် မူတည်ပြီး လုပ်ကိုင်ဆောင်ရွက်ပုံကွဲပြားခြင်းများရှိပါကြောင်း၊ ဒီမိုကရေစီအစိုးရအနေဖြင့် အများပြည်သူသို့ အသိပေးအစီရင်ခံရန်နှင့် အများပြည်သူအသံကို နားထောင်ရန် လိုအပ်ပါကြောင်း။

ထို့အတူ ခေတ်ကာလလိုအပ်ချက်နှင့် လျော်ညီစွာ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပြောင်းလဲလာသည့် ခေတ်ကာလစနစ်၊ ပြောင်းလဲလာသည့် အနေအထား၊ အသုံးအဆောင်ပစ္စည်းများနှင့်အညီ ပြောင်းလဲဆောင်ရွက်ရမှုများ ရှိပါကြောင်း။

ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် နိုင်ငံရေးကိစ္စများ စီမံဆောင်ရွက်ရာတွင် အများပါဝင်ဆုံးဖြတ်ဆောင်ရွက်သည့်စနစ်ကို ပြောင်းလဲလာခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်၏အုပ်ချုပ်ရေး၊ ဥပဒေပြုရေးစသည့် ယန္တရားများတွင် အများပါဝင်သည့် စနစ်ကို ကျင့်သုံးလာပါကြောင်း။

ထို့ကြောင့် နိုင်ငံရေးဖြစ်စဉ်တွင် ပြည်သူများပါဝင်မှုတိုးတက်ရန်လိုပါကြောင်း၊ အများပြည်သူ တိုးတက်ပါဝင်လေ ဒီမိုကရေစီပိုပြင်လေဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် နေရာတစ်ခုဖြစ်သည့် Community Centre ဆိုသည်မှာ ရပ်ရွာအခြေပြုစုဝေးနိုင်သည့်နေရာဟု သာမန်အားဖြင့် ပြောဆိုနိုင်ပါကြောင်း၊ လူမှုအခြေပြုဗဟိုဌာနဟု တိုက်ရိုက်ဘာသာပြန်ပြီး ယာယီသုံးစွဲနေပါကြောင်း။

ထိုနေရာတွင် ကိုယ့်ရပ်ရွာကိစ္စများကို ပြောဆိုဆွေးနွေးကြသည့် နေရာမျိုးဖြစ်လိုပါကြောင်း၊ နိုင်ငံရေးဖြစ်စဉ်တွင် အများပြည်သူပါဝင်မှုတိုးတက်စေရန်အတွက် အထောက်အကူပြုသည့် နေရာတစ်ခုဖြစ်စေရန် ရည်ရွယ်ပြီး ပြည်သူ့ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးခြင်းဖြစ်ပါကြောင်း။

Community သည် နေရာဒေသတွင် ရှိနေသူများပါဝင်သည့် အဝန်းအဝိုင်းတစ်ခုဖြစ်ပြီး ၎င်းနေရာတွင် လူများစုဝေးကြကာ ရပ်ရွာကိစ္စနှင့် အထွေထွေကိစ္စရပ်များ ပြောဆိုကြပါကြောင်း။

Community Centre များမှ ထွက်ပေါ်လာသည့် အသံနှင့် သဘောထားများသည် ပြည်သူ့အသံများဖြစ်ပေါ်လာရန် လိုပါကြောင်း၊ ဒီမိုကရေစီခေတ်တွင် အောက်ခြေလူထု၏ အသံသဘောထားများက အထက်သို့ တက်ရမည်ဖြစ်ပါကြောင်း။

ကလေးများ၊ လူငယ်များ၊ ရပ်ရွာလူထု၊ လူကြီး၊ လူလတ်အားလုံးအတွက် ဘက်စုံအထောက်အကူပြုသည့် Centre တစ်ခုဖြစ်ရန် ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာကြည့်တိုက်နှင့် ရုံးခန်းရှိသည့် အဆောက်အအုံကို အခြားအဖွဲ့အစည်းများနှင့် ဆက်စပ်ပြီး Community Centre ဖြစ်လာစေရန် စတင်ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် တွဲဖက်ပြီး နတ်မောက်၊ မြောင်းမြ၊ အင်းစိန်၊ ပျဉ်းမနားတို့တွင် မူလရှိသည်များကို ပြင်ဆင်ပြီး Community Centre ကဲ့သို့ဖြစ်လာရန် အနယ်နယ်အရပ်ရပ်က စာကြည့်တိုက်များကို Community Library အသွင်ပြောင်းနိုင်ရန် ဆောင်ရွက်နေ ကြောင်း၊ Community ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုသော ရည်ရွယ်ချက်နှင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ Community Centre နှင့် Community Library တွဲထားပြီး ၎င်းနှစ်ခု၏ အကျိုးသက်ရောက်မှုသည် ရပ်ရွာဒေသဖွံ့ဖြိုးတိုးတက်ရန်ဖြစ်ပါကြောင်း၊ လူငယ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မှုနှင့် တစ်ပြိုင်တည်းမှာပင် ရပ်ရွာအရေးကိစ္စကို နှီးနှောဆွေးနွေးရန် အဓိကထားပါကြောင်း။



**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။**

ရပ်ရွာကိစ္စများကို သက်ဆိုင်ရာရပ်ရွာရှိလူများက ဆွေးနွေးတိုင်ပင်ကြပြီးဖြစ်သင့် ဖြစ်ထိုက်သည့် စည်းမျဉ်း၊ စည်းကမ်းများ ဖြစ်လာမည်ဆိုလျှင် မိမိတို့မြန်မာ့လူ့အဖွဲ့အစည်းသည် ပိုပြီးနေချင်စဖွယ်ဖြစ်သော ပိုပြီးဒီမိုကရေစီနည်းကျသည့် လူ့အဖွဲ့အစည်းဖြစ်လာမည်ဟု မြင်ပါကြောင်း။

Community Centre သည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးက စာကြည့်တိုက်နှင့် ရုံးခန်းကို ခေတ်မီတိုးတက်အောင် အဆင့်မြှင့်တင်မှု သက်သက်သာ လုပ်ဆောင်ခြင်း မဟုတ်ဘဲ ဒီမိုကရေစီတည်ဆောက်ရေးဖြစ်စဉ်အတွက် အထောက်အကူပြုနိုင်သည့် နေရာဌာနတစ်ခုဖြစ်ပါကြောင်း၊ အဆိုပါနေရာဌာနကို ခင်းကျင်းပြင်ဆင်ထားမှုသာမဟုတ်ဘဲ ရပ်ရွာကိစ္စနှင့် လူငယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုံးစွဲကြမည်ဆိုလျှင် Community Centre သည် ရပ်ရွာအတွက် အကျိုးကျေးဇူးပြုသော၊ အထောက်အကူပြုသော နေရာတစ်ခုဖြစ်လာမည့်အပြင် မြန်မာ့လူ့အဖွဲ့အစည်းကလည်း ဒီမိုကရေစီတည်ဆောက်ရေးအတွက် အထောက်အကူပြုသည့် အဖွဲ့အစည်းတစ်ခုဖြစ်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်က ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေက Community Centre များ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တက်ရောက်လာသည့် လွှတ်တော်ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးကြသည်။

ဆွေးနွေးချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

မြန်မာတစ်နိုင်ငံလုံးတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ၄၃၄ ရုံးရှိရာ Community Centre ကို မြစ်ကြီးနား၊ လွိုင်ကော်၊ ဘားအံ၊ ဟားခါး၊ စစ်ကိုင်း၊ ထားဝယ်၊ ပြည်၊ မကွေး၊ မော်လမြိုင်၊ စစ်တွေ၊ မန္တလေး၊ မိတ္ထီလာ၊ တောင်ကြီး၊ လားရှိုး၊ ပုသိမ်၊ သဃ်န်းကျွန်း၊ ဗဟန်း၊ လှိုင်မြို့နယ်တို့တွင် ဖွင့်လှစ်ရန်လျာထားဆောင်ရွက်လျက်ရှိပြီး ဇူလိုင် ၁၆ ရက်က မြစ်ကြီးနားမြို့၌ ဖွင့်လှစ်ခဲ့သည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သင့်တော်သည့် နေရာဒေသများတွင်လည်း ထပ်မံဖွင့်လှစ်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဝိုင်းမော်မြို့နယ် ပြန်/ဆက်ရုံးနှင့် စာကြည့်တိုက် ကြည့်ရှုစစ်ဆေး

**မြစ်ကြီးနား ဇူလိုင် ၁၇**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးနေဝင်းနှင့်အတူ ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် ဝိုင်းမော်မြို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး စာကြည့်တိုက်နှင့် လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့သို့ စစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ရုံးစာကြည့်တိုက်တွင် စာဖတ်သူ၊ စာအုပ်ငှားသူ တိုးပွားလာစေရေးနှင့် မိမိတို့ရုံးစိုက်ရာဒေသရှိ လူအများ၏လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရေးနှင့် ၎င်းတို့ စိတ်ဝင်စားမှုရှိလာစေရေးတို့အတွက် အဖွဲ့အစည်းအမျိုးမျိုးနှင့် ချိတ်ဆက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့စာကြည့်တိုက်ရှိ စာအုပ်များထဲမှ ပြည်သူများ ကိုးကားအသုံးပြုနိုင်ရေး ရှာဖွေဖတ်ရှုတတ်အောင် စာကြည့်တိုက်မှူးများက ကူညီဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကလေးစာဖတ်ခန်းများသို့ ကလေးများလာရောက်နိုင်ရေး ဖိတ်ခေါ်ဆောင်ရွက်သွားရမည်ဖြစ်ပြီး လူအများနှင့် ဆက်သွယ်စည်းရုံး၍ ရပ်ရွာအားကိုးသည့် စာကြည့်တိုက်များ၊ Community Centre များအဖြစ် အသုံးဝင်သည့် နေရာ၊ အကျိုးကျေးဇူးရှိသည့် နေရာတစ်ခုဖြစ်လာစေရန် မိမိတို့ဝန်ထမ်းများက ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရုံးစာကြည့်တိုက်အတွင်း စာအုပ်များ ခင်းကျင်းဆောင်ရွက်ထားရှိမှု၊ စာဖတ်သူ၊ စာအုပ်ငှားမှုအခြေအနေ၊ ကလေးစာဖတ်ခန်းနှင့် ရုံးလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

**ပြည်နယ် (ပြန်/ဆက်)**



# မကွေးမြို့ ပြည်လုံးချမ်းသာ ဆုတောင်းပြည့်နီးဘုရားကြီး လာရောက်ပူးမြော်သူများနှင့် အထူးစည်ကား

**မကွေး ဇူလိုင် ၁၇**

မကွေးတိုင်းဒေသကြီး မကွေးမြို့ နံကပ်ကျွန်းအုပ်စု မြသလွန်ကုန်းတော်အရှေ့မြောက်ဘက် ဇေယျာသီရိကျောင်းတိုက်အတွင်း၌ ဇူလိုင် ၅ ရက်က သံဃာအပါး ၁၁၅ ပါးဖြင့် အနေကဇာတင် မင်္ဂလာပြုလုပ်၍ တည်ထားကိုးကွယ်ခဲ့သော ပြည်လုံးချမ်းသာ မဟာဆုတောင်းပြည့်ရုပ်ရှင်တော်မြတ် နီးဘုရားကြီးသည် ဘုရားဖူးလာ ရဟန်းရှင်လူ ပြည်သူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

အဆိုပါ နီးဘုရားကြီးသည် ဉာဏ်တော်အမြင့်ပေ ၂၀ ရှိပြီး ဇေယျာသီရိကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တကုန္ဒာစာရနှင့် အလှူရှင်များက သိန်း ၄၈၀ ကျော် စုပေါင်းလှူဒါန်းမှုဖြင့် ဇွန် ၁ ရက်တွင် ရက်လုပ်ပြီးစီးခဲ့ခြင်းဖြစ်သည်။ နီးဘုရားကြီးကို ဖယောင်းဝါး ၂၇၅ လုံး၊ နွယ်ဝါးအလုံး ၃၀၀ တို့ဖြင့် ရက်လုပ်ပူဇော်ခဲ့ခြင်းဖြစ်ပြီး ဝါးခွဲခြင်း၊ နီးဖြာခြင်း၊ ရက်လုပ်ပူဇော်ခြင်းများအတွက် အချိန် ၁၁ လခန့်ကြာမြင့်ခဲ့ပြီး နီးဘုရားကြီးအား ရေရှည်တည်တံ့ခိုင်မြဲစေရန် သစ်စေးသုတ်၍ ရွှေသက်န်းများလည်း ဆက်ကပ်လှူဒါန်းပူဇော်မည်ဟု သိရသည်။

**မေသူလွင် (မကွေးကိုယ်ပွား)**

### ☆ အာဇာနည်မှ

ယခုနှစ်တွင် အာဇာနည်ဗိမာန်ပန်းခြံအတွင်း ထူးခြားစွာပြင်ဆင်ထားမှုများမှာ အများပြည်သူများကြည့်ရှုရန်အတွက် ကြွေလွင့်သွားသောကြယ်နေရာတွင် လှပသန့်ရှင်းသော မြက်ခင်းများကို ပြန်လည်၍ အကွက်ဖော်မွမ်းမံထားမှုများ၊ အာဇာနည်ဗိမာန်အမြောင်းကိုးခုအောက်ခြေတွင် ခေါင်းဆောင်ကြီးများ၏ ရာဇဝင်ကို ကြေးပြားဖြင့် ကမ္ပည်းရေးထိုးထားမှုများ၊ အာဇာနည်ဗိမာန်ပန်းခြံအဝင်လမ်းနှင့် အများပြည်သူအဝင်လမ်းတို့တွင် ဗိုလ်ချုပ်အောင်ဆန်း၏ အဆိုအမိန့်နှင့်မိန့်ခွန်းများ၊ မြန်မာ့လွတ်လပ်ရေးအတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့သော ခေါင်းဆောင်ကြီးများ၏ သမိုင်းမှတ်တမ်းများ၊ တိုင်းပြုပြည်ပြုလွှတ်တော်အမတ်ဖြစ်ချိန်တွင် နိုင်ငံလွတ်လပ်ရေးအတွက် အရပ်သားအစိုးရဘဝတွင် မြန်မာအမျိုးသားဝတ်စုံများဖြင့် လှုပ်ရှားမှုဓာတ်ပုံများ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် တောင်ပေါ်မြေပြန့်မခွဲခြားဘဲ တိုင်းရင်းသားဝတ်စုံများဖြင့် လှုပ်ရှားဆောင်ရွက်ခဲ့သော သမိုင်းဝင်ဓာတ်ပုံများကို မြန်မာဗိသုကာပညာရှင်ဦးမော်လင်းက သစ်လွင်လှပသော GRAPHIC ဒီဇိုင်းများဖြင့် ပုံဖော်ထားမှုကို ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း ဦးစောနိုင်က ပြောပြသည်။

**(စောသိန်းဝင်း)**

### ❍ မြန်မာအမျိုးသမီးမှ

အမျိုးသမီးဖူဆယ်ကလပ်အသင်းများ မရှိသောကြောင့် မြန်မာ့လက်ရွေးစင်အမျိုးသမီးဖူဆယ်အသင်းသည် ပြည်တွင်း၌ ခြေစမ်းပွဲကစားရန်အဆင်မပြေရာ ပြည်ပသို့ သွားရောက်ခြင်းဖြစ်သည်။ မြန်မာအမျိုးသမီး ဖူဆယ်အသင်းသည် ဇူလိုင် ၁၉၊ ၂၁၊ ၂၃၊ ၂၅ ရက်တို့တွင် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ထိုင်းလက်ရွေးစင်အမျိုးသမီးအသင်းနှင့် နှစ်ပွဲ၊ အီရန်လက်ရွေးစင် အမျိုးသမီးအသင်းနှင့် တစ်ပွဲကစားရန် သဘောတူညီမှုရထားကာ ကျန်တစ်ပွဲအတွက် အသင်းများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။ မြန်မာအမျိုးသမီး ဖူဆယ်အသင်းတွင် အုပ်ချုပ်သူ ဒေါ်ပုံ့ပုံ့ကြည်၊ အတွင်းရေးမှူး ဒေါ်ချိုဇင်မင်း၊ နည်းပြချုပ် ဦးဌေးမြင့်၊ လက်ထောက်နည်းပြ ဒေါ်သီတာကြည်၊ ဂိုးနည်းပြ ဒေါ်ဇာလီဝင်း၊ ကစားသမားများအဖြစ် ဂိုးသမား ခင်နှင်းသန့်၊ ဇင်မင်းထွန်း၊ နွယ်နွယ်စိုး၊ ကေခိုင်စိုး၊ ကစားသမား-ဝါဝါခိုင်၊ ခင်မာလင်း၊ နန်းခမ်းမို၊ ခိုင်မာဦး၊ စန္ဒာထွေး၊ ပပဝင်း၊ ယုယုစိုး၊ ကေသီစိုး၊ မိဆက်၊ တင့်တင့်ထွန်း၊ ဆုပိုပိုကျော်၊ ဘေဝါထူး၊ သူဇာဝိုင်း၊ အေးစန္ဒာလှိုင်၊ ရွှေဇင်အောင်၊ တင်ဇာမိုး၊ အိအိကျော်၊ ဝါဝါထူးတို့ ပါဝင်ကြသည်။

မြန်မာအမျိုးသမီးအသင်းသည် ယခုခြေစမ်းခရီးစဉ်တွင် ကစားသမား ၂၂ ဦး ခေါ်ဆောင်သွားမည်ဖြစ်ပြီး ပဏာမလက်ရွေးစင်ကစားသမားများ၏ ခြေစွမ်းကို စမ်းသပ်သွားမည်ဖြစ်ကာ ပြန်လည်ရောက်ရှိလာပါက ဆီးဂိမ်းပြိုင်ပွဲအတွက် အပြီးသတ်ရွေးချယ်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က သိမ်းဆည်းခံလယ်ယာမြေ တောင်သူများ တောင်းဆိုချက်နှစ်ချက်အနက် တစ်ချက်ကို လိုက်လျောပေးခဲ့

**မန္တလေး ဇူလိုင် ၁၇**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က သိမ်းဆည်းခံလယ်ယာမြေတောင်သူကိုယ်စားလှယ်များ တောင်းဆိုချက်နှစ်ချက်အနက် တိုင်းဒေသကြီးအဆင့် သိမ်းဆည်းမြေ ပြန်လည်ရရှိရေး ပြန်လည်စိစစ်ရေး ကော်မတီအဖွဲ့တွင် တောင်သူလယ်သမား ကိုယ်စားလှယ် တစ်ဦးပါဝင်ခွင့်ကို မူအားဖြင့် လက်ခံခွင့်ပြုပေးမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်းက ပြောသည်။



အဆိုပါ ပြောကြားချက်ကို ဇူလိုင် ၁၇ ရက် မွန်းလွဲ ၂ နာရီတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် သိမ်းဆည်းခံလယ်ယာမြေတောင်သူကိုယ်စားလှယ် ၁၂ ဦးတို့ တွေ့ဆုံဆွေးနွေးပွဲအပြီး မီဒီယာရှင်းလင်းပွဲတွင် ဝန်ကြီးက ပြောကြားခဲ့ခြင်းဖြစ်သည်။

"မြေပြန်စစ် ကော်မတီမှာ ထည့်သွင်းဖို့က ဒီကိုယ်စားလှယ်က တောင်သူစစ်စစ်ဖြစ်ရမယ်။ လယ်ယာလုပ်ကိုင်သူ သိမ်းဆည်းခံတောင်သူဖြစ်ရမယ်။ လက်ရှိ ပါတီအဖွဲ့အစည်း (သို့မဟုတ်) အရပ်ဘက်အဖွဲ့အစည်းတွေမှာ တာဝန်ယူဆောင်ရွက်နေသူ မဖြစ်ရပါဘူး။ အရေးကြီးဆုံးက ဒေသခံ တောင်သူဖြစ်ရမယ်ဆိုတဲ့ မူဝါဒတွေပြည့်စုံဖို့ လိုပါတယ်။ နောက်တစ်ခါ ပြန်တွေ့ဆုံဖို့ရှိပါတယ်။ တွေ့ဆုံတဲ့အခါမှာ မြေပြန်စစ်အဖွဲ့မှာ တိုင်းဒေသကြီးအဆင့်ထိ ကိုယ်စားလှယ်ခန့်ဖို့ ကိုယ်စားလှယ်တွေ ရွေးလာဖို့မှာလိုက်ပါတယ်"ဟု ၎င်းက ပြောသည်။ ထိုင်သပိတ်စခန်းဖွင့်လှစ်နေသည့် တောင်သူများ၏ တောင်းဆိုချက်များမှာ တိုင်းဒေသကြီးအဆင့် သိမ်းဆည်းမြေ ပြန်လည်ရရှိရေး ပြန်လည်စိစစ်ရေး ကော်မတီတွင် အဖွဲ့ဝင်အဖြစ် တောင်သူကိုယ်စားလှယ်တစ်ဦး ပါဝင်ခွင့်ရရှိရေးနှင့် တရားစွဲဆိုခံထားရသည့် တောင်သူများကို ပြန်လည်လွှတ်ပေးရေးတို့ဖြစ်ကြောင်း သိရသည်။

"ဒုတိယတောင်းဆိုချက်တစ်ချက်ဖြစ်တဲ့ တရားစွဲဆိုခံထားရတဲ့ တောင်သူတွေကို ပြန်လည်လွှတ်ပေးဖို့ ဆိုတာက ကျွန်တော်တို့အနေနဲ့ တရားရေးမဏ္ဍိုင်ကို အုပ်ချုပ်ရေးမဏ္ဍိုင်က လွှမ်းမိုးလို့မရပါဘူး။ ဒါပေမယ့် ဆွေးနွေးပွဲကို တက်ရောက်တဲ့ တရားသူကြီးချုပ်နဲ့ ဥပဒေချုပ်ကတော့ တရားရင်ဆိုင်နေရတဲ့ အမှုတွေထဲက ဘယ်အမှုကို ဖြေလျှော့ပေးလို့ရမလဲဆိုပြီး ဆက်လက်ဆွေးနွေးနေပါတယ်"ဟု ဝန်ကြီးက ပြောသည်။

လက်ရှိတွင် မြို့နယ် ၁၂ မြို့နယ်မှ သိမ်းဆည်းခံမြေယာတောင်သူများက ဇူလိုင် ၆ ရက်မှစ၍ မန္တလေးမြို့ (၆၂)လမ်း၊ (၂၄)လမ်းနှင့် (၂၅)လမ်းကြားတွင် ထိုင်သပိတ်စခန်း ဖွင့်လှစ်လျက်ရှိရာ ဇူလိုင် ၁၆ ရက်တွင် ခွင့်ပြုသတ်မှတ်ရက် ကျော်လွန်ခဲ့သော်လည်း တောင်းဆိုချက်များ လိုက်လျောမှုမရှိပါက သပိတ်စခန်းဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ဆန္ဒပြတောင်သူကိုယ်စားလှယ် ဒေါ်ခင်ညိုက ပြောသည်။

အဆိုပါ သပိတ်စခန်းဖွင့်လှစ်ထားမှုအပေါ် ငြိမ်းစုစီဥပဒေနှင့် ညီညွတ်ခြင်းမရှိသော်လည်း တောင်သူများ၏ ခံစားချက်များကို နားလည်မှုပေးကာ ဥပဒေအားလုံးကို ဖြေလျှော့ပေးထားပြီး လတ်တလောတွင် ၎င်းသပိတ်စခန်းနှင့်ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအနေဖြင့် ဆောင်ရွက်ရန် အစီအစဉ်မရှိသေးကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာ စိုးသန်းက ပြောသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# အာဆီယံ ယူ-၁၅ ပြိုင်ပွဲတွင် မြန်မာအသင်းအုပ်စုအဆင့်မှ ထွက်ခဲ့ရ

**နေပြည်တော် ဇူလိုင် ၁၇**

အာဆီယံယူ-၁၅ ပြိုင်ပွဲအုပ်စု(က)နောက်ဆုံးနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ထိုင်းနိုင်ငံ ချောင်ဘူရီမြို့၌ ဆက်လက်ကျင်းပရာ မြန်မာယူ-၁၅ အသင်းအုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

မြန်မာယူ-၁၅ အသင်းသည် ထိုင်းနှင့် နောက်ဆုံးပွဲမကစားမီ ဩစတြေးလျအသင်းက အနိုင်ရသွားသောကြောင့် ဆီမီးဖိုင်နယ်တက်ရောက်ရန် မျှော်လင့်ချက်အဆုံးသတ်ခဲ့ရသော်လည်း အားကုန်ထုတ် ကစားခဲ့ရသည်။ မြန်မာအသင်းသည် ကြိုးစားကစားခဲ့သော်လည်း အိမ်ရှင်ထိုင်းအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ အခြားပွဲတွင် ဩစတြေးလျအသင်းက လာအိုအသင်းကို သုံးဂိုး-တစ်ဂိုး၊ အင်ဒိုနီးရှားအသင်းက စင်ကာပူအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ အုပ်စု(က) ပွဲစဉ်များအပြီးတွင် ထိုင်းအသင်းက ၁၅ မှတ်ဖြင့် အုပ်စုပထမ၊ ဩစတြေးလျအသင်းက ၁၂ မှတ်ဖြင့် အုပ်စုဒုတိယရရှိကာ ဆီမီးဖိုင်နယ် တက်ရောက်သွားပြီး မြန်မာအသင်းသည် ခုနစ်မှတ်ဖြင့် အုပ်စုအဆင့်မှထွက်ခဲ့ရသည်။

**(ရဲရင့်ရှိုင်း)**



# အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီ ဘားအံမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာ

**ဘားအံ ဇူလိုင် ၁၇**

ဘားအံမြို့၌ ရောက်ရှိနေသည့် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီနှင့်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ဘားအံမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားသည်။

မစ္စယန်ဟီလီနှင့်အဖွဲ့သည် ဘားအံမြို့သို့ ဇူလိုင် ၁၆ ရက် မွန်းလွဲပိုင်းက ရောက်ရှိခဲ့ပြီး ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် ပြည်ထောင်စုရိပ်သာ ပဒိုဒေးဗစ်တောခန်းမ၌လည်းကောင်း၊ CSO များ၊ ကရင်လူမှုအဖွဲ့အစည်းများနှင့် သီရိဘားအံဟိုတယ်အစည်းအဝေးခန်းမ၌ လည်းကောင်း တွေ့ဆုံခဲ့သည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

### ❖ ကျော့ဖုံးမှ

အဆိုပါ ဆူးလေ- ဒဂုံတက္ကသိုလ် ခရီးလမ်းကြောင်းကို ဒဂုံတက္ကသိုလ်မှ ဗိုလ်မှူးဗထူးလမ်း၊ ပြည်ထောင်စုလမ်း၊ ပင်လုံလမ်း၊ ပါရမီလမ်း၊ သုမင်္ဂလာလမ်း၊ သစ္စာလမ်း၊ ရန်ကင်းလမ်း၊ ရန်ရှင်းလမ်း၊ စက်မှု(၁)လမ်း၊ ကမ္ဘာအေး စေတီလမ်းအတိုင်း ဆူးလေသို့လည်းကောင်း ပြေးဆွဲသွားမည်ဖြစ်ပြီး ဆူးလေတွင် ဂိတ်ဆုံးအဖြစ် ထားရှိမည်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က တရုတ်နိုင်ငံ အစိုးရနှင့် ချိတ်ဆက်ဝယ်ယူခဲ့သော Yutong နှင့် Ankai ဘတ်စ်ကားသစ် အစီး ၅၀၀ စီအား အများပိုင်ယာဉ်လိုင်းကုမ္ပဏီဖြစ်သည့် YBPC ကုမ္ပဏီနှင့် YUPT ကုမ္ပဏီတို့ကို ထည့်သွင်းပြေးဆွဲစေမည်ဖြစ်ပြီး YBPC ကုမ္ပဏီအနေဖြင့် ဆူးလေ - ဒဂုံတက္ကသိုလ်သို့ ထပ်မံပြေးဆွဲခြင်းအပြင် YUPT ကုမ္ပဏီကလည်း ယာဉ်လိုင်း ၁၀ လိုင်းခန့်တွင် ဘတ်စ်ကားအသစ်များ ထည့်သွင်းပြေးဆွဲသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ထံမှ သိရသည်။

**(ဝဝ၁)**

■

# VDP စီမံကိန်းကျေးရွာ ကွင်းဆင်းစစ်ဆေး

**မော်လမြိုင် ဇူလိုင် ၁၇**

မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးရဲဝင်းနှင့် ဝန်ထမ်းများသည် ကျိုက်မရောမြို့နယ်၌ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ခဲ့သော VDP စီမံကိန်းကျေးရွာ ညောင်ကုန်းကျေးရွာ၊ ကရင်လှိုင်ကျေးရွာ၊ တရနာကျေးရွာ၊ ခရုံကျေးရွာများသို့ ဇူလိုင် ၁၄ ရက်တွင် သွားရောက်၍ စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သော လုပ်ငန်းများကို စစ်ဆေးခဲ့ကြောင်းသိရသည်။

**မင်းသန့်(ကျေးလက်)**

# ၂၀၁၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့၊ နှစ်(၇၀)ပြည့် အာဇာနည်နေ့ အခမ်းအနားကျင်းပစဉ် လမ်းကြောင်းပိတ်ဆို့ထားမှု၊ အာဇာနည်ဗိမာန်သို့ ဝင်ရောက်ရမည့်လမ်းကြောင်းသတ်မှတ်မှုနှင့် လုံခြုံရေးကို ထိခိုက်စေနိုင်မည့် ပစ္စည်းတစ်စုံတစ်ရာ ယူဆောင်ခွင့်မပြုကြောင်း သတ်မှတ်ကြေညာခြင်း

၁။ နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနားကို ရန်ကုန်မြို့ အာဇာနည်ဗိမာန်၌ ၂၀၁၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ နံနက် ၈ နာရီတွင် စတင်ကျင်းပမည်ဖြစ်ရာ ဇူလိုင်လ ၁၈ ရက်နေ့ ညနေ ၆ နာရီမှ ဇူလိုင်လ ၁၉ ရက်နေ့ ညနေ ၆ နာရီ အထိ အောက်ဖော်ပြပါလမ်းကြောင်းများကို ဖြတ်သန်းသွားလာမှု ယာယီပိတ်ဆို့ထားမည်ဖြစ်ပါသည်-

(က) ဦးဝိစာရလမ်းနှင့် အနောက်ရွှေဂုံတိုင်လမ်းဆုံရာမှ အနောက်ရွှေဂုံတိုင်လမ်းအတိုင်း လင့်လမ်းနှင့် ဆုံရာအထိ။

(ခ) အနောက်ရွှေဂုံတိုင်လမ်းမှ အာဇာနည်လမ်းအတိုင်း ရွှေတိဂုံဘုရားအရှေ့မုခ် စောင်းတန်းအထိ။

(ဂ) အနောက်ရွှေဂုံတိုင်လမ်းမှ အာဇာနည်ဗိမာန်သို့ တက်ရောက်ရာ အုတ်လှေကားလမ်းနှင့် ကျောက်ဆည်မြှောရုံဘေးလမ်းကြားများ။

၂။ အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက်ရန် ဖိတ်ကြားထားသော ဧည့်သည်တော်များသည် ရွှေတိဂုံတောင်ဘက်မုခ်မှ အာဇာနည်လမ်းအတိုင်း ရွှေတိဂုံအရှေ့ဘက်မုခ်မှတစ်ဆင့် ရွှေတိဂုံမြောက်ဘက်မုခ်ရှိ အာဇာနည်ဗိမာန်ဝင်ပေါက်ဂိတ်(၂)မှ ဝင်ရောက်ပြီး အနောက်ရွှေဂုံတိုင်လမ်းသို့ ဂိတ်(၃)မှ ပြန်လည်ထွက်ခွာရမည်ဖြစ်ပါသည်။

၃။ ဇူလိုင်လ ၁၉ ရက်နေ့ မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီအထိ အာဇာနည်ဗိမာန်သို့ အများပြည်သူလာရောက်ဂါရဝပြုနိုင်ရန် ဖွင့်လှစ်ထားမည်ဖြစ်ရာ လာရောက်ကြမည့် ပြည်သူများသည် အနောက်ရွှေဂုံတိုင်လမ်းမှတစ်ဆင့် အနောက်ရွှေဂုံတိုင်လမ်းနှင့် အာဇာနည်လမ်းဆုံရှိ ဂိတ်(၁)မှ ဝင်ရောက်၍ ဂိတ်(၂)မှတစ်ဆင့် အာဇာနည်လမ်းအတိုင်း ရွှေတိဂုံအရှေ့ဘက်မုခ်စောင်းတန်းသို့ထွက်ခွာရမည်ဖြစ်ပါသည်။

၄။ အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်ပြတိုက်နှင့် ဝန်ကြီးများရုံး(ယခင်အတွင်းဝန်ရုံး) များသို့ ဝင်ရောက်ဂါရဝပြုကြမည့်သူများသည် ပန်းခွေ၊ ပန်းစည်း၊ ပန်းခြင်းအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူးအမျိုးမျိုး၊ အလံအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်/ သံပိုက်/ကော်ပိုက်နှင့် ကြိုတင်စစ်ဆေးခံယူမှုမရှိသော လုံခြုံရေးကိုထိခိုက်စေနိုင်မည့် ပစ္စည်းတစ်စုံတစ်ရာ ယူဆောင်ခွင့်မပြုကြောင်း ကြိုတင်အသိပေး ကြေညာအပ်ပါသည်။

၅။ အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်ပြတိုက်နှင့် ဝန်ကြီးများရုံး (ယခင်အတွင်းဝန်ရုံး)များသို့ ဝင်/ထွက်ရာ လမ်းကြောင်းနှင့် ဂိတ်များ၌ လုံခြုံရေးအရ ရှာဖွေစစ်ဆေးမှုများကို ပူးပေါင်းကူညီသောအားဖြင့် ကြည်ဖြူစွာ အစစ်ဆေးခံပေးကြပါရန်နှင့် သတ်မှတ်လမ်းကြောင်းမှသာ စည်းကမ်းတကျ ဝင်ရောက်ထွက်ခွာကြပါရန် မေတ္တာရပ်ခံပါသည်။

## အသိပေးကြေညာချက်

အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်ပြတိုက်နှင့် ဝန်ကြီးများရုံး(ယခင်အတွင်းဝန်ရုံး) များသို့ လာရောက်ကြည့်ရှုလေ့လာမည့် မိဘပြည်သူများအနေဖြင့် အောက်ပါပစ္စည်းများကိုယူဆောင်၍ ဝင်ရောက်ခွင့်မပြုကြောင်း ကြိုတင်အသိပေးကြေညာအပ်ပါသည်-

- ပန်းခွေ၊ ပန်းစည်း၊ ပန်းခြင်းအမျိုးမျိုး
- ကင်မရာအမျိုးမျိုး
- လက်ကိုင်ဖုန်းအမျိုးမျိုး
- ဗီနိုင်းစအမျိုးမျိုး
- ပုလင်း/ဘူးအမျိုးမျိုး
- အလံအမျိုးမျိုး
- အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့် သံပိုက်/ကော်ပိုက်များ
- လက်ကိုင်အိတ်အမျိုးမျိုး

၂၀၁၇ ခုနှစ်၊ နှစ်(၇၀)ပြည့် အာဇာနည်နေ့ အခမ်းအနား
လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီ

# အာဇာနည်နေ့ကို ဂုဏ်ပြုသောအားဖြင့် ခရီးစဉ် ၂၂ ခု အခမဲ့ပြေးဆွဲပေးမည်

**မန္တလေး ဇူလိုင် ၁၇**

မန္တလေးမြို့ သီရိမန္တလာယာဉ်ရပ်နားစခန်းတွင် ဖွင့်လှစ်ပြေးဆွဲနေသော ရွှေကြယ်စင်ခရီးသည်ပို့ဆောင်ရေးအသင်း ငါးနှစ်ပြည့်အထိမ်းအမှတ်နှင့် နှစ်(၇၀)ပြည့် အာဇာနည်နေ့ အမှတ်တရအဖြစ် ရွှေကြယ်စင်အသင်းမှပြေးဆွဲလျက်ရှိသော ခရီးစဉ် ၂၂ ခုကို အခမဲ့ပြေးဆွဲခြင်းကို ဇူလိုင် ၁၉ ရက်၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဇူလိုင် ၁၉ ရက် မေ့မရနိုင်တဲ့ အာဇာနည်နေ့မှာ အခမဲ့ပြေးဆွဲပေးတာက ဒီနှစ်မှာ ဒုတိယအကြိမ်ပါ။ အခုလိုလုပ်တဲ့အတွက် ခရီးသွားပြည်သူတွေလည်း အာဇာနည်နေ့ကို ပိုပြီးသတိတရဖြစ်သွားမယ်"ဟု ဂိတ်တာဝန်ခံ ဦးစိန်သောင်းက ပြောသည်။

အဆိုပါအခမဲ့ခရီးစဉ်များမှာ ကာဘိုး-ဇီးကုန်း-ရွှေဘို-မန္တလေးခရီးစဉ်၊ မန္တလေး-ရွှေဘို-ကန့်ဘလူ-ကျွန်းလှခရီးစဉ်၊ တန့်ဆည်-ရေဦး-ခင်ဦး-ရွှေဘို-မန္တလေးနှင့်-ကောလင်း-ပင်လည်ဘူးခရီးစဉ်တို့ဖြစ်သည်။ ခရီးစဉ်အားလုံးကို ယခင်နေ့စဉ်ပုံမှန်ပြေးဆွဲပေးသည့် အချိန်အတိုင်း လေအိတ်ကားကြီး ကိုးစီးနှင့် မီနီဘတ်ကားလေး နှစ်စီးဖြင့် အသွားအပြန် အခမဲ့ပြေးဆွဲမည်ဖြစ်သည်။

ရွှေကြယ်စင်စက်သုံးဆီအရောင်းဆိုင်(ကာဘိုး)မှ အခမဲ့ပြေးဆွဲမည့်ယာဉ်များအတွက် တစ်နေ့တာလိုအပ်သော စက်သုံးဆီများကို ပံ့ပိုးကူညီမည်ဖြစ်သည့်အပြင် အာဇာနည်နေ့ကို သတိရစေရန် ရည်ရွယ်ကာ ဇီးကုန်းမြို့၌ မေတ္တာလွှင်ပြင်ဆေးပေးခန်းနှင့် ဘိုးတိုက်နယ်ပရဟိတအဆောက်အအုံကို ပေးအပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **(ဝဝ၂)**

# နှစ်(၇၀)ပြည့် အာဇာနည်နေ့အထိမ်းအမှတ်အကြို မြို့နယ်အဆင့် ကဗျာနှင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပ

**ထီးချိုင့် ဇူလိုင် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ နှစ်(၇၀)ပြည့် အာဇာနည်နေ့အထိမ်းအမှတ်အကြို မြို့နယ်အဆင့် ကဗျာနှင့် စာစီစာကုံးပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီက ထီးချိုင့်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အာဇာနည်ခေါင်းဆောင်ကြီးများအား ဂုဏ်ပြုသည့်အနေဖြင့် ကျောင်းသား ကျောင်းသူများအား အသိပညာဗဟုသုတကြွယ်ဝတိုးတက်စေရေးအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ရွေးချယ်ထားသော အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများ လာရောက်ဖြေဆိုခဲ့ကြသည်။

ပြိုင်ပွဲကျင်းပရာတွင် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို "အာဇာနည်နေ့နှင့် သမိုင်းပေးတာဝန်"ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်သူ လေးဦး၊ အလယ်တန်းအဆင့် စာစီစာကုံးကို "အာဇာနည်နေ့နှင့် လူငယ်တာဝန်" ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်သူ ၁၆ ဦး၊ မူလတန်းအဆင့် "ဆယ့်ကိုးဇူလိုင် မမေ့နိုင်"ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်သူ ကိုးဦး စုစုပေါင်း ၂၉ ဦး၊ အထက်တန်းအဆင့်ကဗျာကို "အာဇာနည်နေ့မှသည် အနာဂတ်ခေတ်သစ်ဆီ" ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်သူ လေးဦး၊ အလယ်တန်းအဆင့် "အာဇာနည်နေ့အတွေးနှင့် သန္နိဋ္ဌာန်" ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်သူ လေးဦး စုစုပေါင်း ရှစ်ဦးယှဉ်ပြိုင်ခဲ့ကြသည်။

ထိုသို့ယှဉ်ပြိုင်ကြသော အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းသား ကျောင်းသူ ၄၁ ဦးအနက် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများအား နှစ်(၇၀)ပြည့် အာဇာနည်နေ့အထိမ်းအမှတ် ဆုပေးပွဲအခမ်းအနား၌ ဆုများ အသီးသီးပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ခဲ(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မိုးစပါး ဧက တစ်သိန်းကျော် စိုက်ပျိုးပြီးစီး



**မုံရွာ ဇူလိုင် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မိုးစပါးစိုက်ပျိုးရာသီ ဇူလိုင်လ ဒုတိယပတ်အထိ ၁၂၅၁၉၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မိုးစပါးစိုက်ရာသီတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ၁၀ ခုတွင် မိုးစပါး ၁၇၈၄၁၉၂ ဧက စိုက်ပျိုးရန်လျာထားရာ ဇူလိုင်လ ဒုတိယပတ်အထိ ၁၂၅၁၉၅ ဧက စိုက်ပျိုးပြီးစီးခဲ့ပြီး လျာထားချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက်လည်း တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ စိုက်ပျိုးရေးဝန်ထမ်းများက တောင်သူများအား လိုအပ်သည့် စိုက်ပျိုးရေးအသိပညာဗဟုသုတများ၊ သွင်းအားစုပြည့်မီစွာအသုံးပြုရေး၊ ပိုးမွှားအန္တရာယ် ကြိုတင်ကာကွယ်ရေးအသိပညာပေးလုပ်ငန်းများကို လုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ ၁၇၈၄၁၉၂ ဧကလျာထားတယ်။ အဲဒီလျာထားချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ဖို့ တောင်သူတွေကို စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းတွေက စိုက်ပျိုးရေးနည်းပညာ၊ စိုက်ပျိုးစရိတ်တွေ အချိန်မီရရှိရေးတို့ကို ဆောင်ရွက်ပေးသွားမှာပါ"ဟု တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မိုးစပါးစိုက်ပျိုးပြီးစီးမှုအဖြစ် စစ်ကိုင်းခရိုင်အတွင်းရှိ မြို့နယ် သုံးခုတွင် ဧက ၂၆၂၀၊ မုံရွာခရိုင်အတွင်းရှိ မြို့နယ် လေးခုတွင် ၆၁၈၆ ဧက၊ ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ် ခြောက်ခုတွင် ၃၂၈၂၉ ဧက၊ ကန့်ဘလူခရိုင်အတွင်းရှိ မြို့နယ် နှစ်ခုတွင် ၇၉၄ ဧက၊ ကသာခရိုင်အတွင်းရှိ မြို့နယ် ခုနစ်ခုတွင် ၂၆၆၂၇ ဧက၊ ယင်းမာပင်ခရိုင်အတွင်းရှိ မြို့နယ်လေးခုတွင် ၃၅၃၁၈ ဧက၊ ကလေးခရိုင်အတွင်းရှိ မြို့နယ် သုံးခုတွင် ၁၂၅၈၆ ဧက၊ တမူးခရိုင်အတွင်းရှိ မြို့နယ်နှင့် မြို့နယ်ခွဲ သုံးခုတွင် ဧက ၁၆၃၀၊ မော်လိုက်ခရိုင်အတွင်းရှိ မြို့နယ် နှစ်ခုတွင် ဧက ၄၂၀၊ ခန္တီးခရိုင်အတွင်းရှိ မြို့နယ် နှစ်ခုတွင် ၆၁၈၅ ဧက စုစုပေါင်း ၁၂၅၁၉၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# ကျူရှောင်အထကတွင် မူခင်းကျဆင်းရေး အသိပညာပေးဟောပြော

**ကျိုက်ထို ဇူလိုင် ၁၇**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျူရှောင် (အထက)၌ ဇူလိုင် ဒုတိယပတ်က သထုံခရိုင်မှ မှုခင်းပြခန်းယာဉ်နှင့်အတူ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်သိန်းဦးက မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ ရဲအုပ် ဇော်မျိုးလွင်က လောင်းကစားမှုပပျောက်ရေးနှင့် ရဲတပ်ကြပ်ကြီး စောထွန်းဝင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတို့ကို ဟောပြောကြပြီး ပညာသင်ကြားရာတွင် ဆင်းရဲနွမ်းပါးပြီး စာတော်သည့် ဒသမတန်းကျောင်းသား မောင်ချစ်ကိုကိုယုနှင့် ကျောင်းသူ မခင်ခင်မျိုးတို့နှစ်ဦးအား တန်ဖိုးငွေကျပ် ၆၀၀၀၀ ရှိ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ရဲမှူးမြင့်သိန်းဦးက လှူဒါန်းခဲ့သည်။

ထို့နောက် ရဲမှူးမြင့်သိန်းဦးက သထုံခရိုင် မှုခင်းပြခန်းယာဉ်တွင် ပြသထားသော မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဓာတ်ပုံများနှင့် နံရံကပ်စာစောင်များကို ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# မောင်တောမြို့နယ် ကျေးရွာများမှ တောင်သူများကို မျိုးစပါးနှင့် ဓာတ်မြေဩဇာ ပေးအပ်

**မောင်တော ဇူလိုင် ၁၇**

ရခိုင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မောင်တောမြို့နယ် ကျေးရွာများသို့ မျိုးစပါးနှင့်ဓာတ်မြေဩဇာ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မောင်တောမြို့နယ် (၄)မိုင်ရပ်ကွက်ရှိ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ မောင်တောခရိုင် အုပ်ချုပ်ရေးမှူး ဦးရဲထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။



"ကျွန်တော်တို့ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ မောင်တောမြို့နယ်မှာရှိတဲ့ တောင်သူတွေ ၂၀၁၇-၂၀၁၈ မိုးရာသီကာလအတွင်း အချိန်မီ စပါးစိုက်ပျိုးနိုင်ဖို့အတွက် အကြိမ်ကြိမ် မြေပြင်စာရင်းကောက်ယူပြီး မျိုးစပါးနဲ့ ဓာတ်မြေဩဇာတွေကို ထောက်ပံ့ပေးအပ်ခြင်းဖြစ်ပါတယ်"ဟု မြို့နယ် ဦးစီးမှူး ဦးသိန်းဝေက ပြောသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းနှင့် တာဝန်ရှိသူများက ကျေးရွာအုပ်ချုပ်ရေးမှူးများသို့ မျိုးစပါးနှင့် ဓာတ်မြေဩဇာအိတ်များ အသီးသီးပေးအပ်ကြသည်။

အခမ်းအနားတွင် ကျေးရွာပေါင်း ၁၆ ရွာမှ လယ်သမားများအတွက် မျိုးစပါး ၁၆၉၉ တင်း၊ ယူရီးယား ၂၉၆ အိတ်နှင့် ကွန်ပေါင်းဓာတ်မြေဩဇာ အိတ် ၁၀၀ ပေးအပ်ခဲ့ကြောင်း၊ ယင်းတို့တွင် ပြည်မြို့နယ်ဆန်စက်ပိုင်ရှင်များအသင်းမှ လာရောက်ပေးအပ်သော မျိုးစပါးတင်း ၉၀၀ လည်း ပါဝင်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး၊ အောင်ကျော်ဦး၊ ဓာတ်ပုံ-သတ္တ**

# (၅၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတင်းမီဒီယာများ တက်ရောက်နိုင်

**နေပြည်တော် ဇူလိုင် ၁၇**

၂၀၁၇ ခုနှစ် (၅၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဩဂုတ် ၂ ရက်မှ ၁၁ ရက်ထိ ကျင်းပမည်ဖြစ်သည်။ ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများအနေဖြင့် ဩဂုတ် ၂ ရက်မှ ၅ ရက်တို့တွင် အဆိုပါပြပွဲသို့ ဝင်ရောက်သတင်းရယူနိုင်မည်ဖြစ်ပြီး ဩဂုတ် ၁၁ ရက်တွင် ပြပွဲအရောင်းစာရင်း အချက်အလက်များနှင့်ပတ်သက်၍ ညနေပိုင်းတွင် မဏိရတနာကျောက်စိမ်းခန်းမ အပြင်ဘက်ရှိ နဝရတ်ကိုးသွယ်ဂိတ်၌ သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများအနေဖြင့် ဝင်ခွင့်ကတ်ပြုလုပ်နိုင်ရေးအတွက် ဇူလိုင် ၂၇ ရက်နောက်ဆုံးထား၍ သတ်မှတ်ပုံစံဖြည့်စွက်ကာ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ပြန်ကြားရေးဝန်ကြီးဌာန နေပြည်တော်သို့ ပေးပို့ရန်နှင့် သတ်မှတ်ပုံစံများအား မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းတို့တွင် ရယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဖုန်း-၀၆၇-၄၁၂၂၅၊ ၀၆၇-၄၁၂၂၆ တို့သို့ လည်းကောင်း၊ ၂၀၁၇ ခုနှစ် (၅၄)ကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲ စီမံရေးရာလုပ်ငန်းကော်မတီ ဖုန်း-၀၆၇-၄၁၄၄၉၇၊ ၀၆၇-၄၁၄၄၉၈ တို့သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရှေးဟောင်းပစ္စည်းဟုယူဆရသော ပစ္စည်းများကို တွေ့ရှိသူများက လာရောက်အပ်နှံ

**မုံရွာ ဇူလိုင် ၁၇**

မုံရွာခရိုင် အရာတော်မြို့နယ် ဝါးရောင်းကျေးရွာအုပ်စု ဝါးရောင်းရွာမှ ရှေးဟောင်းပစ္စည်းဟုယူဆရသော ရွှေထည်အပါအဝင် အခြားပစ္စည်းများကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရမှတစ်ဆင့် စစ်ကိုင်းမြို့ရှိ ရှေးဟောင်းသုတေသနဌာနသို့ပေးပို့နိုင်ရန် တွေ့ရှိသူများက ဇူလိုင် ၁၇ ရက်တွင် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းထံ လာရောက်အပ်နှံခဲ့သည်။

"ဒီပစ္စည်းတွေကို ဇူလိုင် ၁၃ ရက် ညနေ ၅ နာရီခန့်က အိမ်အနောက်ဘက်ကတွေ့ခဲ့တာပါ။ မြေကြီးကို တုတ်လေးနဲ့ခြစ်လိုက်တာ စိတ်ထင်လို့ဆိုပြီး ဓားလေးနဲ့တူးကြည့်လို့တွေ့ရတာဖြစ်ပါတယ်။ အိုးကအပိတ်မပါဘဲ အဝတ်စသဘောမျိုးနဲ့ဆို့ပြီး ပိတ်ထားတာပါ။ အိုးတွေ့ပြီးမှောက်လိုက်တော့ အစပြတ်အသေးအမွှားလေးတွေ အများကြီးထွက်ကျလာတာ ဦးဆုံးတွေ့ရပါတယ်။ ကျွန်မတို့ အဲဒီနေရာမှာနေခဲ့တာ ကြာလှပါပြီ။ ကျွန်မညီမရဲ့ ယောက်ျားကို ပြောပြတော့ သတင်းစာထဲမှာ အဲလိုတွေ့ရင် အပ်ကြဖို့အသိပေးထားတယ်။ မဖျောက်ဖျက်နဲ့လို့အကြံပေးတဲ့အတွက် အုပ်ချုပ်ရေးမှူးကတစ်ဆင့် အပ်ဖြစ်တာပါ"ဟု ပစ္စည်းစတင် တွေ့ရှိသူ ဝါးရောင်းကျေးရွာနေ မနှင်းနှင်းမြ(ခေါ်)မငယ်က ပြောပြသည်။



ရှေးဟောင်းပစ္စည်းဟု ယူဆရသည်များတွေ့ရှိသော နေအိမ်သည် ရွာ၏အနောက်ပိုင်းတွင် တည်ရှိပြီး ဝါးရောင်းရွာတွင် လွန်ခဲ့သောနှစ်ပေါင်း ၅၂၀ ကျော်က ဖလုံမင်းတည်ထားခဲ့သော ရှေးဟောင်းဘုရားတည်ရှိသလို ဖလုံမင်းလက်ထက်က ရေးထိုးထားသော ရှေးဟောင်းကျောက်စာများလည်းရှိကြောင်း သိရသည်။

အရာတော်မြို့နယ် ဝါးရောင်းကျေးရွာတွင် အိမ်ခြေ ၉၃၀ ကျော်တွင် လူဦးရေ ၄၀၀၀ ကျော်ရှိပြီး ယခုကဲ့သို့ရှေးဟောင်းဟုယူဆရသော ပစ္စည်းများတွေ့ရှိရမှု မကြုံဖူးသေးသလို ယခုတွေ့သောပစ္စည်းများကို ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တွေ့ရှိသူများအနေဖြင့် တွေ့ရှိဖူးခြင်း မရှိသည့်အတွက် ရှေးဟောင်းပစ္စည်းဟုယူဆကာ လာရောက်အပ်နှံရခြင်းဖြစ်ကြောင်း ဝါးရောင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးခင်မောင်စိုးထံမှ သိရသည်။

ရှေးဟောင်းပစ္စည်းဟု ယူဆရသော ပစ္စည်းများမှာ ၁၂ ကျပ်သားကျော်ရှိ စဉ့်အိုးငယ်အတွင်း တစ်ကျပ်သား လေးပဲသုံးရွေးရှိ ရွှေကြိုး တစ်ကုန်းအပါအဝင် ငါးမူးပြား တစ်ပြား၊ လက်စွပ်သုံးကွင်း၊ နားကပ်တစ်ရံနှင့်တစ်ဖက် နားကွင်းနှစ်ရံ၊ မိုးကြိုးကွင်းလက်စွပ် ကိုးကွင်း၊ အဆွဲပါကြယ်သီးတစ်ခု၊ သန္တာကျောက်ကွင်း သုံးခု၊ ပုတီးစေ့ဖြူရောင်ကျောက် စသည်ဖြင့် အလေးချိန်စုစုပေါင်း လေးကျပ်သား ၁၀ ပဲ ၃ ရွေးခွဲတို့ကို တွေ့ရှိအပ်နှံခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# မော်လမြိုင်မြို့၌ ငြိမ်းချမ်းရေး ဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် ဇူလိုင် ၁၇**

နိုင်ငံတော်အစိုးရအနေဖြင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်နေချိန်တွင် ပြည်သူများ၏ စိတ်ဝင်စားမှု၊ ထောက်ခံပါဝင်မှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ ပိုမိုရရှိစေရေးနှင့် အထောက်အကူပြုစေရေးတို့အတွက် ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲများကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ပြုလုပ်သွားမည်ဖြစ်သည်။

ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲအတွက် Level-1 ပဏာမ အသံစစ်ဆေးခြင်းကို တောင်ကြီး၊ မြစ်ကြီးနား၊ မော်လမြိုင်၊ လားရှိုး၊ ပုသိမ်၊ ကလေး၊ ရန်ကုန်၊ စစ်တွေ၊ နေပြည်တော်၊ မန္တလေးနှင့် ဘားအံမြို့များ၌ ကျင်းပသွားမည်ဖြစ်ရာ မော်လမြိုင်တက္ကသိုလ် ဘက်စုံခန်းမ၌ ဇူလိုင် ၂၀ ရက်တွင် အသံစစ်ဆေးခြင်း၊ ဇူလိုင် ၂၂ ရက်တွင် Stage Rehearsal လုပ်ခြင်းနှင့် ဇူလိုင် ၂၃ ရက်တွင် Level-1 Live ယှဉ်ပြိုင်ခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဘဏ်လုပ်ငန်းဆိုင်ရာဆု ငါးဆု မြန်မာနိုင်ငံမှ ကမ္ဘောဇဘဏ် ရရှိ

**ရန်ကုန် ဇူလိုင် ၁၇**

စင်ကာပူနိုင်ငံအခြေစိုက် The Asian Banking and Finance (AB&F) အဖွဲ့အစည်း၏ "၂၀၁၇ ခုနှစ်အတွက် နိုင်ငံအလိုက် အကောင်းဆုံး ဘဏ်လုပ်ငန်းဆိုင်ရာဆုများ" ချီးမြှင့်သည့် အခမ်းအနားကို ဇူလိုင် ၁၃ ရက် ညနေပိုင်းက စင်ကာပူနိုင်ငံ Shangri-La Hotel ၌ ကျင်းပရာ မြန်မာနိုင်ငံမှ ကမ္ဘောဇဘဏ်လီမိတက်သည် နိုင်ငံတကာဘဏ်လုပ်ငန်းဆိုင်ရာတွင် "Best Myanmar Cash Management Bank 2017" နှင့် "Best Myanmar Foreign Exchange Bank 2017"၊ ပြည်တွင်းဘဏ်လုပ်ငန်းဆိုင်ရာတွင် "Best Myanmar Retail Bank 2017"၊ "Best Myanmar Credit Card Initiative 2017" နှင့် "Best Myanmar SME Bank 2017" စုစုပေါင်းဘဏ်လုပ်ငန်းဆိုင်ရာဆု ငါးဆုကို ရရှိခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံအတွင်းရှိ ပြည်တွင်းနှင့် နိုင်ငံခြားစီးပွားရေးလုပ်ငန်းများ၏ စီးပွားရေးနှင့် ကုန်သွယ်မှုလုပ်ငန်းရပ်များအတွက် နိုင်ငံတကာအဆင့် နည်းပညာများသုံးစွဲ၍ အဆင့်မြင့်ဘဏ်လုပ်ငန်း ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်ခြင်း၊ နိုင်ငံတကာဘဏ်များနှင့်ချိတ်ဆက်၍ ကမ္ဘာတစ်ဝန်းသို့ ဝန်ဆောင်မှုကျယ်ပြန့်စွာပေးနိုင်ခြင်း၊ ဘဏ်ခွဲများ လျင်မြန်စွာတိုးချဲ့ဖွင့်လှစ်၍ နိုင်ငံတစ်ဝန်းလုံးတွင် ဘဏ်လုပ်ငန်းများ ထိရောက်စွာဆောင်ရွက်ပေးနိုင်ခြင်း၊ ဈေးကွက်ဝေစု အများဆုံးရရှိထားပြီး ဝင်ငွေနှင့်အမြတ်ငွေအများဆုံးဖြစ်ခြင်း၊ ငါးနှစ်ဆက် ပထမနေရာမှ အခွန်အများဆုံးပေးဆောင်ထားခြင်း၊ နိုင်ငံတကာမှ Credit Card အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပြည်တွင်းနှင့် ပြည်ပသုံး Credit Card အမျိုးမျိုးကို ပြည်သူများ၏ လိုအပ်ချက်နှင့်အညီ ထုတ်ဝေပေးနိုင်ခြင်း၊ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသော အသေးစားနှင့် အလတ်စားကုမ္ပဏီများ တိုးတက်ဖွံ့ဖြိုးရေးအတွက် ချေးငွေအများဆုံး ထုတ်ပေးထားပြီး လိုအပ်သောငွေကြေးနှင့် ဘဏ်ဝန်ဆောင်မှုများကိုလည်း အကောင်းဆုံးဆောင်ရွက်ပေးနိုင်ခြင်း၊ ပြောင်းလဲတိုးတက်နေသောဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသည့် ဝန်ဆောင်မှုများကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ အချိန်နှင့်တစ်ပြေးညီ ဝန်ဆောင်မှုပေးနိုင်ခြင်း စသည်တို့ကြောင့် ဆုများကို ပေးအပ်ချီးမြှင့်ရခြင်းဖြစ်ကြောင်း သိရသည်။

ကမ္ဘောဇဘဏ်လီမိတက်သည် မြန်မာနိုင်ငံဘဏ္ဍာရေးကဏ္ဍတွင် ပထမဆုံးအဖြစ် နိုင်ငံတကာ ဘဏ်ကိုယ်စားလှယ်ရုံးများကို ၂၀၁၆ ခုနှစ်အတွင်း ထိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် မလေးရှားနိုင်ငံတို့တွင် အသီးသီးဖွင့်လှစ်နိုင်ခဲ့ပြီး ဖြစ်သည်။ **(၀၁၀)**



**The Asian Banking and Finance မှ ချီးမြှင့်သည့် ဘဏ်လုပ်ငန်းဆိုင်ရာဆုများကို ကမ္ဘောဇအုပ်စုကုမ္ပဏီ၏ အကြီးတန်းအုပ်ချုပ်မှုဒါရိုက်တာ ဦးညီမြင့် လက်ခံရယူစဉ်။**

# ရွှေထည်ပစ္စည်းများ ဝင်ရောက်ခိုးယူသူကို ဖော်ထုတ်ဖမ်းဆီး

**ရန်ကုန် ဇူလိုင် ၁၇**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်နေသူ တစ်ဦး၏နေအိမ်မှ စိန်ကိုးလုံးတန်းပါ လက်ကောက်တစ်ကွင်း၊ စိန်လော့ကတ် တစ်ခု၊ တစ်ကျပ်ခွဲသားခန့်ရှိ ရွှေဆွဲကြိုးတစ်ကုံး၊ ရွှေလက်ကောက်တစ်ကွင်းနှင့် အဆိုပါ ရွှေထည်ပစ္စည်းများထည့်ထားသော ကတ္တီပါ အိတ်သေးတစ်လုံးတို့မှာ ပျောက်ဆုံးနေသည့်အပြင် လွှန်ခဲ့သော တစ်ပတ်ခန့်က Samsung S 6 လက်ကိုင်ဖုန်း တစ်လုံးနှင့် လွန်ခဲ့သော နှစ်ပတ်ခန့်ကလည်း စိန်လေးလုံးရံ ပုလဲလက်စွပ်တစ်ကွင်းတို့မှာ နေ့ခင်းဘက်အချိန်တွင် ပျောက်ဆုံးသွားကြောင်း ဇူလိုင် ၁၃ ရက် နံနက် ၈ နာရီခွဲခန့်တွင် တိုင်တန်းချက်အရ သာကေတနယ်မြေရဲစခန်းက အမှုဖွင့်ကာ ခိုးယူသူအား ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်ခဲ့သည်။

ပြစ်မှုကျူးလွန်သူမှာ ဒေါပုံမြို့နယ်နေ သက်ထွန်းအောင်(ခ)နေဆန်း ဖြစ်နိုင်ကြောင်းနှင့် ၎င်းမှာ ငွေကြေးအခက်အခဲများရှိကြောင်း စုံစမ်းသိရှိရသဖြင့် ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ ယင်းနေ့ည ၈ နာရီတွင် သက်ထွန်းအောင်(ခ)နေဆန်းကို ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်မှ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ သက်ထွန်းအောင်(ခ)နေဆန်းကို စစ်ဆေးရာ ၎င်းသည် အခင်းဖြစ်အိမ်ရာအနီးတွင် ကွမ်းယာနှင့် ထမင်းရောင်းချကြောင်း၊ လွန်ခဲ့သော သုံးလခန့်က အိမ်ထောင်ပြုပြီးနောက် စီးပွားရေးအခက်အခဲအပြင် မိသားစုပြဿနာများလည်း ရှိကြောင်း၊ ယင်းသို့ ပြဿနာများရှိနေသဖြင့် အခင်းဖြစ်နေအိမ်အတွင်းသို့ ဝင်ရောက်၍ ခိုးယူခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်ခဲ့သည်။

ပေါ်ပေါက်ချက်အရ အမှုပါသက်သေခံပစ္စည်းဖြစ်သည့် စိန်ကိုးလုံးပါ လက်ကောက်၊ တစ်ကျပ်ခွဲသားခန့်ရှိ ရွှေဆွဲကြိုးတစ်ကုံး၊ တစ်ကျပ်သားခန့်ရှိ ရွှေလက်ကောက်တစ်ကွင်း၊ စိန်ဆွဲသီးတစ်ခု၊ စိန်လေးလုံးရံ ပုလဲလက်စွပ်တစ်ကွင်းနှင့် ကတ္တီပါ အိတ်တို့အပြင် ခိုးယူရရှိသည့် ရွှေထည်များကို ပေါင်နှံပြီး ဝယ်ယူထားသည့် ရွှေထည်ပစ္စည်းတို့ကို ပြန်လည်သိမ်းဆည်းနိုင်ခဲ့ကာ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# တရားမဝင်ကုန်စည်များတားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၇**

တရားမဝင်ကုန်စည်များတားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဖွဲ့စည်းစစ်ဆေးဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၆ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၅၈၆ စီး၊ သွင်းကုန် ၆၂၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၆၄ စီး၊ သွင်းကုန် ၁၄၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၆ ရက် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈ ဒသမ ၉ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုလေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇ ဒသမ ၄၅၉ သန်းခန့်) စုစုပေါင်းတားဆီးမှု ခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆ ဒသမ ၃၅၉ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

အလားတူ ထူးခြားသိမ်းဆည်းမှုအနေဖြင့် ဇူလိုင် ၁၅ ရက်တွင် မန္တလေးမှ မူဆယ်သို့သွားရောက်မည့် Nissan Diesel ၁၂ ဘီးယာဉ်ကို ၁၆ မိုင်ကျောက်ချောစစ်ဆေးရေးစခန်းတာဝန်ကျ အကောက်ခွန်စစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ ယာဉ်နောက်ခန်းတွင် တာယာအဟောင်းများဖုံးအုပ်လျက် အံ့ဝှက်ပြုလုပ်ထားသော ကြမ်းခင်းအတွင်း၌ သိုဝှက်သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံးဆိုဒ်စုံ (3668)kg နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၄ ဒသမ ၆၇၂ သန်းခန့်)ကိုတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ဆင်ဘိုနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၆ ရက်က ဆင်ဘိုမြို့ ဝဲကြီးကျေးရွာမြောက်ဘက် ဧရာဝတီမြစ်အတွင်း မျိုးမြင့်မောင်းနှင်ပြီး မအေးအေးသိန်း လိုက်ပါလာသည့် စက်လှေကိုရှာဖွေရာ ဘိန်းဖြူ ရှစ်ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၆၅၀ တို့ကိုလည်းကောင်း၊ အလားတူ ယင်းနေ့က မူးယစ်တပ်ဖွဲ့စု(၁၈)မန္တလေး တောင်ပိုင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ် (စ)ရပ်ကွက် ကျန်စစ်သားလမ်းနှင့် (၅၆)လမ်းထောင့်တွင် မကြည်ကြည်ညွန့်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ ကိုလည်းကောင်း၊ မူးယစ်တပ်ဖွဲ့စု(၁၈)မန္တလေး တောင်ပိုင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သာစည်မြို့နယ် ကွဲတပ်ဆုံကျေးရွာ တောင်ကြီး-မိတ္ထီလာကားလမ်း သော်တာဝန်းကျောက်ခွဲစက်အနီးတွင် ခရီးသည်တင်မော်တော်ယာဉ်ကို ရှာဖွေရာ ခရီးသည် ဒေးဝင်းထံမှ ဘိန်းစိမ်း ၉ ဒသမ ၆ ကီလိုနှင့် ကျော်သန်းဦးထံမှ ဘိန်းစိမ်း ၁၂ ကီလို တို့ကို လည်းကောင်း၊ မူးယစ်တပ်ဖွဲ့စု(၂၇)လွိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လွိုင်လင်မြို့နယ် လွိုင်လင်-နမ့်စန်သွားကားလမ်းတွင် အောင်ခိုင်မြင့် မောင်းနှင်လာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ အရောင်မဲ့ အရည် ၂၀ လီတာ၊ ဘိန်းဖြူဘလောက်တုံးပြုလုပ်ရာတွင် အသုံးပြုသည့် ၉၉၉၉ စာတန်းပါ ရော်ဘာပြားတစ်ခု၊ ကြေးမိုတံဆိပ်တုံးတစ်ခု၊ သံမိုတံဆိပ်တုံး တစ်ခု၊ သံဖရိန်ဖိစက်စင် နှစ်ခု၊ မီးဖြတ်စက် နှစ်ခုနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း၊ မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့ မကွန်ထန်ရွယ်၏နေအိမ်ကို ရှာဖွေရာ ၎င်းနှင့်အတူ ခင်ပွန်း တုံဖြစ်ဆင်တို့ကို တွေ့ရှိရပြီး ခပ်ခူး ၃၀ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၉၃၃၅ ပြားနှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို လည်းကောင်း၊ ရှာငံမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရှာငံမြို့နယ် ကျောက္ကူပြင်ကျေးရွာအနီး ရှာငံ-မန္တလေး သွားကားလမ်း မိုင်တိုင်အမှတ်(၃၉/၁)တွင် အောင်မြင့်မောင်းနှင်လာသည့်ဆိုင်ကယ်နှင့် ရှိုင်းအောင်မောင်းနှင်လာသည့်ဆိုင်ကယ်တို့ကိုစစ်ဆေးရန် ရပ်တန့်ခိုင်းရာ ရှိုင်းအောင်မှာ ဆိုင်ကယ်ထား၍ ထွက်ပြေးသွားပြီး ရှိုင်းအောင်၏ ဆိုင်ကယ်မှ ဘိန်းစိမ်း ၄ ဒသမ ၅ ကီလိုကို လည်းကောင်း၊ ရှာငံမြို့နယ် ကျောက္ကူပြင်ကျေးရွာအနီး ရှာငံ-မန္တလေးကားလမ်း မိုင်တိုင်အမှတ်(၃၉/၁)တွင် သီဟတင်စိုး၊ ထွန်းတင်၊ ရီမောင်၊ ပန်းနိုင်တို့ မောင်းနှင်ပြီး စိုးမိုးနိုင်လိုက်ပါလာသည့် ဆိုင်ကယ်လေးစီးကို ရှာဖွေရာ သီဟတင်စိုးထံမှ ဘိန်းစိမ်း ၂၀ ဒသမ ၆ ကီလိုနှင့် ရီမောင်ထံမှ ဘိန်းစိမ်း ၂၃ ကီလိုတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။



**သီဟတင်စိုး၊ ရီမောင်၊ ထွန်းတင်၊ ပန်းနိုင်နှင့် စိုးမိုးနိုင်တို့ကို သိမ်းဆည်းရမိ ဘိန်းစိမ်းများနှင့်အတူ တွေ့ရစဉ်။**

**(သတင်းစဉ်)**



# တာချီလိတ်၌ မူးယစ်ဆေးဝါးများနှင့်အတူ မျက်ရည်ယိုဗုံးတစ်လုံး သိမ်းဆည်းရမိ

**တာချီလိတ် ဇူလိုင် ၁၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက် အိမ်အမှတ်(၈/၁၀၉)တွင် ဇူလိုင် ၁၆ ရက် မွန်းလွဲပိုင်းက မူးယစ်ဆေးဝါးများနှင့်အတူ မျက်ရည်ယိုဗုံးတစ်လုံးကို သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု(၃၀)သည် ဇူလိုင် ၁၆ ရက် မွန်းလွဲ ၂ နာရီခန့်က တာချီလိတ်မြို့ ဆန်ဆိုင်း(ခ) ရပ်ကွက် ဟံသာဝတီလမ်း အိမ်အမှတ်(၈/၁၀၉)နေ အားမုန်(ခ)တူးလွမ်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းအား တွေ့ရှိဖမ်းဆီးရမိပြီး ဆက်လက်ရှာဖွေရာ Tramadol အာနိသင်ပါ Tuodoshu ဆေးတောင့် ၁၅၅၀(ဒေသတန်ဖိုးငွေကျပ် ၆၂၀၀၀၀ခန့်)၊ ခပ်ခူး ၃၀ ဂရမ်ပါ တစ်ထုပ်(ဒေသတန်ဖိုးငွေကျပ် ၆၀၀၀၀ခန့်)၊ ခရမ်းရောင် Alprazolam ဆေးပြား ၂၀၈ ပြား(ဒေသတန်ဖိုးငွေကျပ် ၈၃၂၀၀ ခန့်)၊ ဘိန်းဆီရည် ၁ ဒသမ ၁ လီတာပါ တစ်ဘူး (ဒေသတန်ဖိုးငွေကျပ် ၂၇ ဒသမ ၅သိန်းခန့်)၊ ဘိန်းရည် ၄၀၀ မီလီမီတာပါ တစ်ဘူး(ဒေသတန်ဖိုးငွေကျပ် နှစ်သိန်းခန့်)၊ ဘိန်းဆီခဲ အလေးချိန် ၁၂၀ ဂရမ် (ဒေသတန်ဖိုးငွေကျပ် သုံးသိန်းခန့်)၊ စိတ်ကြွဆေးပြားပြုလုပ်ရာတွင် အသုံးပြုသည့် အဖြူရောင်အနံ့အမှုန့် ခြောက်ကီလိုခန့်(ဒေသတန်ဖိုးငွေကျပ် ၃၀၀၀၀ ခန့်)၊ ပန်းရောင်စိတ်ကြွဆေးအမှုန့် ၅၀ ဂရမ်ခန့်(ဒေသတန်ဖိုးငွေကျပ် ၇၅၀၀၀၀ ခန့်)၊ အမေရိကန်နိုင်ငံလုပ် စနက်တံပါ အသက်ရှိ မျက်ရည်ယိုဗုံးတစ်လုံးတို့ကို တွေ့ရှိသိမ်းဆည်းရမိကြောင်း သိရသည်။

**ဝေယံလင်း(မြန်/ဆက်)**

# ငါးခူရရဲစခန်းအား အကြမ်းဖက်စီးနင်းတိုက်ခိုက်ခဲ့သူ တရားခံပြေးနှစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၇**

မောင်တောမြို့နယ်တွင် ၂၀၁၆ ခုနှစ်က ငါးခူရရဲစခန်းအား အကြမ်းဖက်စီးနင်းတိုက်ခိုက်ခဲ့မှုဖြစ်စဉ်တွင်ပါဝင်ခဲ့သူ တရားခံပြေးနှစ်ဦးကို ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဇူလိုင် ၁၆ ရက်က မောင်တောမြို့နယ် ဦးရှည်ကျကျေးရွာအတွင်း လှည့်ကင်းဆောင်ရွက်စဉ် ၂၀၁၆ ခုနှစ် အောက်တိုဘာလအတွင်း ငါးခူရနယ်မြေရဲစခန်းအား အကြမ်းဖက်စီးနင်းတိုက်ခိုက်ခဲ့မှုဖြစ်စဉ်တွင် ပါဝင်ခဲ့သူ တရားခံပြေးများဖြစ်သည့် မာမောက်ရော်ရှိ (၄၂)နှစ်နှင့် အာယုပ် (၃၃) နှစ်တို့ နှစ်ဦးကို ဖမ်းဆီးရမိခဲ့သဖြင့် ငါးခူရနယ်မြေစခန်း၌ အမှုဖွင့်ပြီး စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# အမျိုးသမီးလောင်းကစားဝိုင်း ဖမ်းဆီးရမိ

**တနင်္သာရီ ဇူလိုင် ၁၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့ ချောင်းကြီးရပ်ကွက် တိုးချဲ့(၄)လမ်းရှိ ဦးသံချောင်း(ခ)အောင်သန်းဦး(၆၀)နှစ်နေအိမ်၌ လောင်းကစားပြုလုပ်နေကြောင်းသတင်းအရ မြို့မရဲစခန်းမှူး ဒုရဲမှူးတင်အောင်နှင့် အဖွဲ့သည် ဦးသံချောင်း(ခ)အောင်သန်းဦး နေအိမ်သို့ ဇူလိုင် ၁၆ ရက် မွန်းလွဲ ၂ နာရီခွဲက ဝင်ရောက်ရှာဖွေကြရာ နေအိမ်ပေါ်တွင် လောင်းကစားပြုလုပ်နေကြသည့် အမျိုးသမီးရှစ်ဦးနှင့် အမျိုးသားတစ်ဦးတို့ကိုတွေ့ရှိရသဖြင့် သက်သေများရှေ့ ဖမ်းဆီးခဲ့သည်။ လောင်းကစားပြုလုပ်သူများထံမှ ငွေစက္ကူရောရာ စုစုပေါင်း ငွေကျပ် ၉၄၇၀၅၀ ကို ရှာဖွေတွေ့ရှိ၍ ဒုရဲအုပ်ချစ်သက်စိုးက သက်သေများရှေ့ ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။

**ထိန်ဝင်း(မြန်/ဆက်)**

# ကျောင်းဝင်းအတွင်း စစ်ကျန်ဗုံးသီးဟောင်းတွေ့ရှိ

**ပျော်ဘွယ် ဇူလိုင် ၁၇**

ပျော်ဘွယ်မြို့ မြင်းဘက်ရပ်ကွက် ခရစ်ယာန်ဘုရားကျောင်းဝင်းအတွင်းရှိ အုတ်ရေလှောင်ကန်ကို အမိုးအကာပြုလုပ်ရန် ယနေ့ နံနက် ၉ နာရီတွင် ဖောင်ဒေးရှင်းလိုင်းတူးရာ သံပိုက်လုံးကို ပေါက်ပြားဖြင့်ထိခိုက်မိပြီး ၎င်းသံပိုက်မှ မီးခိုးများထွက်ရှိလာသဖြင့် မြို့မရဲစခန်းသို့ အကြောင်းကြားခဲ့သည်။ စခန်းမှူး ဒုရဲမှူးတင်မောင်အေးနှင့် တပ်ဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေးပြီး စစ်ကျန်ဗုံးဟု ယူဆကာ မိတ္ထီလာတပ်နယ်မှ စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းသို့ စစ်ဆေးပေးနိုင်ရန် အကြောင်းကြားခဲ့သည်။

ဆက်လက်၍ မိတ္ထီလာတပ်နယ် စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းမှ ဗိုလ်ကြီးအောင်နိုင်စိုး ဦးဆောင်သည့် တပ်ဖွဲ့ဝင်များသည် အဆိုပါဗုံးကို တူးဖော်ရာ ဗုံးသီးအရှည် ၂၃ လက်မ၊ အချင်း တစ်လက်မခွဲ၊ ထိပ်ဖူးအရှည် ခုနစ်လက်မ၊ အချင်း ငါးလက်မရှိ စစ်ကျန်ဗုံးသီးကိုတွေ့ရှိခဲ့ပြီး စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းသို့ စနစ်တကျ သယ်ဆောင်သွားခဲ့ကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**



# ဓားကိုင်ရမ်းကားနေသူအား အမှုဖွင့်အရေးယူထား


**နေပြည်တော် ဇူလိုင် ၁၇**

မကွေးတိုင်းဒေသကြီး ဆောမြို့နယ် ဆောမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၁၆ ရက် ညနေ ၅ နာရီခွဲတွင် ကျင်းလိန်ကျေးရွာ ရွာလယ်လမ်းပေါ်၌ ဓားဦးချွန်တစ်ချောင်း ကိုင်ဆောင်ရမ်းကားနေသည့် ညွှန့်ဆွေ(၃၈)နှစ်ကို တွေ့ရှိသဖြင့် ဖမ်းဆီးပြီး အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**(ရဲပြန်ကြား)**

# မှတ်တမ်းသစ်တွေ ရေးထိုးဖို့ ဖြစ်တည်လာတဲ့ လူသား

**ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် ဒီလိုအချိန် ဝင်ဘယ်လ်ဒန်အိုးပင်း အကြိုဗိုလ်လုပွဲမှာ ဒဏ်ရာပြဿနာကြောင့် ကျွန်တော် ဆက်လက်ယှဉ်ပြိုင်နိုင်ခြင်းမရှိဘဲ ရာအိုနစ်ကို အရှုံးပေးခဲ့ရတယ်။ ရရှိတဲ့ဒူးဒဏ်ရာ ပြင်းထန်တာကြောင့် ခွဲစိတ်ကုသမှုခံယူခဲ့ရပြီး ရာသီလက်ကျန်ပွဲစဉ်တွေ အားလုံးလွဲချော်ပြီး အနားယူခဲ့ရပေမယ့် ဒီနေ့ဒီအချိန်မှာတော့ ဝင်ဘယ်လ်ဒန်အိုးပင်းပြိုင်ပွဲမှာ ဗိုလ်စွဲပြီး အင်္ဂလန်မြေဟာ အစဉ်အလာမပျက် ကျွန်တော့်ရဲ့ အောင်မြေဖြစ်နေဆဲဆိုတာကို သက်သေပြနိုင်ခဲ့ပါပြီ။ ခေတ်သစ်တင်းနစ်လောကမှာ ဝင်ဘယ်လ်ဒန်အိုးပင်းဖလားကို ရှစ်ကြိမ်တိုင် ကိုင်မြှောက်နိုင်တဲ့ တစ်ဦးတည်းသောကစားသမားဖြစ်ခွင့်ရခြင်းနဲ့အတူ ဖက်ဒရာဆိုတဲ့ ကျွန်တော်သမိုင်းသစ်တစ်ခုကို ဆက်လက်ရေးထိုးဖို့ ချီတက်နေပါဦးမယ်။**



မေလဲ့သင်း
စုစည်းသည်

ဇူလိုင် ၁၆ ရက်က ဖက်ဒရာအတွက် သမိုင်းသစ်ထပ်မံရေးထိုးနိုင်တဲ့နေ့၊ အထူးသဖြင့် ဝင်ဘယ်လ်ဒန်အိုးပင်းကို ရှစ်ကြိမ်တိုင် ကိုင်မြှောက်နိုင်ခဲ့တစ်နေ့လို့ ပြောရတော့မှာပါ။ ဇူလိုင် ၁၆ ရက် ညပိုင်းက ယှဉ်ပြိုင်ခဲ့တဲ့ ဝင်ဘယ်လ်ဒန်အိုးပင်းဗိုလ်လုပွဲမှာ ဆွစ်တင်းနစ်အကျော်အမော် ရိုဂျာဖက်ဒရာက ပြိုင်ဘက် ခရိုအေးရှားတင်းနစ်ကစားသမား စီလစ်ကို သုံးပွဲပြတ်နဲ့ အနိုင်ကစားပြီး မှတ်တမ်းသစ်တစ်ခုကို ထပ်မံရေးထိုးသွားပါတယ်။ ဒီဗိုလ်လုပွဲဟာ မှတ်မှတ်ထင်ထင်ဖြစ်တဲ့ပွဲလို့ ပြောလို့ရပေမယ့် စီလစ်အတွက်တော့ စိတ်ပျက်စရာ ဗိုလ်လုပွဲကြီးဖြစ်ခဲ့တာပါ။ စီလစ်ဟာ ဒုတိယပွဲငယ်မှာ ဘယ်ခြေထောက်ဒဏ်ရာပြဿနာ ကြုံခဲ့ရတဲ့အတွက် ဆေးကုသမှုခံယူပြီး ပွဲကို ဆက်လက်ယှဉ်ပြိုင်ခဲ့ပေမယ့် မသက်သာတာကြောင့် မျက်ရည်လည်ရွဲနဲ့ ဖက်ဒရာကို အရှုံးပေးခဲ့ရတာဖြစ်ပါတယ်။

ပြိုင်ဘက်ကစားသမား ဒဏ်ရာရသွားခဲ့ခြင်းက ဖက်ဒရာအတွက် ပိုမိုလွယ်ကူသွားတဲ့ အခြေအနေဖြစ်ခဲ့တယ်လို့ ပြောလို့ရပေမယ့် ဖက်ဒရာရဲ့ အနီးအဝေးပေးချက်တွေ၊ အားပါပြင်းထန်တဲ့ ဆာဗင်ပေးမှုတွေ၊ နည်းစနစ်ပိုင်းမှန်ကန်မှုတွေက ခုလို နိုင်ပွဲဖော်ဆောင်နိုင်ခြင်းရဲ့ အဓိက အကြောင်းတရားဖြစ်ခဲ့ပါတယ်။ ပထမပွဲငယ်မှာ စီလစ်ရဲ့ မိုးကြိုးသွားလို အားပါပြင်းထန်တဲ့ ရိုက်ချက်တွေက ဖက်ဒရာကို အကျပ်ရိုက်စေခဲ့တဲ့အတွက် ၂၀၁၄ ယူအက်စ်အိုးပင်း အကြိုဗိုလ်လုပွဲတုန်းကလိုမျိုး ဖက်ဒရာ မထင်မှတ်ဘဲ အရေးနိမ့်သွားဦးမလားလို့ ထင်ခဲ့မိပါသေးတယ်။

ပရိသတ်တွေထဲမှာ ကိန်းဘရစ်ချ်မြို့စား မင်းသားဝီလျံနဲ့ ကြင်ရာတော် ကိတ်မစ်ဒယ်လ်တန်၊ ဗြိတန်ဝန်ကြီးချုပ် ထရီစာမေတို့ကို တွေ့ခဲ့ရပြီး ဖက်ဒရာ ဖလားကိုင်မြှောက်အောင်ပွဲခံချိန်မှာ အပြုံးတွေနဲ့ လက်ခုပ်တီးအားပေးခဲ့တာကို တွေ့ကြရပါတယ်။ ဒီပွဲကိုကြည့်ဖို့ ပေါင် ၂၀၀ လောက်သုံးခဲ့ရတဲ့ ပရိသတ်တွေအတွက်တော့ သူတို့မျှော်လင့်နေတဲ့ ရသမျိုးရချင်မှ ရကြမှာပါ။

စီလစ် ဒဏ်ရာရရှိသွားပြီး ပြန်လည်ကစားနိုင်ချိန်မှာ ပရိသတ်တွေက ဖက်ဒရာကို အားပေးရာကနေ စီလစ်ကို ပြောင်းလဲအားပေးခဲ့တာကို မြင်တွေ့ရခြင်းအားဖြင့် ပရိသတ်တွေက ပွဲရဲ့ အကြိတ်အနယ်ရှိမှုကို ကြည့်ရှုချင်တဲ့ဆန္ဒရှိတယ်ဆိုတာ ပေါ်လွင်ခဲ့ပါတယ်။ ဒါပေမယ့် ဒုတိယပွဲငယ်မှာ ၆-၁၊ တတိယပွဲငယ်မှာ ၆-၄ ဖြစ်ခဲ့ပြီးနောက် စီလစ်လည်း ဘယ်လိုမှ မဟန်နိုင်တော့တဲ့ အနေအထားဖြစ်သွားတာပါ။ ဖက်ဒရာဟာ ၁၉၇၆ ခုနှစ် ဘော့ဂ် နောက်ပိုင်းပွဲငယ်တိုင်း အနိုင်ယူပြီး ချန်ပီယံဖြစ်တဲ့ ကစားသမားအဖြစ်ပါ မှတ်တမ်းဝင်သွားပါတယ်။ ဒီလိုဗိုလ်လုပွဲမှာ ကစားသမားတစ်ဦး ဒဏ်ရာရရှိသွားခြင်းက ၁၉၁၁ ခုနှစ်နောက်ပိုင်း ပထမဦးဆုံးအကြိမ်ဖြစ်ခဲ့တာပါ။ ဒီနှစ် ဝင်ဘယ်လ်ဒန်အိုးပင်းမှာ ဒဏ်ရာရရှိမှုတွေက ဆက်တိုက်ဆိုသလိုဖြစ်နေပြီး အန်ဒီမာရေး၊ ဂျိုကိုဗစ်တို့အပါအဝင် ပွဲစဉ်တစ်လျှောက် ကစားသမား ၁၀ဦးအထိ ဒဏ်ရာကြောင့် အနားယူခဲ့ရပြီး ဖြစ်ပါတယ်။

ဒီလို အခြေအနေအပေါ် ဖက်ဒရာက "တချို့သော အခြေအနေတွေက အင်မတန်ရက်စက်တတ်ပါတယ်။ ဒါပေမယ့် မာရင်(စီလစ်)ဟာ အကောင်းဆုံးတုံ့ပြန်ပြီး သူရဲကောင်းဖြစ်တယ်ဆိုတာကို သက်သေပြနိုင်ခဲ့ပါတယ်" လို့ ပွဲအပြီး ပြောကြားခဲ့ပါတယ်။ အခုလို ဝင်ဘယ်လ်ဒန်အိုးပင်းတစ်ခုတည်းမှာပဲ ချန်ပီယံဆု ရှစ်ကြိမ် ကိုင်မြှောက်နိုင်တာကြောင့် ဖက်ဒရာဟာ ခေတ်သစ်တင်းနစ်လောကမှာ ဝင်ဘယ်လ်ဒန်ချန်ပီယံဆုကို ရှစ်ကြိမ်ရရှိတဲ့ ပထမဆုံးကစားသမား ဖြစ်လာပါတယ်။ သူဟာ ပိထ်ဆန်းပရက်စ်နဲ့ ဝီလျံ ရန်းရှောတို့ရဲ့ ၂၀၀၀ ပြည့်နှစ်နဲ့ ၁၈၈၉ ခုနှစ်တွေမှာ တင်ထားတဲ့ ဝင်ဘယ်လ်ဒန်အိုးပင်း ခုနစ်ကြိမ် ရရှိမှုကို ကျော်ဖြတ်နိုင်ပေမယ့် နာဗရာတီလိုဗာရဲ့ ဝင်ဘယ်လ်ဒန်အိုးပင်းကိုးကြိမ် ချန်ပီယံဖြစ်ထားမှုကိုတော့ လိုက်မမီခြင်းမရှိသေးပါဘူး။ ကျင်းပပြီးစီးခဲ့တဲ့ ဂရင်းစလင်းပြိုင်ပွဲသုံးခုမှာ ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ပြီးဖြစ်တာကြောင့် ၂၀၁၇ ခုနှစ်ဟာ ဖက်ဒရာအတွက် တစ်ကျော့ပြန် လက်စွမ်းပြပြီး အောင်မြင်မှုတွေရယူနိုင်တဲ့ နှစ်လို့တောင်ပြောလို့ရပါတယ်။ ဒါတောင်သူဟာ အသက်အရွယ်ထောက်လာမှုကြောင့် ပြိုင်ပွဲတိုင်းကို မယှဉ်ပြိုင်ဘဲ ပြင်သစ်အိုးပင်းကိုလည်း ဝင်ရောက်ယှဉ်ပြိုင်ခြင်းမရှိခဲ့ပါဘူး။ သူဟာ လွန်ခဲ့တဲ့ ခြောက်လကမှ ဩစတြေးလျအိုးပင်းချန်ပီယံဆုကို ရယူပြီး ၂၀၁၂ ခုနှစ်နောက်ပိုင်း ဂရင်းဖလားလက်မဲ့ဖြစ်နေမှုကို အကောင်းဆုံး အဆုံးသတ်ပြနိုင်ခဲ့ပြီးဖြစ်ပါတယ်။

ဖက်ဒရာဆိုတာ အားလုံးသိထားပြီးဖြစ်တဲ့အတိုင်း ဂရင်းစလင်း ချန်ပီယံဆုစံချိန်တင်အရေအတွက် (၁၉)ကြိမ် ကိုင်မြှောက်နိုင်သူ၊ ရာစုနှစ်ရဲ့ အကောင်းဆုံးတင်းနစ်ကစားသမားအဖြစ် အားလုံးက အသိအမှတ်ပြုထားသူဖြစ်သလို ကွင်းတွင်း၊ ကွင်းပြင်နေထိုင်မှုပုံစံကလည်း အားလုံးရဲ့အတုယူစရာကစားသမားဖြစ်ပါတယ်။ သူဟာ ၂၀၀၃ ခုနှစ်မှာ ဖက်ဒရာ ဖောင်ဒေးရှင်းကို တည်ထောင်ပြီး ကလေးတွေရဲ့ ပညာရေးနဲ့ အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးပေးခဲ့ပါတယ်။ ဖက်ဒရာ လုပ်ဆောင်ပြနိုင်ခဲ့တဲ့ ဒီလိုကြီးမားတဲ့အောင်မြင်မှုတွေကြောင့် သူဟာ ရေခံ၊ မြေခံကောင်းကောင်းနဲ့ ကြီးပြင်းလာတဲ့ ကစားသမားလို့ အထင်ရောက်နိုင်ပေမယ့် သူ့ဘဝခရီးလမ်းဟာ ချောချောမွေ့မွေ့ဖြစ်တည်လာခဲ့တာတော့ မဟုတ်ပါဘူး။

သူဟာ ပရော်ဖက်ရှင်နယ် ကစားသမားဘဝကို မကူးပြောင်းနိုင်သေးတဲ့ ကာလတွေမှာ တင်းနစ်ကွင်းဘေး ဘောလုံးကောက်ရတဲ့ ကောင်လေးကနေ ဒီနေ့ ဒီအချိန်အထိ ကမ္ဘာ့အကောင်းဆုံးတင်းနစ်ကစားသမားဖြစ်လာအောင် အားထုတ်ခဲ့ရတာဖြစ်ပါတယ်။ ဒါကြောင့် ဖက်ဒရာဟာ သူကစားတဲ့ ပွဲတွေပြီးသွားရင် ဒီလို ဘောကောက် ကလေးတွေအတွက် သီးသန့်ညှော်ခံတာမျိုး ပြုလုပ်ပေးတတ်တာကို အခုထိ တွေ့မြင်နေရတုန်းပါပဲ။ သူဟာ ပရိသတ်တွေကို လေးစားမှုအပြည့်ရှိသူ၊ ပြိုင်ဘက်ကစားသမားတွေအပေါ် လေးစားမှုအပြည့်နဲ့ ယှဉ်ပြိုင်တတ်သူလည်းဖြစ်ပါတယ်။

သူတို့ မိသားစုဟာ ပြင်သစ်၊ ဂျာမနီတို့နဲ့ နယ်နိမိတ်ထိစပ်နေတဲ့ ဆွစ်ဇာလန်နယ်စပ် ဘာ့စ်ဖယ်လ်ဒန်၊ ရီဟမ်းနဲ့ မန်ချန် စတိန်းတို့မှာ ကြီးပြင်းလာသူဖြစ်တာကြောင့် ဆွစ်-ဂျာမန် စကား၊ စံပြုဂျာမန်စကား၊ ပြင်သစ်နဲ့ အင်္ဂလိပ်ဘာသာစကားတို့ကို ကျွမ်းကျွမ်းကျင်ကျင်ပြောကြားနိုင်သူလည်း ဖြစ်ပါတယ်။ ဖက်ဒရာ ကြီးပြင်းတဲ့ဒေသရဲ့ မိခင်ဘာသာစကားဟာ ဆွစ်-ဂျာမန် ဘာသာစကားဖြစ်ပြီး မွေးချင်း မောင်နှမနှစ်ယောက်ထဲမှာ ဖက်ဒရာက အငယ်ဖြစ်ပါတယ်။ ဖက်ဒရာရဲ့ ဖခင်ဟာ ဆွစ်ဇာလန်လူမျိုး၊ မိခင်ဖြစ်သူက တောင်အာဖရိကနွယ်ဖွားဖြစ်တာကြောင့် သူဟာ ဆွစ်ဇာလန်နိုင်ငံ ကိုယ်စားပြုကစားသမားဘဝကို ရွေးချယ်ထားပေမယ့် နှစ်နိုင်ငံစလုံးရဲ့ နိုင်ငံသားလက်မှတ်ကိုင်ဆောင်ထားသူ ဖြစ်ပါတယ်။

သူဟာ ၂၀၀၉ ခုနှစ် ဧပြီ ၁၁ ရက်မှာ ဆွစ်ပရော်ဖက်ရှင်နယ် တင်းနစ်မယ် မာကာနဲ့ လက်ထပ်ခဲ့ပြီး မိသားစု၊ ဆွေမျိုးသားချင်းအနည်းငယ်သာ ဖိတ်ကြားတဲ့ မင်္ဂလာပွဲကို ဆင်နွှဲခဲ့ပါတယ်။ အဲဒီနှစ် ဇူလိုင်လထဲမှာ မာကာက ရို့စ်နဲ့ ရီဗာအမည်ရ ရုပ်ချင်းအင်မတန်တူတဲ့ အမြွှာသမီးငယ်နှစ်ဦးကို မွေးဖွားပေးခဲ့ပြီး ၂၀၁၄ ခုနှစ်မှာတော့ လီယိုနဲ့ လန်းနက်ဒ်လို့ ခေါ်တဲ့ အမြွှာသားငယ်နှစ်ဦးကို ထပ်မံပိုင်ဆိုင်ခဲ့ပါတယ်။ ဒါကြောင့် ဖက်ဒရာရဲ့ ထူးခြားချက်တွေထဲမှာ သူဟာ အမြွှာကလေးငယ်တွေရဲ့ ဖခင်ဖြစ်သလို သူ့ရဲ့ အစ်မဖြစ်သူ ဒိုင်ယာနာကလည်း အမြွှာကလေးငယ်တွေကို မွေးဖွားထားသူဖြစ်တာကြောင့် အမြွှာမျိုးရိုးရှိသူလို့ ဆိုရမှာပါ။

ဒီနှစ် ဝင်ဘယ်လ်ဒန် အကြိုဗိုလ်လုပွဲအဆင့်ကို အန်ဒီမာရေး၊ ဂျိုကိုဗစ်၊ နာဒယ်လ်တို့ တက်ရောက်လာနိုင်ခြင်းမရှိခဲ့တာကြောင့် ဖက်ဒရာဟာ ဗိုလ်လုပွဲမတိုင်မီကတည်းက ဗိုလ်စွဲဖို့ ထိပ်ဆုံးက ရေပန်းစားနေခဲ့တာဖြစ်ပါတယ်။ မှတ်မှတ်ရရဆိုရရင် ရာအိုနစ်ကို ကွာတားမှာအနိုင်ကစားပြီးတဲ့နောက် အကြိုဗိုလ်လုပွဲ ဘာဒက်ချ်ကို ရင်မဆိုင်ရခင်ကတည်းက အားကစား အသားပေးဖော်ပြနေတဲ့ မီဒီယာတွေက ဖက်ဒရာအကြောင်းကို Feature တွေ၊ ဆောင်းပါးတွေရေးသားပြီး တောက်လျှောက် အသားပေးဖော်ပြခဲ့ကြတာပါ။ ဖက်ဒရာဟာ လာမယ့် ဩဂုတ် ၈ ရက်ဆိုရင် အသက်(၃၆)နှစ် ပြည့်မြောက်တော့မှာဖြစ်ပေမယ့် ဒဏ်ရာပြဿနာတွေက ရုန်းထွက်လာနိုင်ခဲ့ပြီးနောက် ၂၀၁၇ ခုနှစ်အတွင်း အခုလို လက်စွမ်းတွေ တရစပ်ပြသနေတာ ဖြစ်ပါတယ်။ ဘောရစ်ဘက်ကာကဆိုရင် "တကယ့်ကို ထိပ်တန်းအဆင့်ပါ။ အသက်(၃၅)နှစ်အရွယ်မှာ စွမ်းဆောင်ပြနေမှုတွေက ကျွန်တော့်အတွက် မယုံကြည်စရာတွေပါပဲ။ ပြီးခဲ့တဲ့နှစ်ကဆို အားလုံးက ဖက်ဒရာအတွက် နောက်ဆုံးနှစ်လို့တောင် ထင်ခဲ့ကြသေးတာပါ" လို့ ဆိုခဲ့ရတဲ့အထိ ချီးမွမ်းခန်းဖွင့်ခဲ့ရပါတယ်။

နာဒယ်လ်ဟာ မြေစေးကွင်းမှာ ဘုရင်ဆိုရင် ဖက်ဒရာက တင်းနစ်လောကကြီး တစ်ခုလုံးရဲ့ ဧကရာဇ်ကြီးပါ။ သူဟာ မြေစေးကွင်းတွေမှာ နာဒယ်လ်ရဲ့ စွမ်းဆောင်ရည်ကို လိုက်မမီခြင်းမရှိပေမယ့် မြက်ခင်းကွင်း၊ ကွင်းမာအမျိုးအစား၊ မြေစေးကွင်းအားလုံးမှာ သူမရဖူးတဲ့ ဖလားဆိုတာ မရှိသလို ဂရင်းစလင်းဖလားတိုင်းကို ကိုင်မြှောက်နိုင်တဲ့ ကစားသမား လေးဦးထဲက တစ်ဦးလည်း ဖြစ်ပါတယ်။ သူဟာ ပြင်သစ်အိုးပင်းကို ၂၀၀၉ ခုနှစ်မှာ တစ်ကြိမ်သာ ရယူနိုင်ခဲ့ပေမယ့် ဝင်ဘယ်လ်ဒန်ဖလားကို ၂၀၀၃ ခုနှစ်ကနေ ၂၀၀၇ ခုနှစ်အထိ ငါးနှစ်ဆက်တိုက်၊ ယူအက်စ်အိုးပင်းကို ၂၀၀၄ ခုနှစ်ကနေ ၂၀၀၈ ခုနှစ်အထိ ငါးနှစ်ဆက်တိုက်ရယူနိုင်ခဲ့တဲ့ ကစားသမားဖြစ်သလို ဂရင်းစလင်း (၁၉)ကြိမ် စံချိန်တင် အရေအတွက် ရယူနိုင်ခဲ့တဲ့ ကစားသမားလည်း ဖြစ်လာခဲ့ပါတယ်။

နည်းပြအဖွဲ့ဝင်တွေရဲ့ အကြံပေးမှုအရ သူဟာ မြေစေးကွင်းပြိုင်ပွဲတွေကို ယှဉ်ပြိုင်ခြင်းမရှိဘဲ ဂရင်းစလင်းပြိုင်ပွဲကြီးတွေကိုသာ ဦးစားပေးယှဉ်ပြိုင်နေပြီး ကြံ့ခိုင်မှုကို အကောင်းဆုံးထိန်းသိမ်းနေတာ တွေ့ရပါတယ်။ ဒီအစီအစဉ်က သူ့အတွက် အတော်လေးအလုပ်ဖြစ်ခဲ့ပြီး စတုဂတ်အိုးပင်းမှာ တော်မီဟတ်စ်ကိုသာ ရှုံးနိမ့်ခဲ့တာကလွဲရင် ဩစတြေးလျအိုးပင်း၊ ဝင်ဘယ်လ်ဒန်အိုးပင်းလို ဂရင်းစလင်ပြိုင်ပွဲကြီးတွေအပြင် အင်ဒီယန်ဝဲလ်၊ မိုင်ယာမီ အိုးပင်းတွေမှာလည်းပဲ ချန်ပီယံအဖြစ် အောင်ပွဲခံခဲ့ပြီးပါပြီ။

ဖက်ဒရာဟာ ယခုနှစ်ဝင်ဘယ်လ်ဒန်အိုးပင်းကို ရရှိချိန်မှာ အသက်(၃၅)နှစ် ၃၄၂ ရက်ရှိပါပြီ။ ဒီအသက်အရွယ်ဆိုတာ တင်းနစ်လို ပွဲဆက်ကစားရမှုများပြားပြီး နာရီပေါင်းများစွာ ယှဉ်ပြိုင်ရတဲ့ အားကစားနည်းမှာ အသက်(၃၀)ကျော် ကစားသမားတစ်ဦး ဒီလိုစွမ်းဆောင်ပြနိုင်မှုက ဖြစ်တောင့်ဖြစ်ခဲလို့ ဆိုရမယ့်အနေအထားပါ။ ဒါပေမယ့် ဖက်ဒရာရဲ့ စွမ်းဆောင်မှုတွေဟာ ဦးပေါင်းကျားနဲ့ မြင်းကျားရှင်ထဲက အလောင်းစည်သူမင်းကြီးလို ငါမအိုသေးဆိုတာကို သက်သေပြနေတဲ့အလား မယုံနိုင်လောက်စရာတွေကို စွမ်းဆောင်ပြနေတာတော့ အမှန်ပဲဖြစ်ပါတယ်။

ဖက်ဒရာရဲ့ လက်စွမ်းနဲ့ပတ်သက်ပြီး တင်မ်ဟန်မန်းက ပြောကြားခဲ့ရာမှာ "ဖက်ဒရာအတွက် အရာအားလုံး လွယ်လွယ်ကူကူလေးဖြစ်နေသလို လုပ်ပြနေတာက နည်းစနစ်ပိုင်းအရပါ။ သူဟာ လေ့ကျင့်ချိန်မှာ ဒါမျိုးဖြစ်အောင်အထိ လေ့ကျင့်ခဲ့လို့ပါ။ သူဟာ အသက်( ၃၅) နှစ်မှာ ဘယ်လိုအတိုင်းအတာအထိပဲ သူစွမ်းဆောင်ပြနိုင်မယ်ဆိုတာကို သိထားတဲ့ သူလေဗျာ။ သူက တင်းနစ်ကစားတာကို အလုပ်လိုလုပ်ပြီးကစားတာ မဟုတ်ဘဲ ဝါသနာအဖြစ်ကစားနေတာကြောင့် ပိုအောင်မြင်တာပေါ့" လို့ သုံးသပ်ပါတယ်။ ကဲ ဒီလိုဆိုရင် တင်းနစ်ကို ငွေကြေးအရ၊ အလုပ်သဘောတရားအရမကစားတဲ့ ဖက်ဒရာ၊ သမိုင်းသစ်တွေ တစ်ခုပြီးတစ်ခု ရေးထိုးပြဖို့ ခရီးနေဦးမယ့် ဖက်ဒရာ ဘာတွေများ ထပ်မံစွမ်းဆောင်ပြဦးမှာလဲ ဆိုတာကတော့ တင်းနစ်အားကစားမြတ်နိုးသူတွေ အားလုံးနဲ့အတူ ရင်ခုန်စွာ စောင့်ကြည့်ရင်းနဲ့. . . .။ ။

■

# ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေကြမ်း

**ပြည်သူအများသိရှိလေ့လာအကြံပြုနိုင်ပါရန်ဖော်ပြခြင်းဖြစ်ပါသည်။**

**ယမန်နေ့မှအဆက်**

၆၅။ (က) ဤအခန်းပါပြစ်မှုများသည် နိုင်ငံတော်ကအဖွဲ့ဝင်အဖြစ် လက်ခံထားသော ကလေးသူငယ် အခွင့်အရေးများနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း၏ နောက်ဆက်တွဲ ပရိုတိုကောလ်၏ အဖွဲ့ဝင်နိုင်ငံအချင်းချင်းချုပ်ဆိုသည့် တရားခံလွှဲပြောင်းရေးကိစ္စ စာချုပ်တစ်ခုခုတွင် ပါရှိသည့် တရားခံ လွှဲပြောင်းပေးနိုင်သည့် ပြစ်မှုများတွင် လည်းကောင်း၊ ထိုအဖွဲ့ဝင်နိုင်ငံ အချင်းချင်းနောင်တွင်ချုပ်ဆိုမည့် တရားခံလွှဲပြောင်းပေးခြင်းနှင့် စပ်လျဉ်းသည့် စာချုပ်များတွင်ပါရှိသည့် တရားခံလွှဲပြောင်းပေးနိုင်သည့် ပြစ်မှုများတွင် လည်းကောင်း ပါဝင်သည်ဟု မှတ်ယူရမည်။

(ခ) ဤအခန်းပါ ပြစ်မှုတစ်ခုခုအတွက် ကလေးသူငယ်အခွင့်အရေးများနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း၏ နောက်ဆက်တွဲ ပရိုတိုကောလ်၏ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံမှ တစ်နိုင်ငံသို့ တရားခံလွှဲပြောင်းရေးကိစ္စနှင့် စပ်လျဉ်း၍ ဖြစ်စေ၊ အဖွဲ့ဝင်နိုင်ငံအချင်းချင်း အကူအညီပေးရေးကိစ္စနှင့် စပ်လျဉ်း၍ ဖြစ်စေ တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

**အခန်း (၁၉)**

**ကလေးသူငယ်၏ ကျင့်ဝတ် စည်းကမ်းများနှင့်**
**မိဘ၊ အုပ်ထိန်းသူနှင့် ဆရာ ဆရာမများ၏ တာဝန်ဝတ္တရားများ**

၆၆။ ကလေးသူငယ်တိုင်းသည် အသက်အရွယ်အလိုက် အောက်ပါကျင့်ဝတ်စည်းကမ်းများကို လိုက်နာကျင့်ကြံ စောင့်ထိန်းရမည် -

(က) တရားဥပဒေကို စောင့်ထိန်းလိုက်နာခြင်း၊

(ခ) အသက်အရွယ်နှင့် ရင့်ကျက်မှု ရှိလာသည်နှင့်အမျှ မိဘ၊ အုပ်ထိန်းသူတို့၏ဆုံးမသွန်သင်ပေးမှုကို လေးစားလိုက်နာကာ မိမိအခွင့်အရေးများကို လက်ခံကျင့်သုံးခြင်း၊

(ဂ) မိဘ၊ အုပ်ထိန်းသူများနှင့် ဆရာ၊ ဆရာမများ၏ သွန်သင်မှုကိုခံယူပြီး ပညာသင်ကြားခြင်း၊

(ဃ) ကျောင်းစည်းကမ်းနှင့် ရပ်ရွာစည်းကမ်းများကို လည်းကောင်း၊ လူမှုရေး စည်းကမ်းနှင့် ဘာသာရေးကျင့်ဝတ်များကို လည်းကောင်း လိုက်နာပြီး ရပ်ရွာအတွင်း တာဝန်သိသူတစ်ဦးအဖြစ် နေထိုင်ကျင့်ကြံခြင်း၊

(င) မိမိ ရပ်ရွာ အသိုက်အဝန်း၏ ကောင်းမွန်သော အစဉ်အလာများ၊ တန်ဖိုးများ၊ ဘာသာစကား၊ ယုံကြည်ကိုးကွယ်မှု၊ ယဉ်ကျေးမှုတို့ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

(စ) အရက်သောက်ခြင်း၊ ဆေးလိပ်သောက်ခြင်း၊ မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးသုံးစွဲခြင်း၊ လောင်းကစားခြင်းနှင့် အခြားအကျင့်စာရိတ္တပျက်ပြားဖွယ်ရာ အမူအကျင့်များမှ ရှောင်ကြဉ်ခြင်း။

၆၇။ မိဘ၊ အုပ်ထိန်းသူနှင့် ဆရာ၊ ဆရာမများသည် ကလေးသူငယ်များက ပုဒ်မ ၆၆ ပါ ကျင့်ဝတ်စည်းကမ်းများကို လိုက်နာစောင့်ထိန်းသည့် အလေ့အထရှိစေရန် ရိုက်နှက်ပြစ်ဒဏ်ပေးမှု အပါအဝင် အပြစ်ပေးမှုပုံစံတစ်မျိုးမျိုးတို့ကို အသုံးမပြုဘဲ ကျိုးကြောင်းပြ နည်းပေးလမ်းညွှန် ပြုရမည်။

၆၈။ အမျိုးသားကော်မတီသည် ပုဒ်မ ၆၆ ပါ ကလေးသူငယ်များက ယင်းတို့၏ ကျင့်ဝတ် စည်းကမ်းများ လိုက်နာကျင့်သုံးရေးအတွက် လည်းကောင်း၊ ပုဒ်မ ၆၇ ပါ မိဘ၊ အုပ်ထိန်းသူနှင့် ဆရာ၊ ဆရာမများက ရှောင်ကြဉ်ရမည့် အချက်များကို ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် လည်းကောင်း ကျောင်းသားများ၏ မိဘများ၊ ရပ်မိရပ်ဖများနှင့် ဆရာ၊ ဆရာမများအား အသိပညာပေးခြင်းကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရမည်။

**အခန်း (၂၀)**

**အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်း**

၆၉။ ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ်နှင့် စပ်လျဉ်း၍ -

(က) အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်းလုပ်ငန်းစဉ် ဆောင်ရွက်ရန် သင့်၊ မသင့် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားရမည် -

(၁) ကျူးလွန်သည့်ပြစ်မှု၏သဘာဝ၊ ကျူးလွန်ရသည့် အကြောင်းရင်းနှင့် အခြေအနေ၊

(၂) ထိုပြစ်မှုမျိုးကို မကြာခဏ ကျူးလွန်လေ့ ရှိ၊ မရှိ၊

(၃) ကလေးသူငယ်၏ အသက်အရွယ် အသိဉာဏ်ဖွံ့ဖြိုးမှု၊ ရင့်ကျက်မှု အခြေအနေ၊

(၄) မိသားစု အနေအထားနှင့် ပတ်ဝန်းကျင်လွှမ်းမိုးမှု အခြေအနေ၊

(၅) ပြစ်မှုကျူးလွန်ခြင်းခံရသူ၏ ထိခိုက်နစ်နာမှုကို ပြုပြင်ကုစားပေးနိုင်မှု ရှိ၊ မရှိ၊

(၆) ကလေးသူငယ်က ပြစ်မှုကျူးလွန်ကြောင်း သက်သေအထောက်အထား ခိုင်လုံမှု အလေး အပေါ့၊

(၇) ရပ်ရွာလူမှုအဖွဲ့အစည်း ဘေးကင်းလုံခြုံမှု ရှိနိုင် မရှိနိုင်။

(ခ) အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်း လုပ်ငန်းစဉ်ကို ဆောင်ရွက်ရန် သင့်ပါက ပြစ်မှုကျူးလွန်ပြီး ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးခြင်းမပြုမီ အဆင့်တွင် ဖြစ်စေ၊ ရဲတပ်ဖွဲ့က အမှုစုံစမ်းစစ်ဆေးသည့် အဆင့်တွင် ဖြစ်စေ၊ ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်ရာအဆင့်အလိုက် ဆီလျော်သလို ကျင့်သုံးအကောင်အထည်ဖော် ဆောင်ရွက်နိုင်သည်။

၇၀။ ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ်မှာ ပုဒ်မ ၆၉၊ ပုဒ်မခွဲ (က) ပါ အချက်များနှင့် အကျုံးဝင်စေကာမူ အောက်ပါအချက်တစ်ရပ်ရပ်နှင့် အကျုံးဝင်ပါက အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်းလုပ်ငန်းစဉ်များကို ဆောင်ရွက်ခြင်း မပြုရ-

(က) သေဒဏ်၊ ထောင်ဒဏ် တစ်သက်၊ နှစ်အကန့်အသတ်မရှိ ထောင်ဒဏ် သို့မဟုတ် နှစ် ၂၀ ထောင်ဒဏ်ချမှတ်နိုင်သော ပြစ်မှုအပါအဝင် ထောင်ဒဏ် ၇ နှစ် နှင့် အထက် ပြစ်ဒဏ်ပေးနိုင်သောပြစ်မှုကို ကျူးလွန်ခဲ့ခြင်း၊

(ခ) အကျင့်စာရိတ္တ လွန်ကဲစွာပျက်စီးနေသော သို့မဟုတ် ထိန်းသိမ်း၍ မရနိုင်လောက်အောင် ဆိုးသွမ်းနေသော ကလေးသူငယ်ဖြစ်ကြောင်း ခိုင်လုံသော အထောက်အထားများ တွေ့ရှိခြင်း၊

(ဂ) ထောင်ဒဏ် ၃ နှစ်နှင့်အထက် ပြစ်ဒဏ်ပေးနိုင်သော ပြစ်မှုပြစ်ချက်ဟောင်းရှိသူဖြစ်ခြင်း။

၇၁။ အမျိုးသားကော်မတီ၏လမ်းညွှန်မှုဖြင့် လူမှုဝန်ထမ်းဦးစီးဌာနသည် ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသောကလေးသူငယ်ကို ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားများ အလို့ငှာ အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်းလုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်ရန် ကလေးသူငယ်တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်းအရာရှိများ အပါအဝင် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ စေတနာရှင်များအား ပြည်တွင်း ပြည်ပမှ ကျွမ်းကျင်သူများဖြင့် လေ့ကျင့်ခြင်းနှင့် သင်တန်းများပေးခြင်းတို့ကို စီစဉ်ဆောင်ရွက်ရမည်။

၇၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီသည် အမျိုးသားကော်မတီ၏ လမ်းညွှန်ချက်ဖြင့် ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ်ကို အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်းပြုရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရဲတပ်ဖွဲ့၊ လူမှုဝန်ထမ်းဦးစီးမှူးရုံးတို့နှင့် ညှိနှိုင်းပြီး သက်ဆိုင်ရာ မြို့နယ်အဆင့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ သင့်လျော်သော တာဝန်ရှိပုဂ္ဂိုလ်များပါဝင်သည့် မြို့နယ်ညှိနှိုင်းဖြေရှင်းရေးအဖွဲ့များ ဖွဲ့စည်းရမည်။

၇၃။ မြို့နယ်ညှိနှိုင်းဖြေရှင်းရေးအဖွဲ့များသည် -

(က) ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသောကလေးသူငယ်နှင့် စပ်လျဉ်း၍ အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်းလုပ်ငန်းစဉ်ဆောင်ရွက်ရန် သင့်၊ မသင့် ပုဒ်မ ၆၉၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၇၀ တို့ပါ အချက်များကို ထည့်သွင်းစဉ်းစားပြီး ထိုလုပ်ငန်းစဉ်ဖြင့် ဆောင်ရွက်ရန် ဦးစွာဆုံးဖြတ်ရမည်။

(ခ) ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသောကလေးသူငယ်နှင့် မိဘ သို့မဟုတ် အုပ်ထိန်းသူကို လည်းကောင်း၊ ပြစ်မှုကျူးလွန်ခြင်းခံရသူကို လည်းကောင်း၊ ပြစ်မှုကျူးလွန်ခြင်းခံရသူမှာ ကလေးသူငယ်ဖြစ်ပါက ၎င်းနှင့် မိဘ သို့မဟုတ် အုပ်ထိန်းသူကို လည်းကောင်း ဆင့်ဆိုပြီး နှစ်ဖက်သဘောတူညီချက်အရ အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်းလုပ်ငန်းစဉ်ကို အောက်ပါနည်းလမ်း တစ်ရပ်ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ သင့်လျော်သည့် နည်းလမ်းဖြင့် ဆောင်ရွက်ရန် ဆုံးဖြတ်နိုင်သည် -

(၁) ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသောကလေးသူငယ်အား သတိပေးပြီး ဆိုဆုံးမခြင်း၊

(၂) ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသောကလေးသူငယ်က ဖြစ်စေ၊ ၎င်း၏ မိဘ သို့မဟုတ် အုပ်ထိန်းသူက ဖြစ်စေ၊ ၎င်းတို့နှစ်ဦးလုံးက ဖြစ်စေ ပြစ်မှုကျူးလွန်ခြင်းခံရသူနှင့် ၎င်း၏ မိဘ သို့မဟုတ် အုပ်ထိန်းသူအား စာဖြင့် ဖြစ်စေ၊ နှုတ်ဖြင့် ဖြစ်စေ ဝန်ချတောင်းပန်စေခြင်း၊

(၃) ရပ်ရွာအကျိုးပြု လူမှုရေးအလုပ်တစ်ခုခုကို လုပ်ကိုင်စေခြင်း၊

(၄) ပြစ်မှုကျူးလွန်ခြင်းခံရသူအား ထိခိုက်နစ်နာမှု သို့မဟုတ် နောက်ဆက်တွဲ အကျိုးဆက်များအတွက် သင့်လျော်သည့် နစ်နာကြေး သို့မဟုတ် လျော်ကြေးပေးစေခြင်း၊

(၅) ထိခိုက်နစ်နာ ဆုံးရှုံးသော ပစ္စည်းကို ပြန်ပေးခြင်း၊ ထိုပစ္စည်းကို အစားထိုးပေးခြင်း သို့မဟုတ် ထိုပစ္စည်းအတွက် နစ်နာကြေးပေးစေခြင်း၊

(၆) ပြစ်မှုကျူးလွန်သူကို ရပ်မိရပ်ဖလူကြီး၏ အနီးကပ်ဆုံးမသွန်သင်မှုကို ခံယူစေခြင်းနှင့် ကျူးလွန်ခံရသူအား အမျက်ဒေါသ ပြေပျောက်စေရန် နှစ်သိမ့်ဆွေးနွေးခြင်း၊

(၇) ကလေးသူငယ် အကောင်းဆုံးအကျိုးစီးပွားများအလို့ငှာ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ၊ လေ့ကျင့်သင်ကြားပေးနိုင်ရန် သင်တန်းကျောင်းများ၊ ပရဟိတဂေဟာများ၊ ယာယီစောင့်ရှောက်ရေး ဂေဟာများတွင် ပြုပြင်ထိန်းသိမ်းခြင်း၊

(၈) ကျွမ်းကျင်မှုနှင့် အခြားဖွံ့ဖြိုးမှု အစီအစဉ်တစ်ရပ်ရပ် ဆောင်ရွက်စေခြင်း၊

(၉) မူးယစ်ဆေးဝါး သို့မဟုတ် အရက်သေစာစွဲလမ်းမှု ကုသရေး သို့မဟုတ် ကျန်းမာရေးအတွက် ဆရာဝန်နှင့် တိုင်ပင်ဆွေးနွေးစေခြင်း။

(ဂ) ပုဒ်မခွဲ (ခ) အရ ဆုံးဖြတ်သည့် အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်း လုပ်ငန်းစဉ်ကို သတ်မှတ်ချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(ဃ) အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်း လုပ်ငန်းစဉ်များကို ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ လိုအပ်ပါက မိမိမြို့နယ်ညှိနှိုင်းဖြေရှင်းရေး အဖွဲ့ဝင်တစ်ဦးဦး ဦးဆောင်၍ ညှိနှိုင်းဖြေရှင်းရေးအဖွဲ့ခွဲကို သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်း၍ ဆောင်ရွက်စေရန် တာဝန်ပေးအပ်နိုင်သည်။

၇၄။ ကလေးသူငယ်တရားရုံးသည် -

(က) ရဲတပ်ဖွဲ့မှတင်ပို့လာသော အမှုများတွင် ဖြစ်စေ၊ တိုက်ရိုက်လျှောက်ထားမှုများတွင် ဖြစ်စေ အမှုကို အပြီးသတ်အမိန့် မချမှတ်မီ အမှုစစ်ဆေးနေစဉ် ကာလအတွင်း ပုဒ်မ ၆၉၊ ပုဒ်မခွဲ (က) နှင့်ပုဒ်မ ၇၀ တို့ပါ အချက်များနှင့် ကိုက်ညီပါက အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်းနည်းလမ်းဖြင့် ဆောင်ရွက်ပေးနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်းနည်းလမ်းဖြင့် ဆောင်ရွက်ရာတွင် ပုဒ်မ ၇၃၊ ပုဒ်မခွဲ (ခ) ပါ နည်းလမ်း တစ်ရပ်ရပ်ဖြင့် ဆောင်ရွက်ပေးနိုင်သည်။

**အခန်း (၂၁)**

**ကလေးသူငယ်ကို ပြစ်မှုဖြင့် အရေးယူခြင်းနှင့် ကင်းလွတ်ခွင့်**

၇၅။ (က) အသက် ၁၀ နှစ် မပြည့်သေးသော ကလေးသူငယ်၏ ပြုလုပ်မှုသည် ပြစ်မှုမမြောက်စေရ။

(ခ) ပြုလုပ်စဉ်အခါက မိမိပြုသော ပြုလုပ်မှု၏ သဘောနှင့် အကျိုးအပြစ်ကို သိနားလည်လောက်အောင် အမြော်အမြင်၊ အဆင်အခြင်နှင့် မပြည့်စုံသေး၍ အသက် (၁၀)နှစ်အထက်၊ (၁၂)နှစ်အောက် အရွယ်ရှိသော ကလေးသူငယ်၏ ပြုလုပ်မှုသည် ပြစ်မှုမမြောက်။

၇၆။ ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသောကလေးသူငယ်က အသက်နှင့် စပ်လျဉ်းသည့် အထောက်အထားတင်ပြခြင်းမပြုနိုင်သေးမီ ၎င်း၏ အသက်အရွယ်ငယ်ရွယ်မှုနှင့် ပုံပန်းသဏ္ဌာန်အရ အသက် (၁၈) နှစ် မပြည့်သေးသူဖြစ်နိုင်သည်ဟု ထင်မြင်ယူဆနိုင်ပါက ဤဥပဒေပါ ကလေးသူငယ်၏ အခွင့်အရေးကို ရထိုက်ခွင့်ရှိစေရမည်။

၇၇။ ရဲအရာရှိသည် ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသောကလေးသူငယ်ကို ဖမ်းဆီးလျှင် -

(က) မိမိ မည်သူမည်ဝါဖြစ်ကြောင်း ကောင်းမွန်စွာပြောကြားရမည်။ ကြိုတင်၍ သတင်းရရှိသည့်ကိစ္စဖြစ်ပါက တူညီဝတ်စုံကို ဝတ်ဆင်ခြင်း မပြုရ။

(ခ) ကလေးသူငယ်နားလည်နိုင်သော ရိုးရှင်းသည့် စကားအသုံးအနှုန်းဖြင့် ဖမ်းဆီးရသည့် အကြောင်းရင်းနှင့် ၎င်းအား စွပ်စွဲထားသော ပြစ်မှုတို့ကို ရှင်းလင်းပြောကြားရမည်။

(ဂ) ခြိမ်းခြောက်ခြင်း၊ အဓမ္မအနိုင်အထက်ပြုခြင်း သို့မဟုတ် မလိုအပ်ဘဲ အင်အားသုံးခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်း၊ ရက်စက်ခြင်း၊ လူမဆန်စွာပြုမူခြင်း သို့မဟုတ် အဆင့်အတန်း ယုတ်ညံ့သေးသိမ်စေခြင်း စသည့်အပြုအမူများကို ရှောင်ရှားရမည်။

(ဃ) လက်ထိတ်ခတ်ခြင်း၊ ကြိုးဖြင့် ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့် ဖြစ်စေ ချည်နှောင်ခြင်းမပြုရ။

(င) မည်သည့်အကြောင်းနှင့်မျှ ကလေးသူငယ်ကို ရဲအချုပ်တွင် ချုပ်နှောင်ထားခြင်း မပြုရ။

(စ) လူကြီးအကျဉ်းသားများနှင့်အတူ ရောနှော၍ထားရှိခြင်း မပြုရ။ မိန်းကလေးဖြစ်ပါက အမျိုးသမီးအစောင့်အရှောက်ဖြင့်သာ ထားရှိရမည်။

(ဆ) သက်ဆိုင်သော မိဘ သို့မဟုတ် အုပ်ထိန်းသူထံ ချက်ချင်း သို့မဟုတ် ဆောလျင်စွာ အသိပေးအကြောင်းကြားရမည်။ မိဘ၊ အုပ်ထိန်းသူ၊ ဆွေမျိုးနှင့် လည်းကောင်း၊ ရှေ့နေနှင့်လည်းကောင်း ကလေးသူငယ်ကို တွေ့ဆုံခွင့်ပြုရမည်။

(ဇ) ကျူးလွန်သောပြစ်မှုနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီသာ မေးမြန်းရမည်။

(ဈ) အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်း မပြုပါက ကလေးသူငယ်ကို သက်ဆိုင်ရာကလေးသူငယ်တရားရုံးသို့ ဆောလျင်စွာ တင်ပို့ရမည်။

(ည) ပုဒ်မခွဲ (ဈ) အရ ကလေးသူငယ်တရားရုံးသို့ ဆောလျင်စွာ တင်ပို့ခြင်း မပြုနိုင်ပါက ကလေးသူငယ်ကို ကောင်းမွန်စွာ ကျင့်ကြံနေထိုင်ရန် ခံဝန်ချုပ်ချုပ်ဆိုစေပြီး လွှတ်ပေးရမည်။ ထိုသို့ ခံဝန်ချုပ်ဖြင့် လွှတ်ပေးခြင်း မပြုနိုင်ပါက ယာယီ စောင့်ရှောက်ရေးဂေဟာ သို့မဟုတ် အခြားသင့်တော်သောနေရာသို့ ပို့ဆောင်ရမည်။

(ဋ) ကလေးသူငယ် အသက်အရွယ်ကို သတ်မှတ်ရန် အသက်နှင့် စပ်လျဉ်းသော အထောက်အထားများ ရယူထားရမည်။

၇၈။ ရဲအရာရှိသည် သင်တန်းကျောင်း၊ ပရဟိတဂေဟာ၊ ယာယီစောင့်ရှောက်ရေးဂေဟာ၊ အုပ်ထိန်းသူ သို့မဟုတ် ပြုစုစောင့်ရှောက်သူထံမှ ထွက်ပြေးသည့် ကလေးသူငယ်ကို -

(က) ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်သည်။ သို့ရာတွင် ရာဇသတ်ကြီးနှင့် အခြားပြစ်မှုဆိုင်ရာ အထူးဥပဒေတစ်ရပ်ရပ်အရ အရေးယူခြင်း မပြုရ။

(ခ) ဖမ်းဆီးရမိလျှင် သက်ဆိုင်ရာ သင်တန်းကျောင်း၊ ပရဟိတဂေဟာ၊ ယာယီစောင့် ရှောက်ရေးဂေဟာ၊ အုပ်ထိန်းသူ သို့မဟုတ် ပြုစုစောင့်ရှောက်သူထံ ပြန်ပို့ရမည်။

**ဆက်လက်ဖော်ပြပါမည်။**

# တာချီလိတ်ရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်နေမှု ပြည်နယ်ဝန်ကြီး ကွင်းဆင်းကြည့်ရှုစစ်ဆေး

**တာချီလိတ် ဇူလိုင် ၁၇**
ရှမ်းပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစံ့ဆိုင်းသည် ဇူလိုင် ၁၆ ရက် မွန်းလွဲပိုင်းက တာချီလိတ်မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် တာချီလိတ်(ရှမ်းအရှေ့) ရေပေးဝေရေး ကုမ္ပဏီလီမိတက်တို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ရေပေးဝေရေးလုပ်ငန်းအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနခွဲ(ကျိုင်းတုံ)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးထွန်းထွန်းဇော်၊ တာချီလိတ်မြို့နယ်စည်ပင်သာယာရေးဌာနမှ အင်ဂျင်နီယာမှူး ဦးလှမျိုးနှင့် တာချီလိတ်(ရှမ်းအရှေ့) ရေပေးဝေရေးကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတို့က Weir and Intake Structure (ရေယူအဆောက်အအုံ) တည်ဆောက်ပြီးစီးမှု၊ Water Treatement Plant (ရေသန့်စင် အဆောက်အအုံ)တည်ဆောက်ပြီးစီးမှု၊ Junction Valve Chamber တည်ဆောက်ပြီးစီးမှု၊ Raw Water and Clear Water Pipe Line တပ်ဆင်ပြီးစီးမှုနှင့် (District Metering Area) DMA 2 & DMA 4 ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လိုက်လံရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးက လုပ်ငန်းများစနစ်တကျဖြစ်စေရေး ရှင်းလင်းပြောကြားသည်။



အဆိုပါ အကျိုးတူဆောင်ရွက်လျက်ရှိသော ရေပေးဝေရေးလုပ်ငန်းမှာ သန့်ရှင်းသောသောက်သုံးရေများကို မြို့ပေါ်ရပ်ကွက်များအား ၂၀၁၇ ခုနှစ် နိုဝင်ဘာလကုန်ခန့်တွင် ဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **ဝေယံလင်း**



## လျှပ်စစ်ဗို့အားအပြည့်အဝသုံးစွဲနိုင်ရေး ရမည်းသင်း၌ ထရန်စဖော်မာများတိုးချဲ့တည်ဆောက်

**ရမည်းသင်း ဇူလိုင် ၁၇**
မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ်လျှပ်စစ်မန်နေဂျာရုံး၏ အုပ်ချုပ်မှုနယ်မြေအတွင်းရှိ ပြည်သူများ လျှပ်စစ်ဓာတ်အားကို ဗို့အားပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် ရမည်းသင်းမြို့နယ် စံပြသိမ်ကုန်းကျေးရွာတွင် ၃၁၅ ကေဗွီအေ ထရန်စဖော်မာ တစ်လုံးနှင့် ၂၀၀ကေဗွီအေ ထရန်စဖော်မာတစ်လုံး တိုးချဲ့တည်ဆောက်ပြီးဖြစ်၍ ဇူလိုင်လဒုတိယပတ်က လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထိုသို့ ထရန်စဖော်မာများတိုးချဲ့ တည်ဆောက်ပေးခြင်း၊ ယခင် ၄၀၀ဗို့လိုင်းသစ်သားတိုင်များအား ကွန်ကရစ်တိုင် ၈၇ တိုင်ဖြင့် အစားထိုးလဲလှယ်ပေးခြင်းတို့အား Dragon Emperor Services Co; Ltd., ရင်းနှီးမြှုပ်နှံမှုကျပ် ၃၃ ဒသမ ၅၀ သန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး စံပြသိမ်ကုန်းကျေးရွာနေပြည်သူ ၁၁၃၆ ဦးတို့အနေဖြင့် လျှပ်စစ်ဓာတ်အားကို ဗို့အားပြည့်ဝစွာသုံးစွဲနိုင်ပြီဖြစ်ကြောင်းသိရသည်။ **တင်ဦး(ရမည်းသင်း)**

## မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းတာဝန်များ ရှင်းလင်း

**ဗန်းမော် ဇူလိုင် ၁၇**
ကချင်ပြည်နယ် ဗန်းမော်မြို့တွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းတာဝန်များ ရှင်းလင်းပွဲ အခမ်းအနားကို ဇူလိုင် ၁၆ ရက် နံနက် ၈ နာရီက ဗန်းမော်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကချင်ပြည်နယ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ ဒု-ဥက္ကဋ္ဌ(၁) ကချင်ပြည်နယ်ဥပဒေချုပ်ဦးဒီဆီရမ်က မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း၊ ဒုခရိုင်အုပ်ချုပ်ရေးမှူး ဦးညွန့်စိုး၊ ဗန်းမော်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်လှိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ကျော်ခိုင်၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့စု(၁)မှ ရဲမှူးဆိုင်းနန်၊ ဌာနဆိုင်ရာများ၊ မြို့ပေါ်ရပ်ကွက် (၁၃) ရပ်ကွက်နှင့် ကျေးရွာအုပ်စု (၄၅)ရွာတို့မှ အုပ်ချုပ်ရေးမှူးများ၊ ရပ်/ကျေးစာရေးများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## မြေအောက်ရေရရှိရေး စက်ရေတွင်းတူးဖော်နိုင်ရန် လေ့လာတိုင်းတာခြင်းဆောင်ရွက်

**သာစည် ဇူလိုင် ၁၇**
မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ ရေရှားပါးသည့် ကျေးရွာများကို သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် မြေအောက်စက်ရေတွင်းများကို တူးဖော်ပေးလျက်ရှိရာတွင် နိုင်ငံတော်ငွေ လေလွင့်ဆုံးရှုံးမှု မရှိစေရေးအတွက် စက်ရေတွင်းတူးဖော်ရာ၌ မြေနေရာခန့်မှန်းရွေးချယ်တူးဖော်မှုများ မပြုလုပ်တော့ဘဲ အပူပိုင်းဇုန် ကျေးလက်ဒေသရေရရှိရေး စီမံကိန်းရုံးမှ ဝန်ထမ်းများ၏အကူအညီဖြင့် မြေအောက်ရေ ရှာဖွေရေးစက်ဖြင့် ရှာဖွေ၍ အမှန်တကယ်ထွက်ရှိမည့်နေရာများကိုသာ တူးဖော်ပေးလျက်ရှိကြသည်။

ဇူလိုင် ၁၇ ရက်တွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ် ဦးစီးမှူးဦးဌေးကိုနှင့်ဝန်ထမ်းများသည် ကျောက်ပြားတောင် ကျေးရွာနှင့် အောင်မြင်သာကျေးရွာများသို့ သွားရောက်ကြပြီး အဆိုပါကျေးရွာ နှစ်ရွာတွင် မြို့နယ်ကျေးလက်ဦးစီးဌာနက ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်အတွက် စက်ရေတွင်း နှစ်တွင်းတူးဖော်ပေးမည်ဖြစ်ရာ မြေအောက်ရေအမှန်တကယ်ထွက်ရှိနိုင်မည့်နေရာကို ရရှိတူးဖော်နိုင်ရေးအတွက် အပူပိုင်းဇုန် ကျေးလက်ဒေသ ရေရရှိရေးစီမံကိန်းရုံး (DRD & JICA) ညောင်ဦးမြို့နယ်မှ ဝန်ထမ်းများနှင့်အတူ မြေအောက်ရေထွက်ရှိနိုင်မည့် နေရာရရှိရေးအတွက် GP Survey စက်ဖြင့် တိုင်းတာခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မောင်ကို(သာစည်)**

## ဒီမိုကရေစီနည်းကျ သတင်းမီဒီယာလွတ်လပ်ခွင့်ဆိုင်ရာဆွေးနွေးပွဲ မန္တလေးမြို့တွင်ကျင်းပ

**မဟာအောင်မြေ ဇူလိုင် ၁၇**
မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် ပါတီများနှင့် ဒီမိုကရေစီဆိုင်ရာအင်စတီကျု၏ မြန်မာပါတီစုံဒီမိုကရေစီအစီအစဉ်တို့မှ ပူးပေါင်းကျင်းပသော ဒီမိုကရေစီနည်းကျ သတင်းမီဒီယာလွတ်လပ်ခွင့်ဆိုင်ရာဆွေးနွေးပွဲကို ဇူလိုင် ၁၇ ရက်က မန္တလေးမြို့ မဟာအောင်မြေမြို့နယ် (၇၈) လမ်း၊ (၃၇) လမ်းနှင့် (၃၈) လမ်းကြားရှိ ဟိုတယ်မန္တလေး စံပယ်ဖြူခန်းမ၌ ကျင်းပသည်။




အခမ်းအနားအား မန္တလေးတိုင်းဒေသကြီးအတွင်း ဒီမိုကရေစီနည်းကျ သတင်းမီဒီယာလွတ်လပ်ခွင့်ဆိုင်ရာ သတင်းအချက်အလက်များရရှိနိုင်ရန်၊ သတင်းမီဒီယာလွတ်လပ်ခွင့်အတွက် နိုင်ငံရေးပါတီများမှ ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ရန် ရည်ရွယ်ကာ ကျင်းပခြင်းဖြစ်ပြီး ဒီမိုကရေစီနည်းကျ သတင်းမီဒီယာလွတ်လပ်ခွင့်ဆိုင်ရာများကို ပါတီများနှင့် သတင်းမီဒီယာများက ပူးပေါင်းဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် သတင်းမီဒီယာဥပဒေ၊ ပုဒ်မ ၆၆/ဃ ဖြစ်စဉ်များ၊ သတင်းအချက်အလက်မှန်ကန်ခြင်းနှင့် သတင်းလွတ်လပ်ခွင့်တွင် နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍ၊ လတ်တလော သတင်းမီဒီယာ လွတ်လပ်ခွင့်တွင် နိုင်ငံရေးပါတီများနှင့် မီဒီယာများ၏ အခန်းကဏ္ဍ၊ နိုင်ငံရေးပါတီများ၏ မူဝါဒဆိုင်ရာ စည်းရုံးလှုံ့ဆော်မှု နည်းလမ်းများ ပူးပေါင်းရှာဖွေခြင်းနှင့် နိုင်ငံရေးပါတီများ၏ လတ်တလော သတင်းမီဒီယာလွတ်လပ်ခွင့် အခြေအနေများအပေါ် ဆွေးနွေးခြင်းကဏ္ဍများအား တက်ရောက်လာသည့် နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ ကိုယ်စားလှယ်များနှင့် မန္တလေးအခြေစိုက်သတင်းမီဒီယာများက အပြန်အလှန်ဆွေးနွေးတိုင်ပင်ကြကြောင်း သိရသည်။ **(၀၀၂)**

# သံလွင်မြစ်ရေတိုက်စားမှုကြောင့် မြစ်ကမ်းပါးပြိုကျမှုကာကွယ်ရန် ယာယီမြစ်ကမ်းထိန်းလုပ်ငန်းများ ဆောင်ရွက်

**ရွှေဂွန်း ဇူလိုင် ၁၇**
ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ရွှေဂွန်းကျေးရွာ မြို့မရပ်ကွက်ရှိ မြစ်ကမ်းဘေးအနီးမှနေအိမ်အချို့အား သံလွင်မြစ်ရေတိုက်စားမှုကြောင့်မြစ်ကမ်းပါးပြိုကျ၍ ပျက်စီး ထိခိုက်ဆုံးရှုံးမှုမရှိအောင် တာဝန်ရှိသူများကအချိန်မီပြောင်းရွှေ့နေရာချပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီးနောက် မြစ်ကမ်းပါးထပ်မံပြိုကျမှုမဖြစ်အောင် မြစ်ကမ်းထိန်းလုပ်ငန်းများကို ဇူလိုင် ၁၆ ရက် နံနက် ၁၀ နာရီခွဲမှ စတင်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြစ်ကမ်းပါးပြိုကျသည့်နေရာတွင် အလျား ၁၅ ပေ၊ အနံ ၁၅ ပေရှိ မိုးရေခံတာပေါ်လင်ဖျင်စများကို အောက်ခြေ၌ အုတ်ခဲများ စီစီရီရီဖိထည့်၍ ကမ်းပါးပေါ်မှ ကြိုးများဖြင့် ချည်နှောင်ငုတ်ရိုက်ကာ မြစ်ကမ်းပါးနံရံများတွင်အုပ်မိုးကာပြီး အဆိုပါယာယီမြစ်ကမ်း ထိန်းတာပေါ်လင်နံရံရှေ့တွင် မြစ်ရေစီးဆင်းမှုအရှိန် လျှော့ချနိုင်ရန် အလျားပေ ၃၀၊ အနံ ၁၀ ပေခန့်ရှိဝါးဖောင်ပြုလုပ်ထားရှိကာကမ်းပြိုမှု ယာယီထိန်းသိမ်းနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ထိုသို့ ယာယီမြစ်ကမ်းထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် ရွှေဂွန်းနယ်မြေ ရဲစခန်းမှူးအောင်မြို့မင်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ရွှေဂွန်းကျေးရွာမီးသတ်လက်ထောက် ဦးစီးမှူး ငြိမ်းချမ်းအောင်နှင့်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးဦးဝင်းနိုင်ဦးနှင့်ရပ်မိရပ်ဖများ၊ ရပ်ကွက်နေ ပြည်သူများစုပေါင်းလုပ်ကိုင်ဆောင်ရွက်ခဲ့ပြီး လှိုင်းဘွဲ့မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းဇော်နှင့် အဖွဲ့ဝင်များ၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောထွန်းစိန်နှင့် အဖွဲ့တို့လည်း လာရောက်ဆောင်ရွက်ခဲ့ပြီး မြစ်ကမ်းပြိုကျသည့်နေရာတွင် သဲအိတ်၊ ကျောက်အိတ်များချ၍ ထပ်မံအားဖြည့်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းသူ/ထွန်းထွန်းထွေး(ဘားအံ)**

# မြန်မာ့သစ်မွှေး ပြည်ပနိုင်ငံများသို့ တင်ပို့မည်



**ရန်ကုန် ဇူလိုင် ၁၇**

မြန်မာတိုင်းရင်းဆေးထုတ်လုပ်ရာတွင် ထည့်သွင်းအသုံးပြုသည့် မြန်မာ့သစ်မွှေး(အကျော်)ကို နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း မြန်မာနိုင်ငံ သစ်မွှေးလုပ်ငန်းရှင်များအသင်းမှ သိရသည်။

"သစ်တောဦးစီးဌာနက CITES ထောက်ခံချက်ခွင့်ပြုချက်လည်းရပြီ။ ဒူဘိုင်း၊ ယူအေအီးနိုင်ငံတွေနဲ့ ထိုင်ဝမ်ကိုတင်ပို့ဖို့ အသင့်ဖြစ်နေပါပြီ" ဟု မြန်မာနိုင်ငံ သစ်မွှေးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးသောင်းညွန့်က ပြောသည်။

မြန်မာနိုင်ငံသစ်မွှေးလုပ်ငန်းရှင်များအသင်းက သစ်မွှေးစိုက်ပျိုးထုတ်လုပ်ရောင်းဝယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဥပဒေစည်းမျဉ်းစည်းကမ်းနှင့်အညီ ပြည်ပသို့တင်ပို့နိုင်ရေးအတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် သစ်မွှေးလုပ်ငန်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့် အခွန်နှုန်းထားသတ်မှတ်ခြင်းများလည်း ဆောင်ရွက်ထားပြီးဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံမှာ သစ်မွှေးကို နှစ်ပေါင်း ၅၀ အတွင်း ပြည်ပကို တရားဝင်တင်ပို့တာ မရှိသေးဘူး။ အခုတရားဝင်တင်ပို့လို့ရတာ ဒါပထမဆုံးပဲ။ တရားဝင်တင်ပို့ခွင့်ရတဲ့အတွက် နိုင်ငံတော်ကလည်း အခွန်ရမယ်။ လုပ်ငန်းရှင်လည်း သူရင်းနှီးထားတဲ့အတွက် အကျိုးအမြတ်ရမယ်" ဟု ဥက္ကဋ္ဌ ဦးသောင်းညွန့်က ပြောသည်။

မြန်မာနိုင်ငံတွင် လွန်ခဲ့သည့် နှစ်ပေါင်း ၅၀ ခန့်က စတင်ပြီး သစ်မွှေးထုတ်လုပ်မှုရှိခဲ့ကြောင်း၊ ကချင်ပြည်နယ်မှ အဓိကသစ်မွှေးထွက်ရှိခဲ့ပြီး သစ်မွှေးသည် တစ်ချိန်က ဖြတ်လမ်းနည်းဖြင့် စီးပွားဖြစ်မက်လုံးရှိသော အဖိုးတန်မှောင်ခိုပစ္စည်းဖြစ်ခဲ့ကာ သဘာဝတောတွင်းမှအပ အခြားမည်သည့်နေရာကမှ မရနိုင်သော ရရန်ခဲယဉ်းသည့် တန်ဖိုးကြီးပစ္စည်းဖြစ်ကြောင်း၊ သစ်မွှေးသည် အအေးပိုင်းတောင်ပေါ်သစ်တောများတွင်သာ ပေါက်ရောက်သော်လည်း ၂၀၁၃ ခုနှစ်က တိုက်ကြီးမြို့နယ် လှိုင်ရိုးမတောင်ပေါ်ကြိုးဝိုင်း အကွက်(၁၅)တွင် စမ်းသပ်စိုက်ပျိုးခဲ့ရာမှာ အောင်မြင်ဖြစ်ထွန်းခဲ့ကြောင်း ကိုယ်တိုင်စိုက်ပျိုးခဲ့သူ ဥက္ကဋ္ဌ ဦးသောင်းညွန့်က ပြောသည်။

သစ်မွှေးရောင်းဝယ်ဖောက်ကားခြင်းနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းအဖွဲ့(CITES)၏ စည်းကမ်းဥပဒေတွင် မျိုးသုဉ်းရန်အန္တရာယ်ရှိသည့် မျိုးစိတ်များအဖြစ် တားမြစ်ထားပြီး မြန်မာနိုင်ငံတွင်လည်း သစ်တောဥပဒေအရ အရေးကြီးကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုဥပဒေ (The Essential Supplies and Services Act) အရ တားမြစ်ထားသည်။

သို့ရာတွင် မြန်မာနိုင်ငံတွင် စီးပွားဖြစ်သစ်မွှေးစိုက်ပျိုးသူများအနေဖြင့် သစ်မွှေးကို အစိုးရထိန်းသိမ်းမှုအောက်တွင်ရှိသည့် သဘာဝသစ်တောကြိုးဝိုင်းများမှ စိုက်ပျိုးထုတ်လုပ်ခြင်းမပြုဘဲ သစ်တောဦးစီးဌာနတွင် စိုက်ပျိုးမှုမှတ်ပုံတင်ပြီး ခွင့်ပြုချက်ရယူကာ သဘာဝပတ်ဝန်းကျင်မပျက်စီးစေရန် ထုတ်လုပ်ရမည့် နည်းလမ်းများ၊ သတ်မှတ်ချက်များအရ ခွင့်ပြုသည့် သစ်တောမြေ ပြင်ပကိုယ်ပိုင်စိုက်ခင်းများတွင်သာ အဓိက စိုက်ပျိုးထုတ်လုပ်ကြကြောင်း မြန်မာနိုင်ငံသစ်မွှေးလုပ်ငန်းရှင်များအသင်းမှ သိရသည်။

ပုဂ္ဂလိက ကိုယ်ပိုင်စိုက်ခင်းမှ လုပ်ငန်းရှင်များအနေဖြင့် သစ်မွှေးထုတ်လုပ်ရာတွင် သဘာဝပတ်ဝန်းကျင်မထိခိုက်စေဘဲ တစ်ပင်ကျော် တစ်ပင်ကျ ခုတ်လှဲခြင်း၊ စိုက်ကွက်အလှည့်ကျခုတ်လှဲခြင်း၊ ငုတ်တက် ဆက်လက်ပြုစုခြင်း၊ စဉ်ဆက်မပြတ် စိုက်ပျိုးခြင်းစသည့် နည်းစနစ်များဖြင့် စနစ်တကျထုတ်လုပ်ရကြောင်း မြန်မာနိုင်ငံ သစ်မွှေးလုပ်ငန်းရှင်များအသင်းမှ သိရသည်။

သစ်မွှေးပင်တိုင်းတွင် သစ်မွှေးမရှိနိုင်သည့်အပြင် သစ်မွှေးရှိ၊ မရှိ ပကတိမျက်မြင် ဆုံးဖြတ်သိရှိရန်ခဲယဉ်းသဖြင့် သစ်မွှေးရှာသူတို့က ရှာဖွေတွေ့ရှိသမျှ သစ်မွှေးပင်များကို ခုတ်လှဲခွဲစိတ်ရှာဖွေမှုနှင့် သစ်မွှေးပင်၏ မူလဗီဇသည် သဘာဝအလျောက် မျိုးပွားပေါက်ရောက်မှုနည်းပါးခြင်းကြောင့် သစ်မွှေးထွက်ရှိရာ သဘာဝသစ်တောဒေသများတွင် မျိုးဆက်ပြတ်လပ်မှုများ ဖြစ်ပေါ်ခဲ့ရကြောင်း မြန်မာနိုင်ငံသစ်မွှေးလုပ်ငန်းရှင်များအသင်းမှ သိရသည်။

"မြန်မာနိုင်ငံကထွက်တဲ့သစ်မွှေးက အခြားနိုင်ငံတွေကထွက်တဲ့ သစ်မွှေးထက် အရည်အသွေးကောင်းတယ်။ သစ်မွှေးသုံးစွဲတဲ့ ပြည်ပနိုင်ငံတွေက ကြိုက်တယ်။ နိုင်ငံတကာ ဈေးကွက်ဝင်တယ်။ သစ်မွှေးထုတ်လုပ်မယ်ဆိုရင် စိုက်ပျိုးချိန်ကစပြီး သက်တမ်းငါးနှစ်ကျော်မှသာ ခုတ်ယူသင့်တယ်။ ဒါမှ အရည်အသွေးကောင်းမွန်ပြီး ဈေးကွက်ဝင်တဲ့ အသားစ၊ သစ်မွှေးအဆီတွေကို ထုတ်လုပ်ရရှိမှာဖြစ်တယ်"ဟု ဥက္ကဋ္ဌ ဦးသောင်းညွန့် က ပြောသည်။

မြန်မာနိုင်ငံတွင် သစ်မွှေးကို ၂၀၀၉ ခုနှစ်မှစတင်ပြီး ကျယ်ကျယ်ပြန့်ပြန့် စီးပွားဖြစ်စိုက်ပျိုးခဲ့ရာ ၂၀၁၆ ခုနှစ်အထိ သစ်မွှေးစိုက်ခင်းဧက တစ်သောင်းခန့်ရှိခဲ့ပြီး သစ်မွှေးပင်ပေါင်း ငါးသန်းခန့်ရှိနိုင်ကြောင်း မြန်မာနိုင်ငံ သစ်မွှေးလုပ်ငန်းရှင်များအသင်းမှ သိရသည်။

မျိုးသုဉ်းရန်အန္တရာယ်ရှိသည့် မျိုးစိတ်များ ရောင်းဝယ်ဖောက်ကားခြင်းနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းအဖွဲ့(CITES)က ထုတ်ပြန်ထားသည့် မှတ်တမ်းများအရ ကမ္ဘာပေါ်တွင် သစ်မွှေးမျိုးစိတ်ပေါင်း ၂၈ မျိုးရှိပြီး မြန်မာနိုင်ငံတွင် သစ်မွှေးမျိုးစိတ် နှစ်မျိုးရှိကြောင်း သိရသည်။

**သတင်း-မင်းသစ်(MNA)**
**ဓာတ်ပုံ-သောင်းညွန့်**

# ကလေးဝ - မဟာမြိုင် - ရေဦးလမ်းပိုင်းတွင် ကုန်တင်ယာဉ်ကြီးများအား သွားလာမှုခေတ္တပိတ်ထား

**ကလေးဝ ဇူလိုင် ၁၇**

မြန်မာ-အိန္ဒိယ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတွင် ကုန်စည်ပို့ဆောင်ရောင်းဝယ်ရေးအတွက်လည်းကောင်း၊ ချင်းတောင်ဒေသအပြင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ ကလေး၊ တမူး၊ မော်လိုက်ခရိုင်များအတွက် လည်းကောင်း အဓိကကျသော မဟာမြိုင်လမ်းဟု အများခေါ်ဆိုသည့် ကလေးဝ-မဟာမြိုင်-ရေဦးသို့ ဖြတ်သောလမ်းပိုင်းနှင့် ချင်းတွင်းတံတား(ကလေးဝ)တို့တွင် ကုန်တင်ယာဉ် ၁၀ ဘီး၊ ၁၂ ဘီးကားများ၊ ကျောက်မီးသွေးတင်ကားများနှင့် ၂၀ တန်အထက် မော်တော်ယာဉ်ကြီးများ သွားလာမှုများပြားလျက်ရှိရာ ယခုမိုးရာသီကာလတွင် လမ်းပျက်စီးမှုများရှိနေသဖြင့် ဇူလိုင်လဆန်းပိုင်းမှစတင်ကာ မိုးနှောင်းစက်တင်ဘာလကုန်အထိ ကုန်တင်ယာဉ်ကြီးများသွားလာမှုပိတ်လိုက်ကြောင်း သိရသည်။

ကလေးဝ-မဟာမြိုင်-ရေဦးလမ်း၏ အဓိကလမ်းပျက်စီးမှုမှာ ကုန်တင်ယာဉ် ၁၀ ဘီး၊ ၁၂ ဘီးကားကြီးများ၊ ၂၀ တန်အထက် အခြားကုန်တင်ယာဉ်ကြီးများ၊ ကျောက်မီးသွေးတင်ယာဉ်များနှင့် သစ်လုံးတင်ယာဉ်ကြီးများ ကုန်မတန်တဆတန်ပိုတင်ဆောင်၍ သွားလာမောင်းနှင်မှုများကြောင့် လမ်းပခုံးသား ပဲ့ကျပျက်စီးမှုများပြားကြောင်း၊ မိုးတွင်းကာလ မိုးများရွာသွန်းမှုကြောင့် မြေသားလမ်းနှင့် ကျောက်ခင်းလမ်းနေရာများတွင်လည်း ရွှံ့ဗွက်များ ပြည့်နှက်လျက်ရှိကြောင်း၊ အဆိုပါလမ်း၌ ကွန်ကရစ်လမ်းခင်းထားမှု၊ ကတ္တရာလမ်းခင်းကျင်းထားမှုနှင့် ကျောက်သားလမ်း ခင်းကျင်းထားမှုများရှိသော်လည်း ယာဉ်ကြီးများ ကုန်အပြည့်ဖြင့် သွားလာနေမှုကြောင့် ယာဉ်နှစ်စီးရှောင်တိမ်းမောင်းနှင်၍ မရနိုင်သည့်အပြင် လမ်းအောက်ခံမြေမှာလည်း ခိုင်မာမှုမရှိသည့်အတွက် မကြာခဏ တိမ်းမှောက်မှုများရှိနေကြောင်း။

ယခုအခါ မိုးတွင်းကာလ လမ်းပျက်စီးမှုမရှိစေရေး ကျောက်မီးသွေးနှင့် တန်ပိုယာဉ်များ သွားလာခွင့်မပြုရန် တရားဝင်စာထုတ်ပြန်ထားပြီးဖြစ်သဖြင့် စတင်ကြပ်မတ်လျက်ရှိနေပြီဖြစ်ကြောင်း၊ မော်တော်ယာဉ်များနှင့် ကုန်တင်ယာဉ်များအားလုံး တန်ပိုတင်ဆောင်ပါက ကားနံပါတ်၊ ယာဉ်မောင်းအမည်နှင့် တန်ချိန်တို့ကို စစ်ဆေး၍ခံဝန်ကတိလက်မှတ်ရေးထိုးခိုင်းကာ ပညာပေးလုပ်ဆောင်နေကြောင်း ကလေးဝမြို့အခြေစိုက် ပြည်သူ့ဆောက်လုပ်ရေးဌာန လမ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကလေး-ကလေးဝ-တမူးမြို့ ဒေသခံတွေအနေနဲ့ကတော့ ကလေးဝ-မဟာမြိုင်-ရေဦးလမ်းကို ကားနှစ်စီးရှောင်မောင်းနိုင်ပြီး နွေ၊ မိုး၊ ဆောင်း ၁၂ လရာသီပတ်လုံးသွားလာလို့ရတဲ့လမ်းမျိုး အဆင့်မြှင့်တင်ပေးစေလိုပါတယ်။ ကလေးဝ-ရေဦးလမ်း၊ ကလေးဝ-ယာကြီးလမ်း၊ ကလေးဝ-ဂန့်ဂေါပတ်လမ်းဆိုပြီး မုံရွာ- မန္တလေးဆက်သွယ်ရေးလမ်းတွေရှိနေပေမယ့် ကလေး-ဂန့်ဂေါလမ်း ဆိုတာက လမ်းကြောရှည်တယ်။ ကလေးဝ-ယာကြီးလမ်းက လမ်းတော်တော်ဆိုးပြီး လမ်းကြောတိုတယ်။ အဲလိုပဲ ကလေးဝ-ရေဦးလမ်းကလည်း လမ်းမကောင်းတဲ့အတွက် လမ်းကောင်းမွန်အောင် အဆင့်မြှင့်တင်ပေးမယ်ဆိုရင် သယ်ယူပို့ဆောင်ရေးအတွက် ပိုအဆင်ပြေလာပြီး ကုန်စည်စီးဆင်းမှုပိုမြန်ဆန်လာမယ်လို့ ယုံကြည်မျှော်လင့်ပါတယ်"ဟု အဆိုပါလမ်းပိုင်းကို လက်ရှိအသုံးပြုသွားလာနေသည့် ကလေး-တမူး-မန္တလေးပြေးဆွဲသော ပါဂျဲရိုးယာဉ်လိုင်းမှ ယာဉ်မောင်း ကိုတင်ထွန်းလှိုင်က ပြောသည်။

အိန္ဒိယ-မြန်မာချစ်ကြည်ရေးလမ်းမကြီး၏အစိတ်အပိုင်းတစ်ခုဖြစ်သော ကလေး-ကလေးဝ-မဟာမြိုင်-ရေဦး-မုံရွာလမ်းသည် (၁၆၅) မိုင်ဝန်းကျင် ရှည်လျားပြီး ဒုတိယကမ္ဘာစစ်အတွင်းမှစတင်၍ အသုံးပြုခဲ့သည့် လမ်းဟောင်းတစ်ခုဖြစ်ခဲ့ရာ လမ်းကောင်းမွန်ချောမွေ့စေရန်အတွက် အဆင့်မြှင့်တင်ပေးနိုင်မည်ဆိုပါက ပွင့်လင်းရာသီ၌ လက်ရှိပြေးဆွဲနေသည့်မီနီဘတ်စ်ကားဖြင့် ကလေးဝမြို့မှ ချင်းတွင်းမြစ်ကူးတံတား(ကလေးဝ)ကိုဖြတ်၍ မုံရွာမြို့သို့အရောက် မောင်းနှင်ချိန် ခြောက်နာရီမျှသာ ကြာမြင့်မည်ဖြစ်ကြောင်း ယာဉ်မောင်းတစ်ဦးက ဆိုသည်။

**(ချင်းတွင်းသား)**

❑❑



# သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး အသိပညာပေးဟောပြောပွဲနှင့် ကျောင်းကျန်းမာရေး သွားနှင့်ခံတွင်းစစ်ဆေးကုသခြင်းများ ကွင်းဆင်းဆောင်ရွက်

**ဖားဆောင်း ဇူလိုင် ၁၇**

အခြေခံပညာသင်ကျောင်းများတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများ ကျန်းမာရေးနှင့်ပတ်သက်သောအသိပညာများ ပိုမိုသိရှိလိုက်နာဆောင်ရွက်ရန်အတွက် သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး အသိပညာပေးဟောပြောပွဲနှင့် ကျောင်းကျန်းမာရေး သွားနှင့်ခံတွင်း စစ်ဆေးကုသခြင်းလုပ်ငန်းများကို ဇူလိုင် ၁၃ ရက် နံနက်ပိုင်းက ဖားဆောင်းမြို့ အခြေခံပညာအထက်တန်းကျောင်းနှင့် မူလတန်းကျောင်းတို့တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဖားဆောင်းမြို့ မြောက်ပိုင်းရပ်ကွက်ရှိ အထက်တန်းကျောင်း၌ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာအိဖြူသွယ်က သွေးလွန်တုပ်ကွေးရောဂါများ မဖြစ်ပွားစေရန် ကာကွယ်နှိမ်နင်းရေးတို့အတွက် လုပ်ဆောင်ရမည့်လုပ်ငန်းများအကြောင်းနှင့် ကျန်းမာရေးနှင့် ပညာသင်ကြားရေးတို့အတွက် ပြုမူနေထိုင်စားသောက်မှုများနှင့် ပတ်သက်၍ဆက်နွယ်နေမှုများကို ကျောင်းသား ကျောင်းသူများသိရှိစေရန် ရှင်းလင်းပြောကြားခြင်း၊ ကျောင်းသား ကျောင်းသူများအား သွေးလွန်တုပ်ကွေးနှင့် သက်ဆိုင်သည့် ဗဟုသုတများကို အမေး၊ အဖြေပြုလုပ်၍ ဆုချီးမြှင့်ခြင်းများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

အလားတူ ဖားဆောင်းမြို့ တောင်ပိုင်းရပ်ကွက်ရှိ မူလတန်းကျောင်း၌ သွားဆရာဝန် ဒေါက်တာဟိန်းသက်ပိုင်က သွားနှင့်ပတ်သက်သည့် ရောဂါလက္ခဏာရှိသော ကျောင်းသား ကျောင်းသူများကို သွားနှင့် ခံတွင်းစစ်ဆေးခြင်း၊ ကုသခြင်းတို့ကို ဆောင်ရွက်ပြုလုပ်ခဲ့ရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ ဆရာ ဆရာမများက ပူးပေါင်းကူညီဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**

# အနုပညာသက်တမ်း ဆယ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ပရိသတ်ရှေ့အရောက်ပြန်လာမယ့် ဂျက်ဆီကာ

တောင်ကိုရီးယားရဲ့ နာမည်ကျော်ပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်တဲ့ ဂျက်ဆီကာက မကြာမီကျရောက်လာတော့မယ့် သူ့ရဲ့ဂီတသက်တမ်း ဆယ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် တေးဂီတလှုပ်ရှားမှုအသစ်တွေကို ပရိသတ်တွေဆီအရောက်ပို့ပေးသွားမှာဖြစ်ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

တေးအယ်လ်ဘမ်သစ်တစ်ခုကို ပြင်ဆင်နေကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်တဲ့ ဂျက်ဆီကာက လာမယ့်ဩဂုတ်လအတွင်းမှာတော့ သူ့ရဲ့အနုပညာခရီးလမ်း စတင်လျှောက်ခဲ့သည်မှ ဆယ်နှစ်ပြည့်တဲ့အထိမ်းအမှတ်အဖြစ် တေးသီချင်းသစ်တွေကို ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

ပြီးခဲ့တဲ့ ၂၀၀၇ ခုနှစ်အတွင်း အမျိုးသမီးတေးဂီတအဖွဲ့ “Girls' Generation”ရဲ့ အဖွဲ့ဝင်တစ်ဦးအဖြစ် အနုပညာလှုပ်ရှားမှုတွေကို စတင်ခဲ့တဲ့ ဂျက်ဆီကာဟာ ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ်အတွင်းမှာတော့ တေးဂီတအဖွဲ့ကနေနုတ်ထွက်ခဲ့ကာ တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် အနုပညာခရီးလမ်းကို ရှေ့ဆက်ခဲ့တာဖြစ်ပါတယ်။ လတ်တလောမှာတော့ ဂျက်ဆီကာဟာ တေးသံရှင်တစ်ဦးအဖြစ်သာမက မော်ဒယ်လ်နဲ့ ဖက်ရှင်ဒီဇိုင်နာတစ်ဦးအဖြစ်ပါ အောင်မြင်နေတာဖြစ်ပါတယ်။

မကြာသေးမီက ဂျက်ဆီကာရဲ့ ဖျော်ဖြေရေးအေဂျင်စီမှ ဝန်ထမ်းတစ်ဦးက ပေါ့ပ်ကြယ်ပွင့်ဟာ ဂီတသက်တမ်း ဆယ်နှစ်ပြည့်အထိမ်းအမှတ်အတွက် တေးအယ်လ်ဘမ်သစ်ကို ပြင်ဆင်နေကြောင်းနဲ့ ယင်းတေးအယ်လ်ဘမ်ကို လာမယ့်ဩဂုတ်လဆန်းပိုင်းမှာ စတင်ထုတ်လွှင့်သွားဖို့ရာ ရည်ရွယ်ထားကြောင်း ထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်ပါတယ်။ ဒ့ါအပြင် ၎င်းက ဂျက်ဆီကာရဲ့ တေးသီချင်းသစ်အတွက် ဗီဒီယိုကိုလည်း စတင်ရိုက်ကူးနေပြီဖြစ်ကြောင်း ဖွင့်ဟခဲ့ပါတယ်။

ဂျက်ဆီကာနဲ့အပြိုင် တစ်ချိန်ကသူ့ရဲ့တေးဂီတအဖွဲ့ဖြစ်တဲ့ “Girls' Generation” ကလည်း အဖွဲ့တည်ထောင်ခြင်း ဆယ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ဂီတလှုပ်ရှားမှုအသစ်တွေနဲ့အတူ ပရိသတ်တွေရှေ့အရောက်ပြန်လာမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်ပါတယ်။ ဒ့ါကြောင့် ပရိသတ်တွေကတော့ ဂျက်ဆီကာနဲ့ သူ့ရဲ့တေးဂီတအဖွဲ့တို့ အပြိုင်နွှဲကြမယ့်ပွဲကို အထူးစိတ်ဝင်စားလျက်ရှိတယ်လို့လည်း သိရပါတယ်။







# ပင့်ကူလူသားကို အနိုင်ယူလိုက်တဲ့ "War for the Planet of the Apes"

ပြီးခဲ့တဲ့သီတင်းပတ်အတွင်း မြောက်အမေရိကမှာ ရုံတင်ခဲ့ကြတဲ့ ရုပ်ရှင်တွေအနက် "War for the Planet of the Apes" ဟာ တစ်ပတ်အတွင်း ဝင်ငွေအများဆုံးသော ရုပ်ရှင်အဖြစ်ရပ်တည်နိုင်ခဲ့ပါတယ်။ အဆိုပါသီတင်းပတ်မှာတော့ ယခင်က ဝင်ငွေအကောင်းဆုံး ရုပ်ရှင်အဖြစ်ရပ်တည်နေခဲ့တဲ့ ပင့်ကူလူသားဇာတ်လမ်းတွဲရုပ်ရှင်သစ် "Spider-Man: Homecoming" ဟာ ဝင်ငွေအကောင်းဆုံးရုပ်ရှင် ဆယ်ကားစာရင်းမှာ နံပါတ်နှစ်နေရာမှာသာ ရပ်တည်နိုင်တော့တာဖြစ်ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့သီတင်းပတ်အတွင်း စတင်ရုံတင်ခဲ့တဲ့ရုပ်ရှင် "War for the Planet of the Apes" ဟာ အဖွင့်သီတင်းပတ်မှာ ဝင်ငွေအကောင်းဆုံးသောရုပ်ရှင်အဖြစ် ရပ်တည်နိုင်ခဲ့တာဖြစ်ပါတယ်။ တစ်ပတ်အတွင်း ဝင်ငွေအမေရိကန်ဒေါ်လာ ၅၆ ဒသမ ၅ သန်းရရှိခဲ့တဲ့ ယင်းရုပ်ရှင်ဟာ ဝင်ငွေအရ ထိပ်ဆုံးမှာ ရပ်တည်နိုင်ခဲ့ပေမယ့် မျှော်မှန်းထားတဲ့ ဝင်ငွေကိုတောင် မမီခဲ့ကြောင်းလည်း သိရပါတယ်။

လတ်တလောရုံတင်ခဲ့တဲ့ "War for the Planet of the Apes" ကို အဖွင့်သီတင်းပတ်အတွင်း ခန့်မှန်းဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၆၀ ရရှိဖို့မျှော်မှန်းထားခဲ့ပေမယ့် ထင်သလိုမဖြစ်ခဲ့တာတွေ့ရပါတယ်။ ဒါပေမယ့် “the Apes” ဇာတ်လမ်းတွဲရုပ်ရှင်တွေရဲ့ ရုပ်ရှင်သစ်ရဲ့ ဝင်ငွေဟာ ပြီးခဲ့တဲ့ ၂၀၁၁ ခုနှစ်အတွင်း ရုံတင်ခဲ့တဲ့ "Rise of the Planet of the Apes" ရဲ့ ဝင်ငွေကိုတော့ ကျော်လွန်ရရှိခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ်အတွင်းပြသခဲ့တဲ့ "Dawn of the Planet of the Apes" ရုပ်ရှင်ကတော့ တစ်ပတ်အတွင်း ဝင်ငွေအမေရိကန်ဒေါ်လာ ၇၂ ဒသမ ၂ သန်း ရရှိခဲ့တာကြောင့် ယင်းရုပ်ရှင်ရဲ့ ဝင်ငွေကိုတော့ မမီနိုင်ခဲ့တာကိုလည်း တွေ့ရပါတယ်။

ယခင်က တစ်ပတ်အတွင်း ဝင်ငွေအကောင်းဆုံးသော ရုပ်ရှင်အဖြစ် ရပ်တည်နိုင်ခဲ့တဲ့ "Spider-Man: Homecoming" ကတော့ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ဝင်ငွေအမေရိကန်ဒေါ်လာ ၄၅ ဒသမ ၂ သန်းရရှိခဲ့ကာ ဒုတိယမြောက် ဝင်ငွေအကောင်းဆုံးဖြစ်ခဲ့ပါတယ်။ ရုံတင်ခဲ့တဲ့ ဒုတိယမြောက်သီတင်းပတ်အတွင်းမှာတော့ ယင်းရုပ်ရှင်ဟာ အဖွင့်သီတင်းပတ်ကထက် ဝင်ငွေ ၆၁ ရာခိုင်နှုန်းခန့် လျော့နည်းသွားခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း တတိယမြောက် ဝင်ငွေအကောင်းဆုံး ရုပ်ရှင်အဖြစ် ရပ်တည်နေခဲ့တာကတော့ သိပ္ပံစိတ်ကူးယဉ်ရုပ်ရှင်အမျိုးအစားဖြစ်တဲ့ "Despicable Me 3" ပဲ ဖြစ်ပါတယ်။ ယင်းရုပ်သံဖန်တီးမှုရုပ်ရှင်ဟာ တစ်ပတ်အတွင်း ဝင်ငွေအမေရိကန်ဒေါ်လာ ၁၈ ဒသမ ၉ သန်း ရရှိခဲ့တာဖြစ်ပါတယ်။

စတုတ္ထမြောက်ဝင်ငွေအကောင်းဆုံးရုပ်ရှင်ကတော့ "Baby Driver" ဖြစ်ပြီး ဝင်ငွေအမေရိကန်ဒေါ်လာ ၈ ဒသမ ၈ သန်း ရရှိခဲ့တာဖြစ်ပါတယ်။ ယင်းနောက်မှာတော့ အမေရိကန်ဒေါ်လာ ၇ ဒသမ ၆ သန်း ဝင်ငွေရရှိခဲ့တဲ့ "The Big Sick" က နံပါတ်ငါးနေရာကို ရယူထားခဲ့ပြီး "Wonder Woman" ရုပ်ရှင်က နံပါတ်ခြောက်နေရာကို ပိုင်ဆိုင်နိုင်ခဲ့တာတွေ့ရပါတယ်။

ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ဝင်ငွေအကောင်းဆုံးရုပ်ရှင် ဆယ်ကားစာရင်းမှာပါဝင်နေတဲ့ အခြားသောရုပ်ရှင်တွေကတော့ "Wish Upon"၊ "Cars 3"၊ "Transformers: The Last Knight" နဲ့ "The House" တို့ဖြစ်ကြပါတယ်။

**အေးပြည့် - စုစည်းသည်**

# ကမ်ဝူဘင်ရဲ့မွေးနေ့မှာ ပရိသတ်တွေက ကျန်းမာရေးကောင်းစေဖို့ ဆုတောင်းပေးကြ



တောင်ကိုရီးယားရဲ့ နာမည်ကျော်မင်းသားတစ်ဦးဖြစ်သူ ကမ်ဝူဘင်ဟာ ကင်ဆာရောဂါခံစားနေရကြောင်း ယခုနှစ်အတွင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။ လတ်တလောမှာလည်း ကုသမှုတွေခံယူနေရတာဖြစ်ပါတယ်။ ဒီလို ကျန်းမာရေးပြဿနာတွေနဲ့ ရင်ဆိုင်နေရတဲ့ ကမ်ဝူဘင်ကို သူ့ရဲ့ပရိသတ်တွေက လတ်တလောမှာ ကျရောက်လာတဲ့ ကြယ်ပွင့်ရဲ့ မွေးနေ့မှာတော့ ကျန်းမာရေးပြန်လည်ကောင်းမွန်လာစေဖို့ ဝိုင်းဝန်းဆုတောင်းပေးခဲ့ကြကြောင်း ဟန်စင်းနီးမားဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ကမ်ဝူဘင်ရဲ့ (၂၉)နှစ်ပြည့်မွေးနေ့မှာတော့ သူ့ရဲ့အေဂျင်စီက မွေးနေ့ဆုတောင်းနဲ့အတူ ဂုဏ်ယူဝမ်းမြောက်ကြောင်း ရေးသားကာ ကမ်ရဲ့ ဓာတ်ပုံတစ်ပုံနဲ့အတူ လူမှုကွန်ရက်မီဒီယာပေါ်မှာ ဖော်ပြပေးခဲ့တာဖြစ်ပါတယ်။ ဒီလိုဖော်ပြခဲ့ရာမှာ ကမ်ဝူဘင်ရဲ့ပရိသတ်တွေက ကျန်းမာရေးကောင်းမွန်စေဖို့ ဆုတောင်းစကားတွေကို ပြန်လည်ရေးသားဖော်ပြခဲ့ကြတာဖြစ်ပါတယ်။

လတ်တလောမှာ ဓာတ်ရောင်ခြည်ကုထုံးနဲ့ရော ဆေးဝါးတွေနဲ့ပါ ကုသမှုတွေခံယူနေရတဲ့ ကမ်ဝူဘင်ဟာ လည်ချောင်းကင်ဆာတစ်မျိုးကို ခံစားနေရတာဖြစ်ပြီး သူနဲ့အတူ ချစ်သူဖြစ်တဲ့ ရှင်မင်အကက ကုသမှုတွေမှာလိုက်ပါအားပေးလျက်ရှိတယ်လို့လည်း သိရပါတယ်။

# ဝမ်းနည်းမှုတွေနဲ့ ဘရက်ပစ်

ဟောလိဝုဒ် နာမည်ကျော်မင်းသားတစ်ဦးဖြစ်တဲ့ ဘရက်ပစ်က မကြာသေးမီက ကွယ်လွန်သွားခဲ့ပြီဖြစ်တဲ့ သူ့ရဲ့သူငယ်ချင်းတစ်ဦးဖြစ်သူ တေးသံရှင် ခရစ်ကော်နယ်လ် သေဆုံးခဲ့တာနဲ့ ပတ်သက်ပြီး ဝမ်းနည်းနေတာဖြစ်ပါတယ်။ ခရစ်ရဲ့ သေဆုံးစဉ်က ဓာတ်ပုံတွေဟာ လတ်တလောမှာ အွန်လိုင်းမီဒီယာတွေအပေါ်မှာ ပျံ့နှံ့လာခဲ့ပြီးနောက်မှာတော့ ယင်းဓာတ်ပုံတွေကို တွေ့မြင်ရတဲ့မိသားစုဝင်တွေရဲ့ ခံစားချက်တွေကို ကိုယ်ချင်းစာမိကာ ယခုလို ထိခိုက်ခံစားနေရတာဖြစ်ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ နှစ်လခန့်က ကွယ်လွန်သွားခဲ့တာဖြစ်တဲ့ ခရစ်ကော်နယ်လ်ဟာ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံခဲ့တာဖြစ်ပြီး နှစ်လခန့်ကြာခဲ့ပြီဖြစ်တဲ့ အဖြစ်အပျက်တစ်ခုဖြစ်ပေမယ့် မိသားစုဝင်တွေအတွက်ကတော့ ဆုံးရှုံးမှုဒဏ်ရာတွေဟာ လတ်ဆတ်နေဆဲဖြစ်ပါတယ်။ ဒီလိုအချိန်မှာပဲ ကွယ်လွန်ချိန်ကဓာတ်ပုံတွေပေါ်ထွက်လာခဲ့တာကြောင့် ဘရက်ပစ်က ခရစ်ရဲ့မိသားစုဝင်တွေအတွက် စိတ်မကောင်းဖြစ်ခဲ့ရတာ ဖြစ်ပါတယ်။

ခရစ်ကော်နယ်လ် ကွယ်လွန်ချိန်မှာတော့ ကလေးသုံးဦး ကျန်ရှိနေခဲ့တာဖြစ်ပါတယ်။ ဒ့ါကြောင့် ဘရက်ပစ်က လတ်တလောမှာ





ရဲ့ဌာနက စတင်ဖော်ပြခဲ့ပြီးတဲ့နောက် အွန်လိုင်းမီဒီယာတွေပေါ်မှာ ပျံ့နှံ့နေတဲ့ ခရစ်ကော်နယ်လ် သေဆုံးစဉ်ရိုက်ကူးခဲ့တဲ့ ဓာတ်ပုံတွေကို တွေ့မြင်ရတဲ့ ကလေးသုံးဦးနေရာမှာ ခံစားကြည့်ရင်း ရင်ကွဲမတတ်ဖြစ်ခဲ့ရကြောင်း သတင်းရင်းမြစ်တစ်ဦးက ပြောကြားခဲ့တယ်လို့ သိရပါတယ်။

သူငယ်ချင်း ကွယ်လွန်ခဲ့ပြီးတဲ့နောက် ဘရက်ပစ်ဟာ ခရစ်ရဲ့ ကလေးတွေဆီကို သွားရောက်လည်ပတ်ကာ အားပေးနှစ်သိမ့်ခဲ့ကြောင်းနဲ့ သူကိုယ်တိုင်ကလည်း ခရစ်ရဲ့ ဓာတ်ပုံတွေကို တွေ့မြင်ရတဲ့အချိန်မှာ အလွန်ကိုနာကျင်ခံစားရကြောင်း ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

*ပြည်သူ့သဘောထားစင်မြင့်*

*တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ပါဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားကိုမူ သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည် မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှတို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်၏ အာဘော်သာဖြစ်ပါသည်။*
*(စာတည်းအဖွဲ့)*

# ဝိသမလောဘသားများဖျက်ဆီးခြင်းကိုလည်စင်းမခံ

ကျော်အောင်လွင်

သစ်ပင်သစ်တောများသည် လူသားများအတွက် နေစရာ အဆောက်အအုံများ၊ ပရိဘောဂနှင့် လူ့အသုံးအဆောင် ပစ္စည်းများ၊ စားစရာ အစားအစာများ၊ စွမ်းအင်လောင်စာများ၊ အသက်ရှည် ကျန်းမာစေသည့် အပန်းဖြေနားနေစရာများ၊ ကျန်းမာရေးအထောက်အကူပြုသည့် ဆေးဝါးများ၊ သာယာလှပသော ဝန်းကျင်များ၊ မျှတသော ဥတုရာသီများအား ဖြစ်စေသည်သာမက ရေကြီးရေလျှံခြင်းကိုဟန့်တားခြင်း၊ မြေဆီလွှာတိုက်စားမှုကို ကာကွယ်ပေးခြင်း၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းပေးခြင်း၊ ဂေဟစနစ်ကို ထိန်းညှိပေးခြင်း၊ လေထဲမှ ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူပြီး သတ္တဝါများအတွက် အောက်ဆီဂျင်ကိုထုတ်ပေးခြင်း စသည့် ကမ္ဘာလောကနှင့် သက်ရှိသတ္တဝါအားလုံးတို့အတွက် တန်ဖိုးမဖြတ်နိုင်သော အကျိုးကျေးဇူးများရှိသည်။

ထိုကဲ့သို့ အကျိုးကျေးဇူးအလွန်ကြီးမားသော သစ်ပင်သစ်တောများအား မည်သူတို့က ပြုစုပျိုးထောင်နေသနည်း၊ မည်သူတို့ကဖျက်ဆီးနေသနည်းဟု အရေးတကြီး ဆန်းစစ်အဖြေရှာ အရေးယူဆောင်ရွက်ဖို့ အထူးလိုအပ်နေပြီဖြစ်သည်။ လက်ရှိတွင် လူသားတို့၏မတော်လောဘ စိတ်ထားများမှာ တစ်စထက်တစ်စကြီးထွားလာသဖြင့် သစ်တောသစ်ပင်များအား တစ်တောလုံးပြောင်၊ တစ်တောင်လုံးရှင်း ဖျက်ဆီးခြင်းခံနေရသည်။ "ကမ္ဘာကြီးဟာ လူတိုင်းရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်တယ်၊ ဒါပေမယ့် လူတိုင်းရဲ့ မတော်လောဘကိုတော့ ဖြည့်ဆည်းမပေးနိုင်ဘူး"ဟူသော မှန်သောစကားကို အဟိံသဂုရုကြီး မဟတ္တမဂန္ဒီကြီးက ပြောကြားထားသည်။ ကမ္ဘာပေါ်ရှိသစ်တောသစ်ပင်များသည် လူသားတိုင်း၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့ပြီး ဖြစ်သည်။

ကမ္ဘာကြီး၏ကျေးဇူးကိုမသိသောအတ္တဝါဒီလောဘသားကောင်များကို ဝိုင်းဝန်းတိုက်ဖျက်ခြင်းဖြင့် ကမ္ဘာကြီး၏ အလိုဆန္ဒကို ဖြည့်ဆည်းပေးကြရမည်ဖြစ်သည်။

ကမ္ဘာကြီးတွင် သဘာဝသယံဇာတများ အလွန်ပေါများပါသည်။ ကမ္ဘာပေါ်ရှိ သယံဇာတ အလွန်ပေါကြွယ်ဝသည့်ဒေသများတွင် မြန်မာနိုင်ငံသည်အကောင်းဆုံးဟု ဆိုချင်သည်။ ကမ္ဘာ့အကောင်းဆုံး အဖိုးတန်ကျွန်းသစ်တောကြီးများ အပေါများဆုံးနိုင်ငံဖြစ်ခဲ့သည်။ ဇီဝမျိုးစုံမျိုးကွဲများ အကြွယ်ဝဆုံးနိုင်ငံဖြစ်သည်။ အဖိုးတန်သယံဇာတများနှင့်အဖိုးတန်သဘာဝပတ်ဝန်းကျင်များကို ကျွန်ုပ်တို့၏ ဘိုးဘေးများက ကျွန်ုပ်တို့အတွက် အသက်သွေးချွေးများစွာ စတေးပေးဆပ်ပြီး ကာကွယ်စောင့်ရှောက်ခဲ့ကြသည်။ ကျွန်ုပ်တို့ဘိုးဘွားများပေးခဲ့သော သဘာဝ၏ အမွေအနှစ်များ၊ နိုင်ငံ၏ရတနာများမှာ သစ်တောသစ်ပင်များသာဖြစ်သည်။

ယခုအခါ သဘာဝသစ်တောသစ်ပင်များကို မတော်လောဘဖြင့် ဖျက်ဆီးမှုများ များလာသဖြင့် သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းလာသည်။ သစ်ပင်ချစ်သော ပြည်သူများ၏ ညည်းညူသံများ၊ ကျယ်ကျယ်လောင်လောင် အသံများကြားလာရသည်။ "နိုင်ငံတစ်ဝန်းတွင် ကြီးမားစွာ ဖြစ်ပွားလျက်ရှိသော သစ်မှောင်ခိုမှုများ၊ သစ်ခိုးထုတ်မှုများကို ဥပဒေနဲ့အညီ ထိရောက်စွာ ဖြေရှင်း ဆောင်ရွက်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းလာကြသည်။

နိုင်ငံတစ်ဝန်းဖြစ်ပွားလျက်ရှိသည့် သစ်ခိုးထုတ်နေမှုများမှာ နောက်မဆုတ်ဘဲ ရှေ့တိုးဖြစ်လာသလို ကမ္ဘာကြီးပေါ်မှာလည်း သစ်တောသစ်ပင်များပျက်စီးမှုကြောင့် ဘေးအန္တရာယ်မျိုးစုံရင်ဆိုင်နေရသည်။ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုကြောင့် ဖန်လုံအိမ်အာနိသင် ပျက်ပြယ်ပြီး ကမ္ဘာကြီး၏ အပူချိန်မြင့်မားလာသည်။ ရေခဲတောင်များ အရည်ပျော်ပြီး ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာသည်။

တစ်ကမ္ဘာလုံး ရာသီဥတုဖောက်ပြန်လာသည်။ သဘာဝဘေးဆိုး၊ အန္တရာယ်ဆိုးများနှင့် ကြုံလာရတယ်။ ရေကြီး၊ မြေပြို၊ မိုးခေါင်၊ ရေရှား၊ လေပြင်းတိုက်၊ အယ်လ်နီညို၊ လာနီညာ၊ အိုဇုန်းလွှာပေါက်၊ ဇီဝမျိုးစုံမျိုးကွဲတွေ ကွယ်ပျောက်စသည်ဖြင့် မီးခိုးမဆုံး မိုးမဆုံး ဆိုးကျိုးများ တွေ့ကြုံခံစားနေရသည်။ ထိုဘေးအန္တရာယ်များအား ကျော်လွှားကာ ကမ္ဘာမြေကို ကာကွယ်ဖို့၊ လူသားမျိုးနွယ်များရှင်သန်ဖို့ အဓိကအကျဆုံးအချက်မှာ သစ်ပင်၊ သစ်တောများအား ထိန်းသိမ်းဖို့ပင်ဖြစ်သည်။

ထိုသို့ သစ်ပင်၊ သစ်တောများအား ထိန်းသိမ်းဖို့ အရေးတကြီးလိုအပ်နေချိန်တွင် မိမိတို့နိုင်ငံတွင် တရားမဝင်သစ်ခိုးထုတ်နေမှုများ နိုင်ငံအနှံ့ကျယ်ကျယ်ပြန့်ပြန့်ကြီးမားစွာဖြစ်ပေါ်နေသည်ကို မြင်တွေ့ရသည်မှာ စိတ်မကောင်းစရာဖြစ်သည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဧပြီလနှင့်မေလ နှစ်လအတွင်းမှာပင် တရားမဝင်သစ် ၁၄၂၂၂ ဒသမ ၀၈ တန် ဖမ်းဆီးရမိထားခဲ့သည်။

နိုင်ငံအတွင်း ထုတ်ဝေဖြန့်ချိလျက်ရှိသည့် သတင်းစာ၊ ဂျာနယ်များတွင် တရားမဝင်သစ်မှောင်ခိုဖမ်းမိမှု၊ သစ်ခိုးထုတ်မှုသတင်းများကို နေ့စဉ်လိုလိုမြင်တွေ့ကြားသိနေရသည်။ အမှန်တကယ်တွင် သတင်းစာမျက်နှာများမှာ ထိုကဲ့သို့ဖမ်းဆီးမိမှု တွေ့ရှိသောသတင်းများသည် ရေခဲပြင်မျက်နှာအထက်တွင် မြင်တွေ့ရသည့် ရေခဲတုံး၏ အစိတ်အပိုင်းမျှသာဖြစ်သည်။ ဖမ်းမမိသည့် သစ်တန်များစွာမှာ ရေခဲပြင်အောက်မှ ရေခဲထုပမာ များပြားလှသည်ဟုဆိုနိုင်သည်။

ထိုကဲ့သို့ တရားမဝင်သစ်ခိုးထုတ်မှုများ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပေါ်နေခြင်းသည် မမြင်ကွယ်ရာတွင် ခိုးကြောင်ခိုးဝှက် လုပ်ကိုင်နေခြင်းမဟုတ်ဘဲ ဂိတ်အမျိုးမျိုး၊ လမ်းတံတား ဂိတ်များအား အဆင့်ဆင့်ဖြတ်ကျော်ကာ ဖြစ်ပွားနေသည်ကို တွေ့ရမည်ဖြစ်သည်။ အောက်ခြေ တာဝန်ရှိသူအဆင့်ဆင့်ကြားတွင် ဖြတ်သန်းကာ ဖြစ်ပွားနေသည်ဟုဆိုနိုင်သည်။ ဒီမိုကရေစီ အစိုးရခေတ်ကာလတွင် လက်ရဲဇက်ရဲအတင့်ရဲစွာ လုပ်ကိုင်နေကြသည်ကို မြင်တွေ့ရမည်။ တာဝန်သိပြည်သူများက သတင်းပေးသောအခါ ချက်ချင်းသတင်းပေါက်ကြားကာ တပ်လှန့်သလိုဖြစ်သွားသည်။

အကယ်၍ ဆယ်ရေး၊ တစ်ရေး လက်ပူးလက်ကြပ်မိပြန်လျှင်လည်း ဆင်ကြီးတစ်ကောင်လုံးကို တွေ့ပါလျက်နှင့် ဆင်ခြေရာမတွေ့သကဲ့သို့ ပိုင်ရှင်မဲ့ဖြစ်သွားတတ်သည်။ ကားရော၊ လူပါ ဖမ်းမိလျှင် ဥပဒေကိုလက်တစ်လုံးခြားပြုကာ ပိုင်ရှင်ခွဲပြတတ်သည်။ တန်ချိန်လျှော့ပြတတ်သည်။ ပင့်ကူအိမ်ကို နကျယ်ကောင်ဖောက်သကဲ့သို့ ဥပဒေကို ဖောက်ထွက်နိုင်ကြသည်။

အချို့မှာ သားရွှေအိုးထမ်းသည့်ကိန်း ဆိုက်သွားတော့သည်။ လွတ်လျှင် ပုံမှန်ရပြီး မိလျှင်အထုပ်အထည်လိုက် ယူကာ လွှတ်ပေးလိုက်သည်တို့လည်း ရှိသည်။ ဘာလာလာ Down သည်ဟုဆိုသည့် စကားကဲ့သို့ဖြစ်နေသည်။ ဤသို့သော ဇာတ်လမ်းအမျိုးမျိုးကြောင့်ပင် မိမိတို့ဘိုးဘေးများ စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည့် နောင်လာနောက်သားများ ရေရှည်သုံးစွဲခံစားရမည့် သဘာဝတရား၏ အမွေအနှစ် ကျွန်း၊ ပိတောက်၊ တမလန်းစသည့် တိုင်းပြည်၏ အဖိုးတန်ရတနာများမှာ ခွေးလျက်သည့် ထန်းလျက်ခဲပမာ လုံးပါးပါး လာပါတော့သည်။

သစ်ခိုးထုတ်မှုများတွင် ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်မှ တာဝန်ရှိသူများ ပါဝင်ပတ်သက်လာမှုအချို့ရှိသည်ကို တွေ့ကြုံလာရသည်။ သစ်မှောင်ခိုသမားများအား အကာအကွယ်ပေးမှု၊ ရှာသုံး၊ အိမ်သုံး အဖျားအနားများ ဖမ်းဆီးရမိမှုတို့ ရှိခဲ့ကြသည်။ ငါတို့က မဖမ်းချင်ဘူး။ ဖမ်းခိုင်းလို့ဖမ်းရတာဟု ပြည်သူနှင့် စနစ်တကျရန်တိုက်ပေးသည်ကိုလည်း တွေ့ရသည်။

ယခုနှစ် ဖေဖော်ဝါရီလက ရန်ကုန်မြို့ MIP ဆိပ်ကမ်းဝင်းအတွင်း ကွန်တိန်နာ နှစ်လုံးဖမ်းမိသည့် ကျွန်း၊ ပိတောက်၊ တမလန်း သစ်တန်ချိန် ၁၂၀၀ ကျော် ဖမ်းမိခဲ့မှု ဖြစ်စဉ်ကို ကြည့်မည်ဆိုလျှင် ကွင်းဆက်မှာ သစ်မှောင်ခိုကျူးလွန်နေသူများ၏ လက်တံမည်မျှရှည်လျားသည်ကို ခန့်မှန်းနိုင်သည်။

၁၉၉၀ ခုနှစ်မှ ၂၀၁၅ ခုနှစ်ထိ ကာလအတွင်း မြန်မာနိုင်ငံ၏ သစ်တောများ အပြုန်းတီးဆုံးကာလဟုဆိုရမည်ဖြစ်သည်။ သစ်တောနှင့်သစ်ပင် ချစ်ခင်မဆုံး၊ သစ်တောမြင် အကုန်ခုတ် တောပြုတ်ပြုတ်ပြုန်းဟု ပြောစမှတ်ပြုခဲ့ကြသည်။ ယင်းစာချိုးကို သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပညာရှင်ကြီးတစ်ဦးက မျက်ရည်စက်လက်နှင့် ဖြေမဆည်နိုင်အောင်ပြောပြခဲ့ဖူးသည်။ ဤသို့နှင့် မြန်မာနိုင်ငံသည် ကမ္ဘာ့သစ်တောပြုန်းတီးမှု အဆိုးဆုံး တတိယအဆင့်ကို ရောက်ခဲ့သည်ဟု ဆိုနိုင်ပါသည်။

ယခုဖြစ်ပျက်နေသော အခြေအနေများအား ကုစားနိုင်ရန်အတွက် ပြည်သူ့အစိုးရ နိုင်ငံ့တာဝန်ယူသောအချိန်တွင် နိုင်ငံခြားငွေ အထူးလိုအပ်နေသော်လည်း အမြော်အမြင် ကြီးမားစွာဖြင့် နိုင်ငံတစ်ဝန်းတွင် သစ်ထုတ်လုပ်မှု တစ်နှစ်ရပ်ဆိုင်းခြင်း၊ ပဲခူးရိုးမသစ်ထုတ်လုပ်မှုအား ၁၀ နှစ် ရပ်ဆိုင်းခြင်းတို့ကို ပြုလုပ်ခဲ့တဲ့အတွက် လူသာဓုခေါ်၊ နတ်သာဓုခေါ်ဖြစ်ကြရမည်ဖြစ်သော်လည်း အောက်ခြေအဆင့်အဆင့်တွင် ပွဲတော်ကြီးသဖွယ်ဖြစ်နေသည်မှာ စိတ်မကောင်းစရာဖြစ်သည်။ သစ်ခိုးထုတ်မှုများအား ပြည်သူ့အစိုးရ၏ ညွှန်ကြားချက်များဖြင့် လွှတ်တော်ကြီးတွင် တည့်မတ်ထိန်းကျောင်းပေးနေသည်ကိုပင် ဟားတိုက်ရယ်မော ပြက်ရယ်ပြုနေသည့် သဘောထင်မှတ်ရသည်မှာ တရားဥပဒေစိုးမိုးရေး လုပ်ငန်းစဉ်အား စိန်ခေါ်နေသလားဟုပင် မေးခွန်းထုတ်စရာ ဖြစ်နေသည်။

သာဓကအားဖြင့် စေတုတ္တရာမြို့သည် ရခိုင်ရိုးမတောင်ခြေ သစ်တောဧရိယာအတွင်း တည်ရှိသည်။ နယ်မြေအတွင်း ကွင်းဆင်းသွားရောက်သောအခါ မှောင်စပျိုး၍မိုးချုပ်သည်နှင့် ဒေသလမ်းများပေါ်တွင် နဖူးတွေ့၊ ဒူးတွေ့လိုက်ရသည်မှာ သစ်မှောင်ခိုကားများပင်ဖြစ်သည်။ စလင်း-စေတုတ္တရာကားလမ်းအတိုင်း ည ၁၁ နာရီခန့်မှ မနက် ၃ နာရီခန့်အတွင်း ခရီးသွားကြသည့်သူများ မမျှော်လင့်ဘဲ အကြိမ်ကြိမ်ကြုံတွေ့တတ်ကြသည်မှာ သစ်မှောင်ခိုကားများပင် ဖြစ်သည်။ မြောင်းဦးဂိတ်၊ ကန်ပြားဂိတ်၊ မဲဇလီတံတားဂိတ်များအား သစ်မှောင်ခိုကားများ ဥဒဟို ဖြတ်သန်းသွားလာနေကြသည်မှာ တရားဝင်ကဲ့သို့ဖြစ်နေသည်။

ယခု ဇူလိုင်လ ၆ ရက်နေ့ည ၁၂ နာရီခန့်က စေတုတ္တရာမြို့နယ် အောက်ပုံကျေးရွာအနီးတွင် တာဝန်သိ ပြည်သူများ၏ သတင်းပေး၊ ပူးပေါင်းပါဝင်ဖမ်းဆီးမှုကြောင့် မလွဲမရှောင်သာဘဲ ပိတောက်သစ်ကားနှစ်စီး ဖမ်းဆီးရမိခဲ့သည်။ ထိုအမှုတွင် မြို့နယ်မှဝန်ထမ်းနှစ်ဦး ပါဝင်ကျူးလွန်သည်ကိုတွေ့ရှိရပြီး သစ်မှောင်ခိုဖမ်းဆီးမှုတွင် ပါဝင်ကူညီခဲ့သည့် တာဝန်သိပြည်သူများမှာ ခြိမ်းခြောက်ခံခဲ့ရသည်။ နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အကျိုးစီးပွားကို ကာကွယ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြသည့် ကိုယ်စားလှယ်များအား သစ်မှောင်ခိုသမားများက အသက်အန္တရာယ်ပေးမည်ဟုပင် ခြိမ်းခြောက်ခြင်း ခံရမှုများရှိလာသည်။

ကုန်လွန်ခဲ့သည့် ခေတ်ကာလတစ်လျှောက်တွင် ဘယ်သူသေသေ၊ ငတေမာရင်ပြီးရော စိတ်ဓာတ်ဖြင့် ထင်ရာစိုင်းကိုယ်ကျိုးရှာခဲ့ကြ၍ တိုင်းပြည်မှာလည်း ဖွတ်ကျောပြာစု၊ ခရုဆံကျွတ် ဖြစ်ခဲ့ပြီးပါပြီ။ မိမိတို့ပြည်သူ့အစိုးရခေတ်ရောက်သောအခါ နိုင်ငံတော်နှင့် နိုင်ငံသားများ ရေရှည်အကျိုးစီးပွားအတွက် သစ်တောသစ်ပင်များအား ထိန်းသိမ်းစောင့်ရှောက်ရမည့်တာဝန်သည် မိမိတို့ပခုံးထက်တွင် ကျရောက်နေပြီဖြစ်သည်။ မိမိတို့ တာဝန်မကျေပွန်လျှင် အနာဂတ်တွင် သမိုင်းတရားခံဖြစ်ပေလိမ့်မည်။ ထို့ကြောင့် ယနေ့အချိန်မှစ၍ သစ်တောသစ်ပင်များအား ထိန်းသိမ်းစောင့်ရှောက်ရေးတာဝန်ကို မိမိတို့ကျေပွန်ကြရပါမည်။

ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများက မိမိတို့ ရပ်ကွက်/ ကျေးရွာအလိုက် တာဝန်ကျေပြီး သစ်တောဂိတ်၊ ရဲဂိတ်၊ လမ်း၊ တံတား ဂိတ်များက မိမိတို့တာဝန်ကို ကျေပွန်ကြကာ မြို့နယ်အဆင့်တာဝန်ရှိသူများကလည်း မိမိတို့ မြို့နယ်အလိုက် တာဝန်ကျေပွန်ကြမည်ဆိုလျှင် ယခုဖြစ်ပွားနေသည့် သစ်ခိုးထုတ်မှုများကို ၇၀ ရာခိုင်နှုန်း၊ ၈၀ ရာခိုင်နှုန်း တားဆီးဟန့်တားပြီးသားဖြစ်ပေလိမ့်မည်။ တစ်ချိန်တည်းတွင် နိုင်ငံတစ်ဝန်းကျယ်ပြန့်စွာဖြစ်ပွားလျက်ရှိသည့် သစ်ခိုးထုတ်မှုများ၊ သစ်မှောင်ခိုမှုများအား ဥပဒေနှင့်အညီ ထိရောက်စွာဖြေရှင်းဆောင်ရွက်ပေးပါရန် ပြည်သူ့ကိုယ်စားလှယ်များက နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကိုလည်း ပြည်သူ့လွှတ်တော်တွင် တင်သွင်းထားသည်။

ဤနိုင်ငံရှိပြည်သူများက ပြည်သူ့ကိုယ်စားလှယ်များအား ရွေးချယ်ပေးထားသည်။ ပြည်သူကိုကိုယ်စားပြုသည့်အတွက် ပြည်သူကိုပင် မျက်နှာမူရပါလိမ့်မည်။ နိုင်ငံတော်၏ အကျိုးစီးပွား၊ ပြည်သူများ၏ အကျိုးစီးပွားကို ထိခိုက်လာလျှင် ကာကွယ်တားဆီးကြရပေလိမ့်မည်။ ထိုအခါ လူတစ်စု၊ လူတစ်ဖွဲ့၏အကျိုးစီးပွားကို ထိခိုက်စေ၍ အမျက်ဒေါသထွက်လျှင်လည်း မမှုနိုင်ပါ။

မိမိတို့ ရှင်သန်တည်မှီရာ တစ်ခုတည်းသော ဤကမ္ဘာနှင့်ဤတောတောင်ရေမြေတို့ကို ဝိသမလောဘသားများ ဖျက်ဆီးခြင်းကို လက်ပိုက်ကြည့်နေခဲ့လျှင် တစ်ချိန်ချိန်တွင် မိမိတို့ ကိုယ်တိုင်နှင့် မိမိတို့မျိုးဆက်များ ဘေးအမျိုးမျိုးဆိုးကျိုးတို့ကို လည်စင်းခံကြရပါလိမ့်မည်။

မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးဖခင် ခေါင်းဆောင်ကြီးများ အမြော်အမြင်ကြီးမားစွာဖြင့် ရေးသားခဲ့သည့် လွတ်လပ်ရေးကြေညာစာတမ်းတွင်-

"ငါတို့ နိုင်ငံတော်ကြီးသည် မည်သူတစ်ဦးတစ်ယောက် တစ်ဖွဲ့တစ်သင်း၏ အမွေအနှစ် မဟုတ်။ မည်သူတစ်ဦးတစ်ယောက်တစ်ဖွဲ့တစ်သင်း၏ ပုဂ္ဂလိကအပိုင်ပစ္စည်းမဟုတ်။ မည်သူတစ်ဦးတစ်ယောက်တစ်ဖွဲ့တစ်သင်းက ချုပ်ကိုင်အနိုင်သိမ်းယူ အကျိုးခံစားအပ်သော နိုင်ငံမဟုတ်။ အတိတ်ကာလကလည်းကောင်း၊ ယခုမျက်မှောက်၌လည်းကောင်း၊ နောင်လာလတ္တံ့အနာဂတ်ကာလ၌လည်းကောင်း ငါတို့ ပြည်ထောင်စုကြီးအတွင်း၌ မှီတင်းနေထိုင်ကြသော ကြီးငယ်ဝေးနီး၊ အမျိုးသား အမျိုးသမီး မခြား၊ သစ္စာတော်ခံ နိုင်ငံသားဟူသ၍တို့၏ အမွေအနှစ် အပိုင်ပစ္စည်း အကျိုးခံစားရာ ဖြစ်သည်" ဟုဖော်ပြထားသည်။

မှန်ပါပေသည်။ နိုင်ငံသားအားလုံးပိုင်ဆိုင်သည့် ဘိုးဘွားတို့၏အမွေအနှစ် နိုင်ငံ၏သယံဇာတများအား မိမိတို့ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပြီး နောင်လာနောက်သားများအတွက် အမွေကောင်းများထားရစ်ကြရမည်မှာ မိမိတို့အားလုံး၏ တာဝန်ဖြစ်ပါသည်။ ။

> ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများက မိမိတို့ ရပ်ကွက်/ ကျေးရွာအလိုက် တာဝန်ကျေပြီး သစ်တော ဂိတ်၊ ရဲဂိတ်၊ လမ်း၊ တံတား ဂိတ်များက မိမိတို့တာဝန်ကို ကျေပွန်ကြကာ မြို့နယ်အဆင့်တာဝန်ရှိသူများကလည်း မိမိတို့ မြို့နယ်အလိုက် တာဝန်ကျေပွန်ကြမည်ဆိုလျှင် ယခုဖြစ်ပွားနေသည့် သစ်ခိုးထုတ်မှုများကို ၇၀ ရာခိုင်နှုန်း၊ ၈၀ ရာခိုင်နှုန်း တားဆီးဟန့်တားပြီးသားဖြစ် . . .

**စာမျက်နှာ ၁၅ မှ**

၂၀၀၈ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့ကစပြီး အာဆီယံပဋိညာဉ်စာတမ်း အသက်ဝင်လာခဲ့ပြီးတဲ့နောက် အာဆီယံအဖွဲ့ကြီးဟာ ဥပဒေပိုင်းဆိုင်ရာ၊ အဖွဲ့အစည်းဆိုင်ရာမူဘောင်တွေ ပိုမိုခိုင်မာအောင် ဆောင်ရွက်လာခဲ့ပါတယ်။ အဖွဲ့အစည်းအသစ်တွေဖြစ်တဲ့ အာဆီယံညှိနှိုင်းရေးကောင်စီ (ASEAN Coordinating Council-ACC)၊ အသိုက်အဝန်း ၃-ရပ်ဆိုင်ရာကောင်စီ (ASEAN Community Council)၊ ဂျကာတာမြို့မှာ အခြေစိုက်တဲ့ အာဆီယံဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်များကော်မတီ (The Committee of Permanent Representatives to ASEAN-CPR)၊ အာဆီယံလူ့အခွင့်အရေးဆိုင်ရာ အစိုးရအချင်းချင်းကော်မရှင် (ASEAN Intergovernmental Commission on Human Rights-AICHR) တို့ကို ဖွဲ့စည်းခဲ့ပါတယ်။

**ဆက်လက်ဖော်ပြပါမည်။**



2007 ckESEWif bmv 20 &uf eY pifumyfESifWifu ify jy vyfcbnf 13-udk;jrmuf tmqD,Hkyf bD pnf;t a0;wifv ufrSwf&; xdk;cbnf tmqD,Hy#dm0fpmwrf;tm; pifumyl0efBuD;csKyfvDS,efvl tmqD,H twif;a&;rSL;csKyf Mr. Ong Keng Yong xHok;tyf0f

# ကျေးရွာစာကြည့်တိုက်ကို ကရင်ရိုးရာဒုံးအကဖြင့် ဖွင့်လှစ်



**ဘားအံ ဇူလိုင် ၁၇**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကော့ရင်းအထက် ကျေးရွာအုပ်စု ရွှေဝါထွန်းကျေးရွာတွင် နှစ်(၇၀)ပြည့် အာဇာနည်နေ့ ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘဝအလင်းစာကြည့်တိုက်ကို ကရင်ရိုးရာဒုံးအကဖြင့် ဇူလိုင် ၁၆ ရက် နံနက် ၈ နာရီက အဆိုပါ ကျေးရွာစာကြည့်တိုက်၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကရင်ရိုးရာဒုံးအကဖြင့် ကရင်တိုင်းသား တိုင်းရင်းသူများက ဖွင့်ပွဲအား စတင်ဖွင့်လှစ်ပြီးနောက် ဘားအံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစောဝင်ဂိတ်၊ ကော့ရင်းအထက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဦးစောရွှေသိန်း၊ ပရိဘောဂအလှူရှင် ဦးအားတီနှင့် ကျေးရွာစာကြည့်တိုက်ကော်မတီဝင်တို့က ဘဝအလင်းစာကြည့်တိုက်အား ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဘားအံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစောဝင်ဂိတ်က အာဇာနည်နေ့ဖြစ်ပေါ်လာပုံနှင့် ကျေးရွာစာကြည့်တိုက်တွင် စာဖတ်ရှိန်မြှင့်တင်ရေးကို ရှင်းလင်းပြောကြားပြီး ကျေးရွာစာကြည့်တိုက်အတွက် စာပေရေချမ်းစင်စာအုပ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲအပြီးတွင်တက်ရောက်လာကြသော ကျေးရွာသူ ကျေးရွာသားများက စာကြည့်တိုက်အတွင်း ခင်းကျင်းပြသထားသော စာအုပ်စာပေများ၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်စေရေးအတွက်ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများရုပ်ပုံနှင့် သမိုင်းအတ္ထုပ္ပတ္တိများ၊ မူးယစ်ဆေးဝါးအန္တရာယ်ပညာပေးနံရံကပ်ဘုတ်များအား ဖတ်မှတ်ကြည့်ရှုလေ့လာကြကြောင်းနှင့် အဆိုပါ စာကြည့်တိုက်အား ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေ သိန်း ၃၀၊ ကျေးလက်နေပြည်သူများ၏ စုပေါင်းထည့်ဝင်ငွေ ငါးသိန်း စုစုပေါင်း ၃၅ သိန်းဖြင့် အလျား ပေ ၃၀၊ အနံ ၁၅ ပေရှိ RC အဆောက်အအုံဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ဘားအံ)**

# အာဇာနည်နေ့အကြိုဟောပြောပွဲ မော်လမြိုင်တွင်ကျင်းပ

**မော်လမြိုင် ဇူလိုင် ၁၇**

မော်လမြိုင်မြို့ ဒေါက်တာလှဘေပညာပါရမီစာကြည့်တိုက်၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်း (မွန်ပြည်နယ်)၊ မြန်မာနိုင်ငံစာရေးဆရာအသင်း (မော်လမြိုင်)နှင့်ရပ်မိရပ်ဖများစုပေါင်းပြုလုပ်သော အာဇာနည်နေ့အကြိုဟောပြောပွဲကို အဖွဲ့လေးဖွဲ့ခွဲ၍ မော်လမြိုင်မြို့အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ ပြုလုပ်ခဲ့ကြောင်းသိရသည်။

အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်း မော်လမြိုင်၌ ဇူလိုင် ၁၀ ရက်နံနက်က ဟောပြောပွဲကျင်းပရာ ကျောင်းအုပ်ဆရာမကြီးကအဖွင့်အမှာစကားပြောကြားသည်။ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း(မွန်ပြည်နယ်)ဒုတိယဥက္ကဋ္ဌ ဦးတင်ထွဋ်က ဗိုလ်ချုပ်ကိုသတိရရင် ဒို့တွေဘာလုပ်ကြမလဲ၊ ဒေါ်မြတ်ဇင်မာအေး (စာရေးဆရာမ ခန့်ငြိမ်းစံ) က အာဇာနည်မျိုး သေရိုးမရှိ၊ ဦးချစ်လွင် (စာရေးဆရာ နတ္တလင်းချစ်လွင်)က ကျွန်တော်ကတော့ ဗိုလ်ချုပ်ပဲခေါင်းစဉ်တို့ဖြင့် ဟောပြောခဲ့ကြသည်။



ဇူလိုင် ၁၀ ရက်မှ ၁၃ ရက်အထိ မော်လမြိုင်မြို့ပေါ်ရှိအထက်တန်းကျောင်းများတွင် ဟော ပြောခဲ့ကြရာ ဆရာ ဆရာမများ၊ ကျောင်းသူ ကျောင်းသားများ၊ စိတ်ပါဝင်စားသူပြည်သူများ တက်ရောက်ခဲ့ကြသည်။ စာရေးဆရာမ ခန့်ငြိမ်းစံက ဟောပြောပွဲဖြစ်မြောက်ရေးအတွက် ဒေါက်တာလှဘေပညာပါရမီစာကြည့်တိုက်က ကမကထပြုလုပ်ပေးခဲ့ခြင်းဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူများ ပညာဗဟုသုတတိုးပွားစေရန်နှင့်မအေအောင်၊ မနအောင် သမိုင်းကိုလေ့လာသိရှိစေရန် ရည်ရွယ်ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

**(ကြေးမုံ)**




# တပ်ဖွဲ့ဝင်မိသားစုများအား ထောက်ပံ့ငွေများပေးအပ်

**ခရမ်း ဇူလိုင် ၁၇**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့မရဲစခန်းရှိ တပ်ဖွဲ့ဝင်မိသားစုများ၏ ကျောင်းသား ကျောင်းသူများအား ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ထောက်ပံ့ငွေနှင့် စာအုပ်၊ စာရေးကိရိယာများပေးအပ်ပွဲကို ဇူလိုင် ၁၅ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်ရဲတပ်ဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ခရမ်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးအောင်က မူလတန်းအဆင့် ၁၆ ဦး၊ အလယ်တန်းအဆင့် ၁၁ ဦး၊ အထက်တန်းအဆင့် ခြောက်ဦးနှင့် တက္ကသိုလ်အဆင့် ငါးဦးတို့အား ငွေသားထောက်ပံ့ငွေကျပ် ၁၆၂၀၀၀နှင့် စာအုပ်၊ စာရေးကိရိယာများအပါအဝင် စုစုပေါင်းတန်ဖိုးငွေကျပ် ၂၅၆၉၀၀ ကို ကိုယ်ထူကိုယ်ထ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်ဆွေ(ရွှေတံတား)**

# အာဇာနည်နေ့အထိမ်းအမှတ် အကြိုဟောပြောပွဲများပြုလုပ်

**ရန်ကုန် ဇူလိုင် ၁၇**

အင်းစိန်မြို့နယ်၌ ဇူလိုင်(၁၂)ရက်က အထက(၅)၊ ဇူလိုင် ၁၃ ရက်က အထက(၈)နှင့် ဇူလိုင် ၁၄ ရက်က အထက(၄) ကျောင်းတို့၌ နှစ်(၇၀)ပြည့် အာဇာနည်နေ့ အထိမ်းအမှတ် အကြိုအဖြစ် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်းပြီး အာဇာနည်နေ့အကြောင်း သိကောင်းစရာများကို ဟောပြောခဲ့ကြသည်။

အာဇာနည်နေ့အကြောင်း သိကောင်းစရာများကို အင်းစိန်မြို့နယ် စာရေးဆရာအသင်းနှင့် သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)၊ စာရေးဆရာ ဝင်းနွယ်(ပုသိမ်) နှင့် သုံးလောကဂျာနယ်စာရေးဆရာ ရန်မိုးအောင် (အင်းစိန်)တို့က ဟောပြောခဲ့ကြကြောင်း သိရသည်။

**ဉာဏ်လင်း**

# ကော့သောင်းမြို့တွင်တစ်နာရီကျော်ကြာလေပြင်းတိုက်ခတ်၊ ရပ်ကွက်တချို့၌ သစ်ပင်များပြိုလဲ

**ကော့သောင်း ဇူလိုင် ၁၇**

တနင်္သာရီ တိုင်းဒေသကြီး ကော့သောင်းမြို့တွင် ဇူလိုင် ၁၇ ရက် နံနက် ၃ နာရီခန့်က မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းများတိုက်ခတ်မှုကြောင့် မြို့ပေါ်ရပ်ကွက်တချို့တွင် သစ်ပင်ကြီးများပြိုလဲကာ လူနေအိမ်တချို့ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ကြောင်းသိရသည်။

ဇူလိုင် ၁၇ ရက်နေ့ အရုဏ်မတက်မီ နံနက် ၃ နာရီ ခန့်က မိုးသည်းထန်စွာ စတင်ရွာသွန်းကာ အက်ဒမန် ပင်လယ်ဘက်မှ မြို့ကုန်းတွင်းပိုင်းသို့ တဖြည်းဖြည်း လေပြင်းများ စတင်တိုက်ခတ်ရာ တိုက်ခတ်မှုအရှိန်တဖြည်းဖြည်းမြင့်မားပြင်းထန်လာပြီး လေပြင်းတိုက်ခတ်ချိန် တစ်နာရီကျော်ခန့် ကြာမြင့်သဖြင့် မြို့ပေါ်ရပ်ကွက်တချို့၏ လူနေအိမ်အနီးရှိ သစ်ပင်ကြီးများကျိုးပြတ်ပြိုလဲခြင်းနှင့် ရွှေမင်းဝန် အခြေခံပညာအလယ်တန်းကျောင်းဝင်း အတွင်းရှိ သစ်ပင်ကြီးများ ပြိုလဲခြင်းနှင့် အလားတူ လူနေရပ်ကွက်တချို့အတွင်းရှိ အပင်ငယ်များ ကျိုးကြေလဲကျခြင်းများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

လေပြင်း တိုက်ခတ်မှုကြောင့် ဖြစ်ပေါ်ခဲ့သည့် အပျက်အစီးများအား ခရိုင်နှင့် မြို့နယ် တာဝန်ရှိအဖွဲ့အစည်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်ပရဟိတအဖွဲ့များမှ အချိန်နှင့်တစ်ပြေးညီ လိုက်လံကူညီ ရှင်းလင်းဖယ်ရှားပေးကာ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ လေပြင်းတိုက်ခတ်မှုကြောင့် ကြီးမားသည့် ပျက်စီးဆုံးရှုံးမှုနှင့် ရပ်ကွက်နေပြည်သူများ သေကျေထိခိုက်ဒဏ်ရာရမှုမရှိကြောင်းနှင့် ပင်လယ်ကမ်းစပ်နေပြည်သူများ၏ နေအိမ်တချို့ပျက်စီးမှုနှင့် ကော့သောင်း-မြိတ် ပြည်ထောင်စုလမ်းပိုင်း ပြည်ကြီးမဏ္ဍိုင်မြို့နှင့် တနင်္သာရီမြို့အကြား ၁၀၂၀ တောင်ကြောတစ်ဝိုက် သစ်ပင်ကြီးများပြိုလဲကာ လမ်းပိတ်ဆို့မှုတချို့ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**



# ကြော်ငြာ

## ဗုဒ္ဓဂယာမြေမြတ်မဟာဋ္ဌ သာသနာရောင်ဝါ ထွန်းလင်းစေဖို့





အိန္ဒိယနိုင်ငံ ကိုးလ်ကတ္တားမြို့၊ မောဓိသုခပရဟိတကျောင်းဆရာတော် ဒေါက်တာနန္ဒာဘာသဦးစီး တည်ထောင်လျက်ရှိသောဗုဒ္ဓဂယာမြေမြတ်မဟာရှိ မဟာဗောဓိ ပရဟိတကျောင်းတိုက် အတွင်းဆောက်လုပ်နေဆဲဖြစ်သော ဗောဓိရုက္ခမူလ အမည်ရှိ ( ၅ )ထပ်ကျောင်းဆောင်ကြီးဆက်လက်တည်ဆောက်ရန်နှင့်တိုးချဲ့ သာသနမြေဝယ်ယူနိုင်ရန်အတွက်

၁ ။ တိုးချဲ့သာသနမြေ ( ၁ )ပေပတ်လည်တစ်ကွက်----------------------------၃၀၀၀၀ ကျပ်
၂ ။ ကျောင်းအဆောက်အအုံ ( ၁ ) ပေပတ်လည် တစ်ကွက်------------------------၃၀၀၀၀ ကျပ်
၃ ။ အိမ်သာ/ရေချိုးခန်း တစ်ခန်း အမေရိကန်ဒေါ်လာ------------------------------၁၀၀၀
၄ ။ ကုတင်( ၂ )လုံး၊စားပွဲကုလားထိုင်တစ်စုံနှင့်သံဗီရိုတစ်လုံးအမေရိကန်ဒေါ်လာ---------၂၀၀၀

တို့ဖြင့်အောက်ပါအလှူခံဌာနများတွင်လှူဒါန်းနိုင်ပါကြောင်းနိဗ္ဗာန်အကျိုးမျှော် နှိုးဆော်အပ်ပါသည်။

၁ ။ ခင်နန္ဒာအပြည်ပြည်ဆိုင်ရာခရီးသွားလုပ်ငန်း ဖုန်း-၀၁-၆၅၅၅၂၀၊ ၀၉၅၆၀၀၁၂၃
၂ ။ ရွှေပဒုမ္မာမြေဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေး ဖုန်း-၀၉၂၅၉၂၈၀၇၂၃၊ ၀၉၂၅၉၂၈၀၇၂၈
၃ ။ မေယဝတီဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေး ဖုန်း-၀၉၄၂၀၀၈၄၉၉၈၊ ၀၉၅၀၆၅၁၃၀
၄ ။ မာတလီအပြည်ပြည်ဆိုင်ရာခရီးသွားလုပ်ငန်း ဖုန်း-၀၁-၅၅၂၃၆၅၊ ၀၉၅၀၆၃၁၆၄
၅ ။ မြတ်ဂုဏ်ရောင်ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေး ဖုန်း-၀၉၃၂၈၈၇၇၁၆
၆ ။ မဇ္ဈိမဂုဏ်ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေး ဖုန်း-၀၁-၃၉၄၈၈၉၊ ၀၁-၂၉၆၄၄၆
၇ ။ ဒေါ်စိုးစိုးနိုင် (စာပန်းအိမ်၊ မေမြို့) ဖုန်း-၀၉၃၃၇၇၉၃၉၆
၈ ။ ဦးမြင့်ကျော်+ဒေါ်နွဲ့နွဲ့ကြင် (မန္တလေး ) ဖုန်း-၀၉၇၉၂၉၉၈၂၃၁
၉ ။ သမားတော်ဦးဘိုကြီး+ဒေါ်သန်းသန်း ဖုန်း-၀၁-၅၄၉၀၄၃၊ ၀၉၅၄၁၇၅၃၅
ပြည်လုံချမ်းသာဆေးတိုက် ( ဗဟန်း )
၈ ။ ဦးတင်ဦး+ဒေါ်ခင်အေးမူ (စမ်းချောင်း) ဖုန်း-၀၉၇၆၅၁၆၉၉၀၂၊ ၀၉၅၁၆၉၉၀၂
၉ ။ ဒေါ်စန်းစန်းမြင့် (သန့်ဇင်စတိုး၊ အင်းစိန် ) ဖုန်း-၀၁-၆၄၂၅၅၂
၁၀။ ဒေါ်ခင်ခင်ဦး ( တာမွေ ) ဖုန်း-၀၉၄၅၀၀၃၀၀၃၉
၁၁။ ဦးဥာဏ CB Bank Account N0.0048600100084786 သိမ်ဖြူလမ်းဘဏ်ခွဲ၊ရန်ကုန်သို့ တိုက်ရိုက်ပေးပို့လှူဒါန်းနိုင်ပါသည်။

ဆရာတော်ဒေါက်တာနန္ဒာဘာသ-Phone , Viber (+919830053957) Messenger-Nando Batha, Facebook-mahabodhiparahita, Web- www.mahabodhiparahita.net




## ပို့ကုန်/သွင်းကုန်လုပ်ငန်းများအပေါ် ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံမှုအခြေအနေနှင့် ခုနှိမ်ခွင့်နည်းလမ်းများ အသိပေးကြေညာခြင်း

- ၂၀၁၇ခုနှစ်၊ ပြည်ထောင်စု၏အခွန်ကောက်ဥပဒေ ပုဒ်မ၁၄၊ ပုဒ်မခွဲ(က)အရ ကုန်သွယ်လုပ်ငန်းခွန် မကျသင့်သည့် ကုန်စည်အမျိုးအစား (၈၇)မျိုးမှအပ ပြည်ပမှ တင်သွင်းခြင်းဖြစ်ပါက ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင် ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်း ခွန်ကျသင့်မည်ဖြစ်ပြီး အထူးကုန်စည်တစ်မျိုးမျိုးကို ပြည်ပမှတင်သွင်းခြင်းဖြစ်ပါက အထူးကုန်စည်ခွန် အပါအဝင်ဖြစ်သော ကုန်းပေါ် ရောက်တန်ဖိုးပေါ်တွင် ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်မည်ဖြစ်ပါသည်။
- ၂၀၁၇ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ၁၇၊ ပုဒ်မခွဲ(က)အရ ပြည်ပသို့ တင်ပို့ရောင်းချသည့် ကုန်စည်များအနက် လျှပ်စစ်ဓာတ်အားအပေါ် ရှစ်ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ရေနံစိမ်းများအပေါ် ငါးရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ကုန်သွယ်လုပ်ငန်းခွန် ကျသင့်မည်ဖြစ်ပြီး အဆိုပါကုန်စည်နှစ်ခုမှအပ ကျန်ကုန်စည်များကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ရောင်းရငွေအပေါ်တွင် သုညရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်မည်ဖြစ်ပါသည်။
- ကုန်သွယ်လုပ်ငန်းခွန် ခုနှိမ်ခွင့်များနှင့်စပ်လျဉ်း၍ ကုန်ထုတ်လုပ်သူ၊ ကုန်စည်ဝယ်ယူရောင်းချသည့် ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်သူ၊ ဝန်ဆောင်မှုဆောင်ရွက်သူများသည် အခွန်တစ်ကြိမ်တည်းသာ ကျသင့်စေရန်အတွက် ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်း ၄၂ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ခုနှိမ်ခွင့်များ ဆောင်ရွက်နိုင်ပါသည်။
- ကုန်ထုတ်လုပ်သူသို့မဟုတ် ကုန်စည်ဝယ်ယူရောင်းချသည့် ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်သူ သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်သူသည် ဆောင်ရွက်သည့်လုပ်ငန်းအတွက် ပြည်ပမှတင်သွင်းခြင်း၊ ပြည်တွင်း၌ဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်းများအတွက် ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ဆောင်ရွက်သည့်လုပ်ငန်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ အောက်ပါအထောက်အထားများ တင်ပြ၍ ခုနှိမ်ပေးသွင်းနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။
- သွင်းကုန်ကြေညာလွှာ (Import Declaration) (မူရင်း/မိတ္တူ)၊ (ပြည်ပမှ ကိုယ်တိုင်တင်သွင်းခြင်းဖြစ်ပါက)
- ပတခ(ကသခ)-၃၁မူရင်း/မိတ္တူ (ပြည်တွင်း၌ဝယ်ယူခဲ့ခြင်းဖြစ်ပါက)
- ပတခ(ကသခ)-၃၂မူရင်း/မိတ္တူ (ပြည်ပမှတင်သွင်းခြင်းဖြစ်ပါက)
- ပတခ(ကသခ)-၃၃မူရင်း/မိတ္တူ ပတခ(ကသခ)-၂မိတ္တူ
- လုပ်ငန်းဆောင်ရွက်သူက ခုနှိမ်ပေးပါရန် တင်ပြစာ၊
- လုပ်ငန်းမှတ်ပုံတင်လက်မှတ်မိတ္တူ။

**ရွှေနန်းခံ**
ဗုဒ္ဓ ဓမ္မ သံဃ
အိမ်ပြောင်း/အိမ်ရွှေ့ဝန်ဆောင်မှု (မြို့တွင်း/နယ်ဝေး)
Ph: 09-425308777, 09-770639155, 09-261111549

**ဆိုင်ခန်းရောင်းမည်**
S.578 မြေအောက်ထပ်၊ သိမ်ကြီးဈေး D ရုံ
ရောင်းဈေးသိန်း ၄၅၀
ဖုန်း-၀၉-၅၀၄၀၈၇၉







**ရောင်းရန်ရှိသည်**
Surimi ငါးအသားကြိတ်စက် 1Set ရောင်းရန်ရှိသည်၊
စိတ်ဝင်စားသူများဆက်သွယ် မေးမြန်းနိုင်ပါသည်။
ဈေးနှုန်းညှိနှိုင်း
ဆက်သွယ်ရန် Ph-09796542396

**ခရုသင်း (သမင်ဖြူ)**
မြို့ပိုင်စေတနာ့ဝန်ဆေးတိုက်
LEUCODERMA
ခရုသင်း (သမင်ဖြူ)၊ ဖြူနီနက်ကွက်များ၊ အနာကြီးရောဂါ၊ ယားနာ၊ ပွေး၊ ဝဲ၊ နှင်းခူ နှင့် အရေပြားရောဂါအမျိုးမျိုးကို ကုသပေးသည်။






**မိုးသောက်ပန်းအခင်းဖြင့်မှုကြို**

(၁၉၉၄-ခုနှစ်တွင်တည်ထောင်သည်)

"ဘယ်နေ့ဘဲတက်တက်၊ ဘယ်အချိန်ဘဲ တက်တက်နေရာတိုင်းမှာ သင့်ရင်သွေးငယ်အတွက် မိုးသောက်ပန်း ရှိနေမယ်"

နံနက်(၉း၀၀)နာရီမှ(၃း၀၀)နာရီအထိ

* ဝနေ၊ တနင်္ဂနွေ သီးသန့် တန်းခွဲအသစ်များလည်း စုံစမ်းနိုင်ပါသည်။ ကျောင်းကားရှိသည်။ အခန်းတိုင်းလေအေးပေးစက်တပ်ဆင်ထားပါသည်။

(1) Junction စဝနအနီး: Ph-01-571545, 09-5126882,09-43122883

(2) ယုဇနပလာဇာလုံးချင်းအိမ်ယာ Ph-01-200917, 09-43122884

(3) ရန်ကင်း၊ ကျောက်ကုန်း: Ph-09-32326966, 09-421008133

**မင်္ဂလာပါ**

အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း မြို့တွင်း/နယ်ဝေးများအတွက် ဈေးနှုန်းချိုသာစွာဖြင့် Box ကားမျိုးစုံဖြင့် အလုပ်သမားစီစဉ်ပေးသည်။

09-450042704
09-250095116
09-420096296

**ROYAL STAR** (လုံခြုံရေးဘလိတ်ဓါးဆူးကြိုးလိပ်အရောင်းပြခန်း) များမှ

ခေတ်မီလုံခြုံရေးဘလိတ်ဓါးဆူးကြိုးလိပ်များကို (အရောက်ပို့၊ စရိတ်ငြိမ်း၊ နေ့ချင်းပြီး)

မြို့နယ်/နေရာဒေသမရွေးပစ္စည်းမှန်၊ ဈေးနှုန်းမှန်ဖြင့် အိမ်တိုင်ရာရောက် ဝါရင့်ဝန်ထမ်းများနှင့် တိုက်ရိုက် တာဝန်ယူ တပ်ဆင်ပေးနေပါသည်။




မှတ်ချက်- သံချေးတက်ဆူးကြိုးလိပ်များ (လုံး၀) မရောင်းပါ။ တပ်ဆင်ပြီးမှငွေရှင်းပေးနိုင်ပါသည်။

ရန်ကုန်:09-5054189,09-5063596 မန္တလေး:09-2039591,09-5094305 ပဲခူး:09-253000550 မော်လမြိုင်:09-454501133

ရုံးချုပ်-အမှတ်(၉၉၁)ကန်သာယာမှတ်တိုင်၊သုဓမ္မာလမ်းမ၊မြောက်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။



# ကြော်ငြာ

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစိုးတင့်
## အသက် (၆၄) နှစ်

Hitachi Soe Electric & Machinery Co.,Ltd (Chairman)၊ စိုးလှုပ်စစ်ဖောင်ဒေးရှင်းနှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၁) စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ(ဥက္ကဋ္ဌ) ဦးစိုးတင့်သည် ၁၆-၇-၂၀၁၇ (တနင်္ဂနွေနေ့) တွင် နေပြည်တော်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**သီရိပျံချီ ဦးခင်မောင်စိုး၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း)နှင့်ဇနီး**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစိုးတင့်
## အသက် (၆၄) နှစ်

Hitachi Soe Electric & Machinery Co., Ltd (Chairman)၊ စိုးလှုပ်စစ်ဖောင်ဒေးရှင်းနှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၁) စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ(ဥက္ကဋ္ဌ) ဦးစိုးတင့်သည် ၁၆-၇-၂၀၁၇ (တနင်္ဂနွေနေ့) တွင် နေပြည်တော်၌ ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်ခင်မောင်မြင့်(ငြိမ်း)-ဒေါ်ဝင်းဝင်းနုမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစိုးတင့် (၆၄)နှစ်

Hitachi Soe Electric & Machinery Co., Ltd (Chairman)၊ စိုးလှုပ်စစ်ဖောင်ဒေးရှင်းနှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၁) စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ(ဥက္ကဋ္ဌ) ဦးစိုးတင့်သည် ၁၆-၇-၂၀၁၇ (တနင်္ဂနွေနေ့) တွင် နေပြည်တော်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့်အရာထမ်း၊ အမှုထမ်းများ**
**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**

## ရဟန်းဒါယိကာမကြီး
## ဒေါ်ထွေးစိန်(ထားဝယ်) (၉၈)နှစ်

ထားဝယ်မြို့၊ ဒေါင်းငူရပ်၊ ညောင်ပင်ကြီးလမ်း၊ အမှတ်(၉၅)နေ (ဦးကြီး-ဒေါ်စိန်ကြည်)တို့၏သမီး၊ (ဦးထွန်းဖေ-ဒေါ်လွန်)တို့၏သမီးချွေးမ၊ [ဦးအောင်ကြီး (ကြေးမုံသတင်းစာကိုယ်စားလှယ်)]၏ဇနီး၊ ဒေါ်စန်းစန်းဝေ(တိုင်းစက်မှု-ငြိမ်း)၊ ဦးယုလွင် (အကောက်ခွန်-ငြိမ်း၊ Best House ညှော့ရိပ်မွန်)-ဒေါ်နုနုဝေ (အမှုဆောင်-ထားဝယ်အသင်း)တို့၏မွေးသမိခင်၊ မချိုးပြည့်စုံသော် (ခေတ္တ-ဂျပန်)၊ မပန်းအိအိသော် (Branded Collection)တို့၏ အဘွားသည် ၁၆-၇-၂၀၁၇ ရက် ညနေ ၃း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၁၇ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ဇဟာသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း အလှူ့ဒါယိကာမကြီး
## ဒေါ်တင်တင်ဝင်း(ခ)ဒေါ်အင်လန်(မြိတ်မြို့) (၈၂)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ အရှေ့အောင်မြေသာစည်အိမ်ရာ၊ တိုက်(၃)၊ အခန်း(၀၀၃)နေ (ဦးဘွန်ကျက်-ဒေါ်ကင်း၊ ဒေါ်ငုတ်)တို့၏ သမီး၊ (ဦးရွှေဘူး)၏ဇနီး၊ မထိုက်သဥ္ဇာဝင်း၊ မောင်ဖြိုးမင်းစိုး-မနွယ်နွယ်ဝင်း၊ Dr.ဖြိုးငွေစိုး၊ Dr.သန့်ဇင်အောင်၊ မောင်ကျော်နိုင်ဝင်း၊ မောင်လင်းပြည့်ထွန်း၊ မောင်ခိုင်လင်းဦး၊ မဖူးပွင့်ခိုင်၊ မခိုင်သဇင်စိုး၊ မမြတ်သီအောင်၊ မခိုင်ဇာလင်းတို့၏ အဘွား၊ မောင်သန့်ဇင်ကို၏ဘွားဘွားကြီး ဒေါ်တင်တင်ဝင်း(ခ)ဒေါ်အင်လန်သည် ၁၇-၇-၂၀၁၇ (တနင်္လာနေ့) နံနက် ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၇-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးစံထွန်းအောင်(ဘိုဖြူ) (၈၉)နှစ်
### ဦးစီးအရာရှိပထမတန်း(ငြိမ်း)၊ ရေ/သန့် ဦးစီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း

ရန်ကုန်မြို့၊ ဗဟိုလမ်း၊ စမ်းချောင်း(တောင်)ရပ်ကွက်နေ ဦးလှဖော်ဦး (ဘာဆာ)၊ ဒေါ်စံလှဖြူတို့၏သား၊ ဦးကွတ်တီး (စမ်းချောင်းရေယာဉ် ပန်ကာစက်ရုံ)-ဒေါ်အုန်းခင်တို့၏သားသမက်၊ ဒေါ်လှရီ(နယ်လီကွတ်တီး)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်နီနီအောင်(TTC-ကမာရွတ်)၊ ဦးလှမြင့်ဦး-ဒေါ်မော်မော်အောင်၊ MR. ITOYUTAKA-ဒေါ်စန္ဒာဝင့်ထွဏ်းတို့၏ ချစ်လှစွာသောဖခင်၊ မောင်ဖွဲ့မြင့်သူ(AIT-တတိယနှစ်)၊ မောင်ကောင်းစံလင်း(Grade-10-A, TTC, ကမာရွတ်)တို့၏ ချစ်လှစွာသောအဘိုးသည် ၁၆-၇-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၇-၂၀၁၇ ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း၊ ဓမ္မာရုံ၊ ရေတွင်း၊ ရေကန် ဒါယကာကြီး
## ဦးကျော်အုန်း (၇၅)နှစ်
### လက်ထောက်အထွေထွေမန်နေဂျာ(ပြည်တွင်း ရောင်း/စက်-ငြိမ်း)

အမရပူရမြို့၊ နန်းတော်ရာရပ်၊ နယ်မြေ(၅)နေ ဒေါ်ခင်ရွှေ၏ချစ်လှစွာသောခင်ပွန်း၊ ဦးမင်းမင်း-ဒေါ်မြတ်မြတ်မော်၊ ဦးမြတ်မင်းမောင်တို့၏ဖခင်၊ မောင်မြတ်မင်းခန့်၊ မောင်မင်းဟိန်းခန့်၊ မောင်ဟိန်းမင်းသန့်၊ မဇာခြည်ဝင်းတို့၏ အဘိုးသည် ၁၇-၇-၂၀၁၇(တနင်္လာနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၁၇(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်စန်းစန်းမြင့်(၄) (၅၆)နှစ်
### အထည်ချုပ်စက်ရုံအမှတ်(၁၇)

တောင်ဥက္ကလာပမြို့နယ်၊ (၇) ရပ်ကွက်၊ မင်းရဲကျော်စွာ (၆)လမ်း၊ အမှတ်(၁၆၂/က)နေ ဦးမြင့်သိန်း-ဒေါ်သန်းမြင့်တို့၏ သမီး၊ ဒေါ်သန်းသန်းဝင်း (ရွှေတီးကုမ္ပဏီလီမိတက်)၏ညီမ၊ ဦးသန်းဝင်း-ဒေါ်မြင့်မြင့်ကြည်၊ ဦးဝင်းမိုး (မြဝတီဘဏ်)-ဒေါ်ဥမ္မာ၊ ဦးထွန်းမိုး-ဒေါ်ချောစုယဉ် (အခွန်ဌာန-စည်ပင်)၊ ဦးငွေသိန်း-ဒေါ်သင်းသင်းမိုး၊ ဦးသန်းအောင်စိုး-ဒေါ်ဇင်မာသန့်တို့၏အစ်မ ဒေါ်စန်းစန်းမြင့်သည် ၁၆-၇-၂၀၁၇(တနင်္ဂနွေနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၇-၂၀၁၇(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၇-၂၀၁၇ (စနေနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ထွေး (၉၁)နှစ်
### ခင်ဝင်းကြည်စတိုး၊ ဗိုလ်ချုပ်ဈေး၊ ကျောက်ဖြူ မာန်အောင်မြို့

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၁၉၅)၊ ပထမထပ်၊ (၂၈)လမ်း၊ အထက်လမ်းနေ (ဦးဆိတ်ကောင်း-ဒေါ်အေးမြ)တို့၏သမီး၊ (ဦးငွေသင်-ဒေါ်မြသင်)တို့၏ သမီးချွေးမ၊ ဦးစံထွန်း၏ချစ်လှစွာသောဇနီး၊ ဦးထွန်းဝင်း-ဒေါ်အေးအေးမြတ်၊ ဒေါ်ခင်ဝင်းကြည်(ခ)ALice၊ (ဦးမြင့်ဦး)-ဒေါ်ခင်ဝင်းရီ၊ ဒေါ်ခင်နှင်းရီ၊ ဦးဝင်းနိုင်-ဒေါက်တာဒေါ်ခင်ခင်စိုး (GNC Myanmar Comp.,Ltd)၊ ဦးတင်မောင်ဝင်း-ဒေါ်ခင်ထွေးရီတို့၏ ချစ်လှစွာသောမွေးသမိခင်၊ မြေးကိုးယောက်၊ မြစ်ငါးယောက်တို့၏ချစ်လှစွာသောအဘွားသည် ၁၇-၇-၂၀၁၇ ရက် နံနက် ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၇-၂၀၁၇ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ကျင်မြ အသက်(၉၀)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဓမ္မဝိဟာရလမ်း၊ အမှတ်(၁၄)နေ (ဦးမောင်ကြင်)၏ဇနီး၊ ဦးစိုးအောင်-ဒေါ်သိန်းသိန်းကြည်၊ ဦးထွန်းအောင်-ဒေါ်စန်းစန်းရီ၊ (ဦးထွန်းဦး)-ဒေါ်ဝင်းဝင်းကြည်၊ ဒေါ်သန်းသန်းရီ-ဦးစန်းမောင်၊ ဒေါ်ဝေဝေရီ၊ ဒေါ်ဝါဝါရီ၊ ဒေါ်မြင့်မြင့်ထွန်း-ဦးခင်မောင်သန်း၊ ဒေါ်ခင်လေးဝင်း(ခ)ဒေါ်မြတ်မြတ်ထွန်း-ဦးမွန်စန်း၊ ဒေါ်စန္ဒာထွန်း-ဦးကျော်ကျော်၊ ဦးဇော်မင်းထွန်း-ဒေါ်သူဇာနွယ်တို့၏မိခင်၊ ဦးတင်ဇော်လတ်(ခ)နိုင်းနိုင်း(ရုပ်ရှင်သရုပ်ဆောင်)-ဒေါ်စန္ဒီချို၊ ဒေါ်မြဇာခြည်စိုး-ဦးသက်ထွန်းဦး၊ မမိုဇင်လတ်(ခ)ဖူးဖူး (ရုပ်ရှင်သရုပ်ဆောင်)၊ မောင်ချမ်းငြိမ်းစိုး(Model)၊ မောင်ကျော်ဇင်ဦး၊ မမိုကိုစန်းမောင်၊ မောင်အောင်မင်းခန့်(ရုပ်ရှင်သရုပ်ဆောင်)၊ မယုကိုစန်းမောင်၊ မောင်ကောင်းစည်သူ၊ မောင်အောင်ကိုစန်းမောင်၊ မယုမွန်ဦး၊ မောင်ညဏ်လင်းထွန်း၊ မသူသူသာ၊ မောင်သုခန့်အောင်၊ မရွှေလွန်းအိမ်၊ မရွှေရည်လင်းထွန်း(ခ)ရွှေဂိုးလ်၊ မောင်စစ်မာန်ဦးတို့၏အဘွား၊ မြစ်ခြောက်ယောက်တို့၏ဘွားဘွားကြီး ဒေါ်ကျင်မြသည် ၁၆-၇-၂၀၁၇ (တနင်္ဂနွေနေ့) ည ၁၁း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၇-၂၀၁၇ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ထားဝယ်အသင်း
## ဒေါ်ထွေးစိန်(ထားဝယ်)
## အသက်(၉၈)နှစ်

ထားဝယ်မြို့ဒေါင်းငူရပ်၊ ညောင်ပင်ကြီးလမ်း၊ အမှတ်(၉၅)နေ (ဦးကြီး-ဒေါ်စိန်ကြည်)တို့၏သမီး၊ ဦးယုလွင်-ဒေါ်နုနုဝေ (အမှုဆောင်ထားဝယ်အသင်း)တို့၏မိခင် ဒေါ်ထွေးစိန်သည် ၁၆-၇-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၁၇ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ဇဟာသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့၊ ထားဝယ်အသင်း

### မြိတ်မြို့နယ်အသင်း(ရန်ကုန်)
## ဒေါ်စောရီ(မြိတ်)
## အသက်(၈၇)နှစ်
### အသင်းဝင်အမှတ်(၂၂၁၅)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်စံပြရပ်ကွက်၊ ဘယသုဒ္ဓိလမ်း၊ အမှတ်(၇၅)နေ (ဦးဟုန်တင်)၏ဇနီးသည် ၁၄-၇-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၇-၂၀၁၇ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (မြိတ်အသင်းမှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးတင်စိုး အသက်(၇၀)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အင်္ဂပူလမ်း၊ အမှတ်(၁)နေ (ဦးမောင်ချစ်-ဒေါ်သိန်းဟန်)၊ ဒေါ်မြချစ်တို့၏ သား၊ (ဦးမောင်ကြွယ်-ဒေါ်ဆော့မေ)တို့၏ သားသမက်၊ ဦးမင်းသိန်း-ဒေါ်အေးအေးသင်း၊ ဦးအောင်လေး-ဒေါ်အေးအေးစိုး၊ ဦးမျိုးလေး-ဒေါ်လှဆန်းမော်၊ ဦးစန်းဝင်း-ဒေါ်ကလျာစိုး၊ ဒေါ်ချောစုထွေး၊ ဦးမင်းမင်းကျော်၊ ဒေါ်အေးနန္ဒာစိုးတို့၏ မွေးသဖခင် ကျေးဇူးရှင်၊ မြေးရှစ်ယောက်တို့၏ အဘိုး၊ ဒေါ်ဝင်းကြည်၏ ချစ်လှစွာသောခင်ပွန်း ဦးတင်စိုးသည် ၁၆-၇-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၁၇ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၇-၂၀၁၇ (စနေနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်စောရီ (၇၇)နှစ်
### (ရွှေခေါင်းလောင်းကဖီး)

အမှတ်(၈၃-၈၅)၊ အခန်း(၃)၊ လမ်း(၃၀)နေ (ဦးခင်မောင်)၏ဇနီး၊ ဦးမျိုးမြင့်၊ ဦးငွေထွန်း-ဒေါ်ကြည်ကြည်သန်း၊ ဦးလှထွန်း-ဒေါ်ခင်ဝင်း(USA)၊ ဦးကျော်ထွန်း-ဒေါ်ခင်ခင်ဝင်း၊ ဦးအောင်ကျော်-ဒေါ်ဝင်းရှိန်(USA)တို့၏ မွေးသမိခင်၊ မောင်ဘုန်းမြင့်ဇော်၊ မောင်သိန်းမြင့်ဇော်၊ မက္ကခြွေမျိုးမြင့်၊ မောင်လွင်မျိုး၊ (မအိမွန်မွန်ထွန်း)၊ မအေးငြိမ်းဦး၊ မလမင်းဝင်းပြည့် Sharon Maung (USA)၊ Ryan Chang (USA)၊ Austin Maung(USA)တို့၏အဘွားသည် ၁၆-၇-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၇း၂၀ ၏နာရီတွင် SAKUAR ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၉နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၇-၂၀၁၇ (စနေ နေ့) နံနက် ၈ နာရီတွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးသန်းဝင်း (၆၄)နှစ်
### ရေနံဓာတု(ငြိမ်း)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၃) ရပ်ကွက်၊ တော်ဝင်လမ်း၊ အမှတ် (၃၆၃/ခ)နေ (ဦးသိန်းထွန်း)-ဒေါ်ညွန့်သန်းတို့၏သား၊ (ဦးစိန်မောင်-ဒေါ်ကြည်ကြည်)တို့၏သားသမက်၊ ဒေါ်မြမြစိန်၏ခင်ပွန်း၊ ဒေါ်ခိုင်ယဉ်ဝင်း (United Amara Bank)၊ ဦးစည်သူကျော်-ဒေါ်ချိုလဲ့ဝင်း (ခေတ္တ-စင်ကာပူ)တို့၏မွေးသဖခင်ကျေးဇူးရှင်၊ မဆုရတီဝင်း(New Land)၏အဘိုးသည် ၁၅-၇-၂၀၁၇ ရက် ည ၁၁း၂၈ နာရီတွင် အောင်ရတနာဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၁၇ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၇-၂၀၁၇ (သောကြာနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဝင်းကြည် (၆၁)နှစ်
### (SAE) စည်ပင်၊ လမ်း/တံတား(ငြိမ်း)၊

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အောင်မြေလမ်း၊ အမှတ်(၂၅)နေ ဦးချစ်လှိုင်-ဒေါ်လှခင်တို့၏ သား၊ ဒေါ်ခင်ပြုံး၏ခင်ပွန်း၊ မောင်ရဲလင်းထိုက်၊ မောင်ထိန်လင်းအောင်တို့၏ မွေးသဖခင်၊ (ဦးမြင့်ဆွေ)-ဒေါ်သီသီညွန့်၊ (ဦးသန်းဦး)-ဒေါ်စီစီဝင်း၊ ဦးမျိုးဝင်း-ဒေါ်မြမြအေး၊ ဦးလှအောင်-ဒေါ်သီတာဝင်းတို့၏အစ်ကိုသည် ၁၆-၇-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၇-၂၀၁၇ (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၇-၂၀၁၇ (စနေနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# အနိစ္စ

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ဟန်ကြည်(ဇီးကုန်း)
## အသက်(၉၂)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ဇီးကုန်းမြို့နေ (ဦးမြစိန်-ဒေါ်သိန်း)တို့၏သမီး၊ အမှတ်(၉၈)၊ (၁၂၃)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးကိုကိုကြီး-ဒေါ်နှင်း)တို့၏ညီမ၊ (ဦးအုန်းလှ)-ဒေါ်နီနီစိန်တို့၏အစ်မ၊ ဦးအောင်ထွန်းဦး (ကျန်စစ်သားဖူဆယ်ဘောလုံးကွင်း၊ မန္တလေး) (လက်ထောက် ညွှန်ကြားရေးမှူးဟောင်း၊ အကောက်ခွန်ဦးစီးဌာန)၏ ကျေးဇူးရှင်မွေးသမိခင် ဒေါ်ဟန်ကြည်သည် ၁၇-၇-၂၀၁၇ရက် နံနက် ၇ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်)
### ရဟန်းဒါယိကာမကြီး
## ဒေါ်ကျင်မြိုင် (၈၆)နှစ်
### (ရာသက်ပန်အသင်းဝင်)

ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ ခြောက်ရွာတာကြီးတန်းနေ (ဦးမြသန်း)၏ဇနီး၊ (ဦးမြင့်စိုး)-ဒေါ်ကြည်ကြည်ဆွေ၊ ဦးအောင်လွင်-ဒေါ်စန်းစန်း၊ သာကေတမြို့နယ်၊ (၅)ရပ်ကွက်၊ သိင်္ဂီ(၁)လမ်းတောင်၊ အမှတ် (၂၂၉)နေ ဦးသိန်းညွန့်-ဒေါ်ခင်အုန်းရီတို့၏ ချစ်လှစွာသောမွေးသမိခင်၊ မြေးကိုးယောက်၊ မြစ်ခြောက်ယောက်တို့၏ ဘွားဘွားကြီးသည် ၁၆-၇-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၇-၂၀၁၇ (အင်္ဂါနေ့) ညနေ ၃နာရီတွင် ကျီစုအအေးတိုက်မှ ကျီစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(သာကေတမြို့နယ်နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၇-၂၀၁၇ (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီထိ အထက်ပါ သာကေတမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ရန် ဖိတ်ကြားအပ်ပါသည်။]

အမှုဆောင်အဖွဲ့

### တောင်တွင်းကြီးမြို့နယ်အသင်း(ရန်ကုန်)
## ဒေါ်ခင်ရီ
## အသက် (၇၅)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (ဂ) ရပ်ကွက်၊ လှည်းတန်း မင်္ဂလာလမ်း၊ အမှတ် (၂၅/၁-အေ)၊ မြေညီထပ်နေ ဦးမောင်မောင် (အသင်းအမှုဆောင်ဟောင်း)၏ဇနီး ဒေါ်ခင်ရီသည် ၁၆-၇-၂၀၁၇ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၇-၂၀၁၇ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသား/သူများ လိုက်ပါပို့ဆောင်ပါရန်။ (နေအိမ်မှကားများ နံနက်၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

## ဦးရန်အောင် (၄၅)နှစ်
### (Yan Aung Car Rental Service)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ (ဦးဘစိန်-ဒေါ်မြင့်မြင့်)တို့၏ မြေး၊ ဦးမြင့်စိုး- (ဒေါ်အေးအေး)တို့၏ သား၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းလမ်း၊ အမှတ် (၃၆)၊ ခုနစ်လွှာနေ (ဦးသိန်းနု)-ဒေါ်ဝင်းရွှေတို့၏ သားသမက်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းလမ်း၊ အမှတ်(၃၆)၊ ငါးလွှာနေ ဒေါ်မြင့်မြင့်သိန်း(ခ)မချို (Serge Pun & Associates Myanmar Ltd.)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဟန်သိန်း-ဒေါ်ရီရီအေး၊ ဒေါ်လေးလေးတို့၏အစ်ကို၊ ဒေါ်ပိုပို၏မောင်၊ မောင်အောင်ဘုန်းမြင့် (ဆဋ္ဌမတန်း-B၊ အထက-၄၊ အလုံ)၏ ချစ်လှစွာသောဖခင်၊ တူ/တူမ လေးယောက်တို့၏ ဦးလေးသည် ၁၇-၇-၂၀၁၇ရက် နံနက် ၈း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၁၇ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၇-၂၀၁၇ ရက် နံနက် ၇နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း အလှူ့ဒါယိကာမကြီး
## ဒေါ်တင်တင်ဝင်း(ခ)ဒေါ်အင်လန်(မြိတ်မြို့) (၈၂)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ အရှေ့အောင်မြေသာစည်အိမ်ရာ၊ တိုက်(၃)၊ အခန်း(၀၀၃)နေ (ဦးဘွန်ကျက်-ဒေါ်ကင်း၊ ဒေါ်ငုတ်)တို့၏ သမီး၊ (ဦးရွှေဘူး)၏ဇနီး၊ ဦးကျော်စိုး-ဒေါ်လှကြူ (ဒေါ်တင်တင်ကြူ)၊ မြိတ်မြို့နေ ဦးထိန်ဝင်း-ဒေါ်လှိုင်လှိုင်ကြူ၊ ဒေါ်စန်းစန်းကြူ၊ Dr.စိုးလွင်-ဒေါ်အေးအေးကြူ၊ ဒေါ်မြင့်မြင့်ကြူ၊ ဦးကျော်အောင်လင်း-ဒေါ်သီသီမွန်၊ ဦးမိုးအောင်လင်း-ဒေါ်နွယ်နွယ်ဦးတို့၏မွေးသမိခင်၊ မြေး ၁၁ ယောက်၊ မြစ်တစ်ယောက်တို့၏အဘွား ဒေါ်တင်တင်ဝင်း(ခ)ဒေါ်အင်လန်သည် ၁၇-၇-၂၀၁၇(တနင်္လာနေ့) နံနက် ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၇-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးလှတင် (၈၄)နှစ်

မွန်ပြည်နယ်၊ ပေါင်မြို့၊ အောက်လမ်းမကြီးနေ (ဦးရွှေကြူ-ဒေါ်အုန်း)၊ (ဦးစိန်ထွန်း-ဒေါ်အေးစင်)တို့၏ သား၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်(၆)ရပ်ကွက်၊ ကံကော်လမ်း၊ အမှတ်(၂၁၉)နေ ဒေါ်ရင်မြင့်၏ခင်ပွန်း၊ ဦးတင်ဦး-ဒေါ်အေးအေးသန်း၊ (ဦးမြင့်မောင်)-ဒေါ်ချိုချို၊ (ဦးမြင့်ဦး)-ဒေါ်ဖြူဖြူ၊ ဦးသန်းအောင်-ဒေါ်ငြိမ်းငြိမ်း၊ ဦးခင်မောင်စိုး-ဒေါ်စိမ့်စိမ့်မြိုင်၊ ဦးစံအောင်၊ ဦးဝေမောင်မောင်-ဒေါ်ဇာခြည်ဝင်းတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး ၁၃ယောက်၊ မြစ်နှစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၁၆-၇-၂၀၁၇ (တနင်္ဂနွေနေ့) ညနေ ၄း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၇-၂၀၁၇ (အင်္ဂါနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ ညနေ ၄း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်လှလှအုန်း (၈၁)နှစ်

မင်္ဂလာဒုံမြို့နယ်၊ ခရေပင်ရိပ်မွန်(၃)၊ ခြံအမှတ်(၁၉၀-စီ)နေ [ဒေါက်တာဦးအုန်း-ဒေါ်စိမ်းညွန့်(ခ)ဒေါ်ဂရေ့စီအုန်း]တို့၏တတိယသမီး၊ (ဒေါ်ရီရီအုန်း)၊ (ဒေါ်မြင့်မြင့်အုန်း)တို့၏ညီမ၊ ဒေါ်Mavis Wony၊ ဒေါ်ငွေငွေအုန်း-ဦးထွန်းရွှေ ဒေါ်ထွေးထွေးအုန်းတို့၏အစ်မ၊ ဦးထွန်းလှစိန်-ဒေါ်မူးမူစိန်၊ ဒေါ်မာလာစိန်၊ Oing,Teik Hong(Singapore) Denny Sein-Victor iacu-SA Sein၊ (ဦးကျော်လှစိန်)-ဒေါ်မေလားနီတို့၏ချစ်လှစွာသောမိခင်ကြီး၊ မောင်ချစ်ဦးစိန်၊ မောင်ချစ်ထူးစိန်၊ မောင်ချစ်ထွန်းစိန်၊ Joseph any Jossiah ong Lovely ong၊ Elijah၊ Esperance၊ Elizabeth၊ Emily၊ Pinky Kyaw တို့၏ ချစ်လှစွာသောအဘွား ဒေါ်လှလှအုန်း(ခ) Rence Ohnသည် ၁၆-၇-၂၀၁၇ရက် ညနေ ၄း၅၀ နာရီတွင် ပင်လုံဆေးရုံ၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၇-၇-၂၀၁၇ ရက်တွင် အမှတ်(၆၈)၊ ဦးဝိစာရလမ်းရှိ သတ္တမနေ့ ဥပုဒ်အသင်းတော်၌ ဝတ်ပြုပြီး ခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်ဆွေ သင်္ဂဟများအား အကြောင်းကြားအသိပေးအပ်ပါသည်။

အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်ဆွေသင်္ဂဟများနှင့် အသင်းသား၊ အသင်းသူ၊ ဆရာသမားများအားလည်းကောင်း၊ ပင်လုံဆေးရုံကြီးမှ အထွေထွေရောဂါကုသမားတော်ကြီး ဒေါက်တာဒေါ်ခင်ဝင်းဦးနှင့် တာဝန်ကျဆရာဝန်/ဆရာမများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

### ခရစ်တော်၌ အိပ်ပျော်ခြင်း
## MATILDA SEIN(ခ)ဒေါ်ငွေငွေ (၇၈)နှစ်
### ပုသိမ် စိန့်ဂျိုးဇက် ကွန်ဗင့်ကျောင်းသူဟောင်း
### B.A, B,Ed အထက်တန်းပြဆရာမ(ငြိမ်း)
### အထက-၃၊ အထက(၆)၊ ပုသိမ်

ပုသိမ်မြို့နေ (ဦးကျန်စိန်-ဒေါ်ချစ်လေး)တို့၏ သမီးထွေး၊ (ဦးမန်းဘီစိန်)-ဒေါ်ခင်ကြည်၊ (ဦးသာနီ-ဒေါ်ဂျေနိုဗီစိန်)တို့၏ ညီမ၊ (ဦးကာဆိုင်)၏ ဇနီး၊ Dr.စတီဗင်-Dr.သိင်္ဂီဆိုင်၊ ဒေါ်စန္ဒာဆိုင် (FAO)၊ ဦးမောင်ဟိန်း(Myanmar Paper & Stationery Mart Ltd.)-ဒေါ်ကေသီဆိုင် (IOM)၊ ဒေါ်ရတနာဆိုင်၊ ဦးကျော်ဇင်လင်းဆိုင် (IFDC)-Dr.ခင်သီတာလင်း (International HIV/AIDS Alliance)၊ Capt.ထိန်လင်းအောင် (Master Mariner)-Dr.ကျော့ကျော့ဆိုင်တို့၏ ချစ်လှစွာသောမွေးသမိခင်၊ မောင် Simon မင်းဆိုင်၊ မသီရိလင်းဆိုင်တို့၏ ချစ်လှစွာသောအဘွားသည် ၁၇-၇-၂၀၁၇ (တနင်္လာနေ့) နံနက် ၂း၁၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၉-၇-၂၀၁၇(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ပုသိမ်မြို့စိန့်ပီတယ် ကက်သီဒရယ်၌ ဝတ်ပြုဆုတောင်းပြီး သဲနီကုန်းကက်သလစ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး၊ တပည့်များနှင့် မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးစံသင်းလှ (၆၉)နှစ်
### လ/ထ ကထိက(ငြိမ်း)၊ သတ္တဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်

ရန်ကုန်မြို့၊ အမှတ်(၁၇)၊ ဗိုလ်သူရလမ်း၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗဟန်းမြို့နယ်နေ (ဦးလှ-ဒေါ်သန်းကြည်)တို့၏ သား၊ ရန်ကုန်မြို့၊ အမှတ်(၄၂)၊ (D/1)၊ စိမ်းလဲ့ရိပ်သာတက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်နေ ဒေါ်ခင်ရီ၏ခင်ပွန်း၊ ကိုအောင်သီဟ-မအေးအေးမြင့်၊ ဗိုလ်ကြီးအောင်မျိုးသူ (ရောဂါဗေဒဌာနမှူး၊ ၆/၁၀၀ ဆေးရုံပြည်မြို့)-မလှမျိုးသဥ္ဇာနွယ်၊ ကိုရဲသီဟ-မလဲ့လဲ့မျိုးမော်၊ ကိုစိုးသီဟတို့၏ ဖခင်ကြီး၊ မောင်လင်းဘုန်းပြည့်၊ မခင်ဘုန်းပြည့်၊ မရွှေဝတ်မှုန်ဦး၊ မသွန်းဘရဏီနွယ်တို့၏ ဘိုးဘိုးကြီးသည် ၁၇-၇-၂၀၁၇ (တနင်္လာနေ့) ညနေ ၄း၄၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၁၇ ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပါမည်။ (တက္ကသိုလ်ရိပ်သာလမ်းသစ်နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၇-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ ဗိုလ်သူရလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးရှင်းဝါ(ခ)ကိုအာလူး(ထားဝယ်)
## အသက် (၆၅)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅) ရပ်ကွက်၊ ယိုးဒယားလမ်း၊ အမှတ် (၅/အေ) နေ (ဦးတော်လိုက်-ဒေါ်စိန်) တို့၏သားထွေး၊ ဒေါ်စောခင်၏ခင်ပွန်း၊ ကိုလှမောင်-ဒေါ်ခင်ရီ၊ ကိုဝင်းမောင်-ဒေါ်ခင်၊ (ကိုကျော်လွင်)-ဒေါ်ရှုလင်၊ ကိုမြင့်သိန်း-ဒေါ်ဆူချိန် လွင်တို့၏ ညီ/မောင်၊ (ဒေါ်ရှုပို)၊ ကိုဝင်းကို-မရှုရီတို့၏ အစ်ကို၊ မောင်အောင်ကိုကို၊ မဆုပြည့်ဖြိုးဝေ၊ မနန္ဒာသက်ဝေတို့၏ ချစ်လှစွာသောဖခင်ကြီးသည် ၁၇-၇-၂၀၁၇(တနင်္လာနေ့) နံနက် ၃နာရီတွင် ဗဟိုစည်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၇-၂၀၁၇ (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ် အားကောင်းလာနိုင်

**နေပြည်တော် ဇူလိုင် ၁၇**

ယနေ့မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေနှင့် ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတို့တွင် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း မုန်တိုင်းငယ်အဖြစ်သို့ အားကောင်းလာနိုင်သည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(ကြေးမုံ)**

## အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်

**နေပြည်တော် ဇူလိုင် ၁၇**

မြန်မာစံတော်ချိန် ည ၇ နာရီ ၅၂ မိနစ် ၅၉ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၃၃၈မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ရခိုင်ပြည်နယ် ကျောက်တော်မြို့၏ အရှေ့-အရှေ့မြောက်ဘက် ၁၇ မိုင်ခန့်အကွာ) ကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၄ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင် တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ **(ကြေးမုံ)**



# အာဇာနည်ဗိမာန်ပန်းခြံအတွင်း ထူးခြားဆန်းသစ်မှုများဖြင့် ပြင်ဆင်ထားရှိ

**ရန်ကုန် ဇူလိုင် ၁၇**

၂၀၁၇ ခုနှစ် နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနားကျင်းပမည့် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အာဇာနည်ပန်းခြံအတွင်း ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကြီးမားသော ဂုဏ်ကျေးဇူးများကို အစဉ်သတိတရအောက်မေ့မဆုံးရှိစေရန်တို့ကို ဗိသုကာပညာရှင် ဆရာဦးမော်လင်း၏ ထူးခြားစွာသရုပ်ဖော်ထားသည့်သမိုင်းရာဇဝင် GRAPHIC ပုံရိပ်ပြသမှုများကို ရဟန်းရှင်လူပြည်သူများ အေးချမ်းလုံခြုံစွာ ကြည့်ရှုလေ့လာနိုင်ရန်အတွက် ယခုနှစ်တွင် အသွင်ဆန်းသစ်မှုများဖြင့် မွမ်းမံပြင်ဆင်ထားကြောင်း အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီအဖွဲ့ဝင် အင်ဂျင်နီယာဌာန(အဆောက်အအုံ)ဌာနခွဲမှူး ဦးစောနိုင်၏ပြောပြချက်အရ သိရသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ☆**

# မြန်မာအမျိုးသမီး ဖူဆယ်အသင်း ထိုင်းနိုင်ငံ၌ သွားရောက်လေ့ကျင့်မည်



မြန်မာအမျိုးသမီးဖူဆယ်အသင်းမှ ကစားသမားတစ်ဦး လေ့ကျင့်မှုပြုလုပ်နေစဉ်။

**ရန်ကုန် ဇူလိုင် ၁၇**

မြန်မာ့လက်ရွေးစင် အမျိုးသမီး ဖူဆယ်အသင်းသည် ဆီးဂိမ်းပြိုင်ပွဲအကြိုပြင်ဆင်မှုအဖြစ် ထိုင်းနိုင်ငံ၌ သွားရောက် လေ့ကျင့်မည်ဖြစ်ပြီး ဇူလိုင် ၁၇ ရက်မှ ၂၆ ရက်အထိ ခြေစမ်းပွဲ လေးပွဲယှဉ်ပြိုင် ကစားမည်ဖြစ်သည်။ မြန်မာအမျိုးသမီး ဖူဆယ်အသင်းသည် ထိုင်းနိုင်ငံ၌ လေ့ကျင့်ရန် ဇူလိုင် ၁၇ ရက်တွင် ရန်ကုန်မြို့မှ ထွက်ခွာသွားပြီဖြစ်သည်။

မြန်မာအမျိုးသမီး ဖူဆယ်အသင်းသည် မေလကတည်းက စခန်းဝင်လေ့ကျင့်မှုများပြုလုပ်ခဲ့ပြီး ပြိုင်ပွဲအကြို အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်ရန် ထိုင်းနိုင်ငံသို့ သွားရောက်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင်

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ○**

# YBS ၈၇ ယာဉ်လိုင်း၌ ဘတ်စ်ကားသစ်များဖြင့် ဇူလိုင် ၁၈ ရက် စတင်ပြေးဆွဲမည်

**ရန်ကုန် ဇူလိုင် ၁၇**

YBS ၈၇ ယာဉ်လိုင်းသည် ဆူးလေ-ဒဂုံတက္ကသိုလ်လမ်းကြောင်းတွင် စတင်ပြေးဆွဲမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ပြောသည်။

အစိုးရချင်း ချိတ်ဆက်မှုဖြင့် ဝယ်ယူထားသော ဘတ်စ်ကားသစ် အစီး ၁၀၀၀ ကို YBPC ကုမ္ပဏီနှင့် YUPT ကုမ္ပဏီတို့၏ လက်အောက်ရှိ ယာဉ်လိုင်းများတွင် ဝင်ရောက်ပြေးဆွဲစေမည်ဖြစ်ပြီး ဇူလိုင် ၁၈ ရက်မှ စတင်ကာ ယာဉ်လိုင်းအမှတ်(၈၇) စတင်ပြေးဆွဲသွားမည်ဖြစ်ကြောင်း ၎င်းက ဇူလိုင် ၁၇ ရက်က ပြောကြားသည်။

" Yutong ကားသစ်တွေနဲ့ ဆူးလေ-ဒဂုံတက္ကသိုလ်လမ်းကြောင်းမှာ စတင်ပြေးဆွဲမယ်။ အဲဒီဘက်မှာ ကားသစ်တွေလည်း မရှိဘူးဆိုတော့ ယာဉ်အစီးရေ ၆၀ နဲ့ ပြေးဆွဲပေးသွားပါမယ်။ ကျန်တဲ့ လိုင်းတွေမှာလည်း ပြေးဆွဲဖို့အတွက်ကို နံပါတ်တွေတပ်နေပါပြီ"ဟု ဒေါက်တာမောင်အောင်က ပြောသည်။

**စာမျက်နှာ ၉ ကော်လံ ၅ သို့ ❖**

GREEN. GRAND. CARE FOR THE PEOPLE

GRAND HANTHA INTERNATIONAL HOSPITAL

ဂရန်း(ဒ်)ဟံသာအင်တာနေရှင်နယ်ဆေးရုံကြီး

အမှတ် (၃)၊ နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ဆက်သွယ်ရန် - ၀၁ ၅၂၃၀၀၀၊ ၀၁ ၅၂၃၁၁၁၊ ၀၁ ၅၂၃၂၂၂၊ ၀၉ ၅၀၂၂၈၂၊ ၀၉ ၅၀၂၂၈၃၊ ၀၉ ၅၀၂၂၈၄

၂၄နာရီ အချိန်ပြည့် ကျန်းမာရေးဝန်ဆောင်မှုပေးနေပါသည်။



